www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းကြွယ်

# အာမုန်းနွယ်ယှက်အာရုံပြမ်မဲ့

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၈၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၃၂၁၀၀၇
၂၀၀၇ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

# ညှို့သည်

ကျောက်စီစားဂိုဏ်း ...။

ကျောက်စီစားဂိုဏ်းသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂိုဏ်းတစ်ခုဖြစ်သည်။

ကျောက်စီစားဂိုဏ်းချုပ်မှာ ကျောက်စီစား ကုန်းမုဖြစ်သည်။

ကုန်းမုသည် ကျောက်စီစားဂိုဏ်း၌ ဂိုဏ်းချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ကျောက်စီစားဂိုဏ်းသည် နယ်ကြီး ခြောက်နယ်၊ ဂိုဏ်းကြီး ခြောက်ဂိုဏ်းတွင် အထင်ရှားဆုံးဖြစ်သည်။

ချန်စန်းမြို့နှင့် ဆယ်မိုင်အကွာတွင် ရဲတိုက်ကြီးတစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရဲတိုက်ကြီးသည် ကျောက်စီမားဂိုဏ်း စတင်တည်ထောင်ရာ အရပ်ဒေသဖြစ်သကဲ့သို့ ယခုအထိလည်း ကျောက်စီမား ဌာနချုပ်ဖြစ်နေသေး၏။

နံနက်ခင်းနေရောင်ခြည်က နွေးနွေးထွေးထွေး ရှိနေပါသည်။

ကျောက်စီမားဂိုဏ်းသို့သွားရာ မြေနီလမ်းပေါ်သို့ နေရောင်ထိုးကျနေသည်။

အေးမြသော လေပြည်လေညှင်းများလည်း တိုက်ခတ်နေသည်။

ကျေးငှက်သာရကာများက ဘာသာဘာဝတေးကို သီကြွေးနေကြသည်။

ထိုအချိန်တွင် အဝေးဆီမှ ဖုန်လုံးကြီးများထွက်ပေါ်လာသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ယင်းဖုန်လုံးကြီးများကြားမှ မြင်းစီးသမားတစ်ယောက် ဒုန်းစိုင်းနှင်လာနေသည်ကို တွေ့မြင်နိုင်သည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းခွာသံများကလည်း တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။



မြင်းစီးသမားသည် မြေနီလမ်းအတိုင်း ဒုန်းစိုင်းနှင်လာပြီး ကျောက်စီမားဂိုဏ်း ရဲတိုက်ကြီးရှေ့၌ ရပ်တန့်သွားသည်။

အသက်ငါးဆယ်ခန့်ရှိ အဝါရောင်ပိုးထည်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် မြင်းပေါ်မှခုန်ဆင်းလိုက်လေသည်။

ဝတ်စုံဝါနှင့် အဘိုးအိုမှာ ပိန်ပိန်သွယ်သွယ် ဖြစ်ပြီး အသက်အရွယ်နှင့်မလိုက်အောင် လွန်စွာမှပင် ပေါ့ပါးဖျတ်လတ်နေသည်။

ဥပတိရုပ် တည်ကြည်ခံ့ညားလှသည်။

လူကုံထံ အထက်တန်းလွှာအသိုင်းအဝိုင်းမှဖြစ်ကြောင်း ပေါ်လွင်နေသည်။

ပေါ့ပါးသွက်လက်လှသော သူ၏လှုပ်ရှားမှုကြောင့် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

ရဲတိုက်တံခါးရှေ့သို့ လူငယ်တစ်ယောက် ထွက်လာ၏။

ဝတ်စုံဝါအဘိုးအိုအား ဦးညွှတ်လိုက်သည်။

"ကျောက်စီမားဂိုဏ်းက ကြိုဆိုပါတယ် ခင်ဗျာ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်လာရတယ်ဆိုတာ သိပါရစေဗျာ"

အဘိုးအိုက လူငယ်ကို တစ်ချက်ကြည့်သည်။

တစ်ဖန် ခန်းနားထည်ဝါလှသည့် ကျောက်စီမားဂိုဏ်း ရဲတိုက်ကြီးကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ...

"မင်းတို့ဂိုဏ်းချုပ်ကြီးနဲ့တွေ့ဖို့ လာခဲ့တာ"

ဟု ပြောလေသည်။

ကြိုဆိုသူ လူငယ်က ...

"ဟုတ်ကဲ့ ... ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်လိုအကြောင်း ကိစ္စနဲ့ ရောက်လာရတယ်ဆိုတာကိုလည်း အမိန့်ရှိပါဦးခင်ဗျာ"

အဘိုးအိုက ပြုံးလိုက်သည်။

"ကျုပ်က မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ဆီကို အလည် အပတ်လာခဲ့တာပါလေ"

"ဟုတ်ကဲ့ ... ဦးဟာ ဂိုဏ်းချုပ်ကြီးနဲ့ မိတ်ဆွေဆိုတာ သိရလို့ ဝမ်းသာပါတယ်ခင်ဗျာ"

"အေး ... မိတ်ဆွေဟောင်းကြီး 'လွှေရှမ်း'ရောက်လာတယ် လို့သာ မင်းတို့ဂိုဏ်းချုပ်ကြီးဆီကို သတင်းပို့လိုက်ပါ"

"ကောင်းပါပြီခင်ဗျာ"

လူငယ်က ဦးညွှတ်လိုက်ပြီး ရဲတိုက်ထဲသို့ အလျင်အမြန် ပြေးဝင်သွားလေသည်။

လွှေရှမ်းဆိုသည့်အဘိုးအို ကြာကြာမစောင့်လိုက်ရပါ။ ခရီးဦး



ကြိုပြုသည့် လူငယ်သည် လူလတ်ပိုင်းတစ်ယောက်နှင့်အတူ ပြန်ထွက် လာလေသည်။

ပါလာသော လူလတ်ပိုင်းက လွှေရှမ်းကို ရိုသေလေးစားစွာ ဂါရဝပြုလိုက်သည်။

"ဆရာကြီးလွှေရှမ်းကို ဖိတ်ခေါ်ခဲ့ဖို့ ဂိုဏ်းချုပ်ကြီးက အမိန့်ရှိ လိုက်ပါတယ်ခင်ဗျာ"

လွှေရှမ်းက သဘောကျစွာ ပြုံးလိုက်လေသည်။

"သူက ကျုပ်ကို မမေ့သေးဘဲကိုး၊ ကောင်းတယ် ... ကောင်း တယ်"

ဖိတ်ခေါ်လာသည့် လူလတ်ပိုင်းလူရွယ်အား အကဲခတ်ကြည့် လိုက်သည်။

ထိုလူရွယ်သည် အသက်အရွယ်နှင့် မလိုက်အောင် တည်ငြိမ် ရင့်ကျက်ပြီး အရိပ်သုံးပါးနားလည်သူဖြစ်ကြောင်း ပေါ်လွင်နေသည်။

လွှေရှမ်းက ...

"မင်းက ဂိုဏ်းချုပ်ကြီးကုန်းမှုရဲ့ ညာလက်ရုံးအားသမား လူယုံ မဟုတ်လား"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ ထပ်မံ ဦးညွှတ်လိုက်ပြန်လေသည်။

“ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ဂိုဏ်းချုပ်ကြီးကုန်းမုရဲ့ ညာလက်ရုံးစားသမား လုဖိန်ပါ၊ ကဲ … အထဲကိုကြွပါခင်ဗျာ”

စကားဆုံးလျှင် အဘိုးအိုလွှေရှမ်း ရဲတိုက်ထဲသို့ဝင်နိုင်ရန် ကိုယ်ကိုယ်တိုင်က လမ်းဖယ်ပေးလိုက်လေသည်။

အဘိုးအိုလွှေရှမ်း တစ်ချက်ရယ်မောပြီး ရဲတိုက်ထဲသို့ လှမ်းဝင်လိုက်လေသည်။

ရဲတိုက်၏ ပင်မတံခါးကြီးကို ဖြတ်ကျော်လိုက်သည်နှင့် ကျောက်ပြားခင်းထားသည့် ကွက်လပ်ကြီးသို့ ရောက်သွား၏။

အဘိုးအို လွှေရှမ်းသည် ထိုကျောက်ပြားခင်းထားသော ကွက်လပ်ကိုဖြတ်ကာ ဧည့်ခန်းဆောင်ဆီသို့ ဦးတည်လှမ်းသွားလိုက်သည်။

စားသမားလုဖိန်က ဧည့်ကိုလူငယ်အား လွှေရှမ်း၏မြင်းကို ယူလာဖို့ အမိန့်ပေးကာ လွှေရှမ်း နောက်သို့ လိုက်သွားလေတော့သည်။

* * *



ကျောက်စီစားဂိုဏ်း၏ ဧည့်ခန်းဆောင်ရှေ့၌ လူတစ်ယောက် ရှိနေသည်။

မုတ်ဆိတ်ဖြူများ ရှိပြီး မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။

ထိုအဘိုးအိုကား သိုင်းလောက၌ ထင်ရှားသော ကျောက်စီစားဂိုဏ်းချုပ် ကုန်းမုဖြစ်လေသည်။

ဂိုဏ်းချုပ်ကုန်းမုက လွှေရှမ်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ခရီးဦးကြို ပြုလိုက်လေသည်။

“မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ် ညီမောင်၊ ညီမောင်ကို ဘယ်သူကများ သည်နေရာအထိ အရောက်ပို့ပေးလိုက်တာလဲ၊ ကဲ … ကဲ … ဧည့်ခန်းဆောင်ထဲ ကြွပါဦး”

လွှေရှမ်းက ပြန်လည် ဦးညွှတ်လိုက်လေသည်။

“မတွေ့ရတာ အတော်တောင်ကြာသွားပြီနော်၊ နောင်ကြီးကုန်းမုက အရင်အတိုင်း နုပျိုနေတုန်းပါပဲ၊ ကျုပ် အခုလိုရောက်လာတာကြောင့် နောင်ကြီးအတွက် အနှောင့်အယှက်ဖြစ်မလားလို့ စိုးရိမ်မိသေးတယ်”

ကုန်းမုက ခေါင်းခါယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက် မဖြစ်ပါဘူး၊ ခုလို မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်ပြီးဆုံတွေ့ရတာ ဝမ်းတောင်သာမိပါသေးတယ်၊ ဟဲ ... ဟဲ"

လွှရှမ်းကလည်း ရယ်မောလိုက်လေသည်။

ထို့နောက် ...

နှစ်ယောက်သား ဧည့်ခန်းဆောင်ထဲ ဝင်သွားကြလေသည်။

ကုန်းမုက နေရာထိုင်ခင်းပေးလိုက်လေသည်။

"ကဲ ... ထိုင်ပါဦး"

ထိုစဉ် ...

ကျောက်စီဓားဂိုဏ်းမှ အိမ်ဖော်များသည် ရေနွေးကြမ်းနှင့် စားသောက်ဖွယ်ရာများ ယူလာကြလေသည်။

ကုန်းမုက ဧည့်ခံလိုက်သည်။

"ညီမောင် ခရီးပမ်းလာမှာပေါ့၊ အေးအေးဆေးဆေး အနားယူ စားသောက်လိုက်ပါဦး"

"ကျေးဇူးပါပဲဗျာ"

လွှရှမ်းက ရေနွေးကြမ်းနှင့်မုန့်များကို စားသောက်လိုက်သည်။



ပြီးမှ ...

"ကျောက်စီဓားဂိုဏ်းဟာ နောင်ကြီးရဲ့ စီမံအုပ်ချုပ်မှုအောက်မှာ သိုင်းလောကတစ်ခုလုံး လေးစားလာရအောင် တိုးတက်လာတာ ချီးကျူးပါတယ်ဗျာ"

ဟု ချီးမွမ်းစကား ပြောလိုက်လေသည်။

ကုန်းမုက ...

"ကျုပ်ကိုချည်းပဲ ချီးကျူးမနေနဲ့ဦး၊ ငါ့ညီကကော နဂါးဂိုဏ်းသို့ဝင်ပြီး ဂိုဏ်းခွဲမှူးအဆင့် ရခဲ့တယ်လို့သတင်းကြားတယ်၊ ချီးကျူးပါတယ်"

လွှရှမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

"ကျုပ်တို့နှစ်ယောက် မတွေ့ကြတာ အတော်ကြာပေမယ့် နောင်ကြီးက ကျုပ်အကြောင်း သတင်းကြားထားတာကိုး"

ကုန်းမုက ...

"နဂါးဂိုဏ်းအကြောင်း လူတိုင်းပြောနေကြတာပဲ၊ ဒါကြောင့် ကျုပ်လည်း သတင်းကြားမိတာပေါ့လေ"

လွှရှမ်း၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ဟုတ်ပါတယ်ဗျာ၊ နဂါးဂိုဏ်းဟာ အတော်ကို ထင်ရှားကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြားလာပါတယ်၊ ကျုပ်ကိုယ်တိုင်လည်း နဂါးဂိုဏ်းချုပ်ကြီးရဲ့ ဖိတ်ခေါ်မှုကြောင့် ဝင်ရောက်ခဲ့တာပါပဲ၊ နဂါးဂိုဏ်းချုပ်ကြီးက ကျုပ်ကို ဂိုဏ်းခွဲမှူးအဆင့် ချီးမြှင့်ခဲ့တယ်ဆိုတာလည်း အမှန်ပါပဲ"

ကုန်းမှလည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်သည်။

သူ၏မျက်နှာလည်း တည်ကြည်လေးနက်နေပြီ ဖြစ်ပါသည်။

လွှေရှမ်းကို အကဲခတ်လိုက်လေသည်။

"ဒါထက် ညီမောင်ဟာ သိုင်းလောကထဲမှာ တစ်ကိုယ်တော် ကျင်လည်ကျက်စားခဲ့တာ နှစ်ပေါင်းအတော်ကြာနေပါပြီ၊ တစ်ယောက်တည်းနေရတာ ပျင်းရိငြီးငွေ့လို့ နဂါးဂိုဏ်းထဲကို ဝင်လိုက်တာလား၊ ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခု ရှိနေလို့လား"

ယခုတစ်ကြိမ် ...

လွှေရှမ်းသည် ရုတ်တရက် အဖြေမပေးချေ။

တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေပုံရသည်။

ကုန်းမှကလည်း လွှေရှမ်းရောက်လာသည်မှာ အကြောင်းရှိရမည်ဟုရိပ်မိကာ သွေးတိုးစမ်း၍ မေးမြန်းလိုက်ခြင်းပင် ဖြစ်လေသည်။

လွှေရှမ်းက သက်ပြင်းချလိုက်သည်။



"အင်း ... အခြားအကြောင်းတစ်ခုခုရှိနေလို့ ဆိုပါတော့ဗျာ" ဟု ပြောလေသည်။

ကုန်းမှ စိတ်ဝင်စားသွားလေသည်။

"အခြားအကြောင်း ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဘယ်လိုအကြောင်းများလဲ ဆိုတာကို ကျုပ်ကော မသိရဘူးလား"

"နောင်ကြီးက ..."

"ညီမောင် နဂါးဂိုဏ်းထဲဝင်သွားတာ စိတ်ဝင်စားစရာကောင်းဘဲကိစ္စလို့ ကျုပ် ထင်မိတယ်၊ ဒါကြောင့် ခုလိုမေးနေရတာပါ"

ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။

လွှေရှမ်း ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ကျုပ် ပြောပါ့မယ်"

သူက ချောင်းတစ်ချက်ဟန့်ပြီး စကားဆက်လိုက်သည်။

"မကြာသေးခင်ကမှ ထူထောင်လိုက်တဲ့ 'မဟာမိုးမြေ'ဂိုဏ်းဆိုတာ နောင်ကြီး ကြားမိမယ် ထင်ပါတယ်"

ကုန်းမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟာမိုးမြေဂိုဏ်းနဲ့ပတ်သက်ပြီး၊ သိုင်းလောကတစ်ခုလုံး စိတ်ဝင်စားနေကြတာပါပဲလေ"

သူ၏မျက်နှာ ပို၍ တည်ကြည်လေးနက်လာလေသည်။

"မဟာမိုးမြေဂိုဏ်း သိုင်းလောကမှာပေါ်ပေါက်လာတာ မကြာသေးပါဘူး၊ ဒါပေမယ့် သိုင်းလောကမှာရှိတဲ့ အဆင့်မြင့်သိုင်းသမားတွေကို လိုက်လံစည်းရုံးသိမ်းသွင်းနေတယ်လို့ သိရတယ်"

လွှေရှမ်း ရယ်မောလိုက်လေသည်။

"နောင်ကြီးက သည်အကြောင်းတွေကိုလည်း သိထားတာကိုး ..."

"ငါ့ညီက ..."

"ကျုပ် သည်နေရာကိုရောက်လာတာဟာ မဟာမိုးမြေဂိုဏ်းက အဆင့်မြင့်သိုင်းသမားတွေကို လိုက်လံစည်းရုံးသိမ်းသွင်းနေတဲ့ ကိစ္စနဲ့ပတ်သက်နေပါတယ်ဗျာ"

"ဩော် ..."

ကုန်းမုသည် လွှေရှမ်း၏လာရင်းကိစ္စကို နားလည်သဘောပေါက်သွားပြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

လွှေရှမ်းကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောနေသည်။



"မဟာမိုးမြေဂိုဏ်းဟာ အခုဆိုရင် အတော်ကိုခရီးရောက်နေပါပြီ၊ သူတို့ရဲ့လုပ်ရပ်ကြောင့် သိုင်းလောကအတွက် အန္တရာယ်ဆိုးကြီး မကြာခင် ပေါ်ပေါက်လာတော့မှာ သေချာပါတယ်"

ကုန်းမုက မျက်မှောင်ကြုတ်သွားလေသည်။

လွှေရှမ်းပြောသည့် စကားများမှာ စဉ်းစားစရာများချည်း ဖြစ်နေသည်။

လွှေရှမ်းသည် သိုင်းလောက၌ နှစ်ပေါင်းများစွာ တစ်ကိုယ်တော် ကျင်လည်ကျက်စားခဲ့သူဖြစ်သည်။

ယခုတစ်ဖန် ...

လွှေရှမ်းသည် နဂါးဂိုဏ်းထဲသို့ ဝင်ရောက်ကာ ဂိုဏ်းခွဲမှူးတာဝန် ထမ်းဆောင်နေသည်။

ကျောက်စီဓားဂိုဏ်းသို့ ရောက်ရှိလာပြီး 'မဟာမိုးမြေ'ဂိုဏ်း အကြောင်း ပြောနေသည်။

လွှေရှမ်းတွင် ထူးခြားမှုတစ်ခုခုရှိရမည်ဟု နားလည်လာသည်။

ထို့ကြောင့် ...

"ဆက်ပြောပါဦး ညီမောင်"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှေရှမ်းက ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲ့သောက်လိုက်ပြီးမှ စကားဆက်လေသည်။

"သိုင်းလောကတစ်ခုလုံး အန္တရာယ်ဆိုး မကြုံရလေအောင် ရှိသမျှဂိုဏ်းတွေစုပေါင်းပြီး ကြိုတင်ကာကွယ်မှု ပြုလုပ်ရမယ့် အခြေအနေရောက်နေပါပြီ"

ကုန်းမှ ခေါင်းညိတ်လိုက်လေသည်။

လွှေရှမ်းက ...

"လက်ရှိအခြေအနေမှာတော့ မဟာမိုးမြေဂိုဏ်းရဲ့အန္တရာယ်ကို ကာကွယ်နိုင်အောင် ဂိုဏ်းချုပ်ကြီးဖုံးယီက အဆင့်မြင့်ဂိုဏ်းအတော်များများကို စည်းရုံးသိမ်းသွင်းထားပြီးပါပြီ"

"ဩော် ..."

"နဂါးဂိုဏ်းချုပ်ကြီးဖုံးယီဟာ အရေးအကြောင်းပေါ်လာတဲ့အချိန်မှာ သိုင်းလောကတာဝန်ကို နေ့မအိပ်ညမအိပ် ထမ်းဆောင်ရင်း နေထိုင်မကောင်းဖြစ်ခဲ့တာ အတော်ကိုဆိုးပါတယ်"

"ဩော် ... နဂါးဂိုဏ်းချုပ်ကြီးက နေထိုင်မကောင်းဖြစ်နေတာကိုး"

"အာဂန္တုရောဂါလို့ သမားတော်ကြီးတွေက ပြောပါတယ်၊



သိပ်ပြီး စိုးရိမ်စရာ မရှိပါဘူး၊ မကြာမီရက်ပိုင်းအတွင်း သက်သာပျောက်ကင်းသွားမှာပါ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးကိုယ်စား ကျုပ်က နောင်ကြီးဆီကို လာခဲ့ရတာပါပဲ"

ကုန်းမှက ...

"နဂါးဂိုဏ်းချုပ် မလာနိုင်လို့ ညီမောင်လာခဲ့တာ၊ နဂါးဂိုဏ်းက အဆင့်မြင့်ဂိုဏ်းတွေကို စည်းရုံးသိမ်းသွင်းနေတဲ့အတိုင်း ကျုပ်တို့ကို စည်းရုံးဖို့ ညီမောင့်ကို လွှတ်လိုက်တယ်ဆိုပါတော့"

လွှေရှမ်းက ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

ကုန်းမှက ...

"ညီမောင်တို့နဂါးဂိုဏ်းဟာ သိုင်းလောကရဲ့ ထိပ်သီးဂိုဏ်းတစ်ခုပါပဲ၊ အဆင့်မြင့်သိုင်းသမားတွေ အများကြီးရှိနေတာလည်း မှန်ပါတယ်၊ ဒါပေမယ့် မဟာမိုးမြေဂိုဏ်းနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လည်းဆိုရင် ထိပ်တိုက်တွေ့တာနဲ့ တစ်နှယ်ငင် တစ်စင်ပါဆိုသလို အခြေအနေတွေ ရှုပ်ထွေးသွားပြီး သိုင်းလောကမှာ အတောမသတ်နိုင်တော့တဲ့ တိုက်ပွဲတွေ ဖြစ်ပေါ်လာတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



လွှေရှမ်းက ...

"မဟာမိုးမြေဂိုဏ်းကြောင့် သိုင်းလောကအန္တရာယ် ပေါ်ပေါက်လာမှာကိုတော့ မတားဆီးပဲနေလို့ရမှာ မဟုတ်ပါဘူး၊ နဂါးဂိုဏ်းချုပ်ကြီးက သိုင်းလောကမိတ်ဆွေတွေကို ဦးဆောင်ပြီး ကာကွယ်တားဆီးသွားဖို့ ဆုံးဖြတ်ပြီးပါပြီ"

တစ်ဖန် ...

"နောင်ကြီးကော နဂါးဂိုဏ်းကဦးဆောင်နေတဲ့ မဟာမိတ်အဖွဲ့ကြီးထဲဝင်ဖို့ စိတ်မကူးမိဘူးလားများ"

ဟု မေးလိုက်လေသည်။

ကုန်းမုက ...

"ဒါဟာ သိုင်းလောကမှာ တိုက်ပွဲတွေအဆက်မပြတ် ပေါ်ပေါက်လာဖို့ အစပျိုးနေတဲ့ ကိစ္စဆိုတာ ညီမောင် သတိမပြုမိဘူးလား"

"ကျုပ်တို့ နဂါးဂိုဏ်းဟာ သိုင်းလောကအန္တရာယ်ကို ကာကွယ်တားဆီးဖို့ ကြိုးစားနေကြတာပါဗျာ"

လွှေရှမ်းက အလျော့မပေးလိုကြောင်း ထင်ရှားသည်။

ကုန်းမုကို မေးသည်။



"နောင်ကြီးကို နဂါးဂိုဏ်းနဲ့လက်တွဲဖို့ ဂိုဏ်းချုပ်ကြီးက ကျုပ်ကိုလွှတ်ပြီး မေတ္တာရပ်ခံခိုင်းလိုက်တာပါ၊ နောင်ကြီးရဲ့သဘောတားကို ပွင့်ပွင့်လင်းလင်း သိပါရစေခင်ဗျာ"

"ကျုပ်က ..."

"နောင်ကြီးက နဂါးဂိုဏ်းနဲ့ လက်မတွဲနိုင်ဘူးဆိုတဲ့သဘောများလားဗျာ"

ကုန်းမုက သက်ပြင်းချလိုက်သည်။

ထို့နောက် ...

"နဂါးဂိုဏ်းချုပ်ကို ခွင့်လွှတ်ဖို့ ပြောပေးစေချင်ပါတယ်"

လွှေရှမ်းက ...

"နောင်ကြီး မဟာမိတ်အဖွဲ့ကြီးထဲမှာ ဘယ်သူတွေပါဝင်နေသယ်ဆိုတာကော မသိချင်ဘူးလားဗျာ"

ဟုမေးလိုက်လေသည်။

ကုန်းမု ခေါင်းခါမယ်းလိုက်သည်။

"နဂါးဂိုဏ်းချုပ်ကြီး ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ကြီးဟာ [illegible]ကို စိတ်ဝင်စားစရာကောင်းသလို လေးစားစရာကောင်းမှာ [illegible] သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အမှန်ပါပဲ"

"ဘာပဲဖြစ်ဖြစ် ကျုပ်အတွက်တော့ မလိုအပ်တော့ပါဘူး"

"နောင်ကြီး ..."

"ကျုပ်က ..."

"ကျုပ်ပြောတာကို နားထောင်ပါဦး၊ နည်းနည်းတော့ စဉ်းစားစေချင်ပါတယ်ဗျာ"

ကုန်းမှက ဦးညွှတ်လိုက်လေသည်။

"သည်အတွက် အများကြီးတောင်းပန်ပါတယ်ဗျာ"

လွှေရှမ်းသည် ဆက်ပြောစရာစကား ရှာမတွေ့အောင်ဖြစ်သွားပုံ ရှိလေသည်။

ကုန်းမှကိုငေးကြည့်ရင်း ငူငူကြီး ဖြစ်သွားလေသည်။

ကုန်းမှ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

သူ၏ဆုံးဖြတ်ချက်အတိုင်း ရပ်တည်သွားရန် ဆုံးဖြတ်ထားပုံ ရလေသည်။

အတော်လေးကြာတော့မှ ...

"သိုင်းသမားတစ်ယောက်ဟာ သိုင်းပညာတတ်မြောက်ထားပြီးရင် အများအကျိုးဆောင်ရွက်မှ အဓိပ္ပာယ်ရှိမယ် မဟုတ်လားဗျာ၊



သည်လိုမှမဟုတ်ဘူးဆိုရင် သင်ယူတတ်မြောက်ထားတဲ့ ပညာတွေဟာ အလကားဖြစ်မနေဘူးလားဗျာ"

ဟု ပြောလိုက်လေသည်။

ကုန်းမှ ပြုံးလိုက်သည်။

"ညီမောင်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သိုင်းပညာတတ်မြောက်ထားသူတိုင်း သိုင်းလောကကို ဝင်ရောက်လှုပ်ရှားရမယ်လို့ စည်းကမ်းသတ်မှတ်ထားတာ မရှိပါဘူးဗျာ၊ ခုလည်း ကျုပ်က ကျောက်စီဓားဂိုဏ်းကို ထူထောင်ပြီး သိုင်းလောကအကျိုး အများအကျိုးကို သယ်ပိုးဆောင်ရွက်နေတာပဲ မဟုတ်လား"

ကုန်းမှက ငြင်းနေသည့်တိုင်အောင် လွှေရှမ်းက ဖွတ်အတင်း ထပ်ပြောလေသည်။

"နောင်ကြီး ထပ်ပြီး စဉ်းစားပေးစေချင်ပါတယ်ဗျာ"

ကုန်းမှ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် အစကတည်းက စဉ်းစားပြီးပါပြီ"

"ဒါဆို နောင်ကြီးက ပြတ်ပြတ်သားသား ငြင်းပယ်လိုက်တာပေါ့ သဘောပေါ့"

လွှေရှမ်း၏အသံ မကျေနပ်သံ ထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား မေးသည်။

ကုန်းမှ ပြုံးလိုက်လေသည်။

"ညီမောင် ကျုပ်တို့ချင်းမတွေ့တာ ကြာပြီပဲ၊ ဒါကြောင့် ခုလို ပြန်ဆုံစည်းမိကြတဲ့အခါ တွေ့တုန်းတွေ့ခိုက် ရှေးဟောင်းနှောင်း ဖြစ်လေးတွေပြောကြတာ မကောင်းဘူးလား၊ မဆီမဆိုင်တဲ့စကားတွေ နဲ့ အချိန်မဖြုန်းချင်ပါနဲ့တော့လား"

လွှေရှမ်းက ...

"ကျုပ်က အပိုစကားတွေပြောပြီး အချိန်ဖြုန်းနေတာ မဟုတ် ပါဘူးဗျာ"

သူ၏မျက်နှာ ခက်ထန်လာလေသည်။

"ကျုပ်ကို နဂါးဂိုဏ်းချုပ်အမိန့်နဲ့ သည်ကိုလာခဲ့တာပါ၊ တမင် အလည်အပတ်လာခဲ့တာ မဟုတ်ပါဘူး၊ ဒါကြောင့် အမိန့်အရ အလုပ် ကိစ္စတစ်ခုကို ပြီးပြတ်အောင် လုပ်ရပါလိမ့်မယ်၊ ပြီးမှ ကိုယ်ရေးကိုယ် တာကိစ္စ ပြောနိုင်မှာပါ"

ကုန်းမှက ...

"ကျုပ်ရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြီးပြီပဲ မဟုတ် လား၊ ဘာများ ထပ်ပြောနေစရာ လိုဦးတော့မှာလဲ ညီမောင်"



လွှေရှမ်းက ...

"ဒါဆိုရင်လည်း ကျုပ်က ပွင့်ပွင့်လင်းလင်း ပြောချင်ပါတယ်"

"ပြောပါညီမောင် ပြောနိုင်ပါတယ်"

ကုန်းမှ ခွင့်ပြုလိုက်လေသည်။

လွှေရှမ်းက ခက်ထန်သောမျက်နှာထားဖြင့် ပြောသည်။

"နဂါးဂိုဏ်းချုပ်ကြီးက ကျုပ်ကို စေလွှတ်လိုက်တဲ့အခါ ပြတ် ပြတ်သားသား ဆောင်ရွက်ခဲ့ဖို့ တစ်ခါတည်းမှာကြားလိုက်ပါတယ်"

"ဩော် ..."

"နဂါးဂိုဏ်းချုပ်က ရန်သူ မိတ်ဆွေဆိုတဲ့သဘောကို ရှင်းရှင်း လင်းလင်းသိရအောင် ဆောင်ရွက်ခဲ့ဖို့ ကျုပ်ကို မှာကြားလိုက်ပါ တယ်"

ကုန်းမှ မျက်မှောင်ကြုတ်သွားလေသည်။

"ရန်သူ မိတ်ဆွေဆိုတဲ့သဘောက ဘာလိုလဲ၊ ကျုပ်ဟာ နဂါး ဂိုဏ်းနဲ့ လက်မတွဲနိုင်ပေမယ့် ရန်သူတော့ မဟုတ်သေးပါဘူး"

လွှေရှမ်းက ...

"ဂိုဏ်းချုပ်ကြီးကတော့ သူနဲ့လက်တွဲမယ့်လူဟာ မိတ်ဆွေ၊ လက်တွဲဖို့ငြင်းဆန်တဲ့လူဟာ ရန်သူလို့ သဘောထားပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

ကုန်းမှ လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

လေ့ရှမ်းက ...

"ကျုပ်တို့ဂိုဏ်းချုပ် ဘယ်လောက်ပြတ်သားတယ်ဆိုတာ သည်သဘောထားက ရှင်းနေပါတယ်၊ ရန်သူ မိတ်ဆွေ ပြတ်ပြတ်သားသား ခွဲခြားမှာဖြစ်ပြီး ကြားနေမှာကို လက်ခံမှာမဟုတ်ပါဘူး"

ကုန်းမှက ...

"လက်စသတ်တော့ ကျုပ်ကို အတင်းအဓမ္မ စည်းရုံးနေတဲ့ သဘောကိုး"

လေ့ရှမ်း ခပ်အုပ်အုပ် ရယ်မောလိုက်လေသည်။

"နဂါးဂိုဏ်းချုပ်ရဲ့ ခိုင်ကျည်ပြတ်သားတဲ့ စိတ်နေသဘောထားကို ပြောပြတာပါ နောင်ကြီးရယ်"

ကုန်းမှက ...

"ဘာပဲဖြစ်ဖြစ် ညီမောင်စည်းရုံးတာကို လက်မခံဘူးဆိုရင် နဂါးဂိုဏ်းချုပ်က ကျုပ်ကို ရန်သူအဖြစ် သဘောထားတော့မယ် မဟုတ်လား"

"ဒါကတော့ ကျုပ် ပြောတဲ့အတိုင်း ဂိုဏ်းချုပ်ကြီးရဲ့ ပြတ်သား



တဲ့သဘောထားပါ၊ ကျုပ်တို့ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဟောင်းတွေဆိုတော့ ပွင့်ပွင့်လင်းလင်းပြောကြတဲ့ သဘောပါပဲ"

ကုန်းမှ ခေါင်းညိတ်လိုက်သည်။

"ညီမောင်ရဲ့ ပွင့်လင်းမှုကိုတော့ သဘောကျပါတယ်၊ ကျုပ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မှာပေါ့"

လေ့ရှမ်းက ...

"ပြောပါဦးဗျာ"

ကုန်းမှ၏မျက်နှာ ပို၍ တည်ကြည်လေးနက်လာသည်။

"လွန်ခဲ့တဲ့ သုံးရက်လောက်က 'မဟာမိုးမြေ'ဂိုဏ်းဟာ ကျုပ်ဆီကိုလူလွှတ်ပြီး သူတို့နဲ့လက်တွဲဖို့ ဖိတ်ခေါ်လာသေးတယ်"

"ဟင် ..."

မမျှော်လင့်သောစကား ကြားရလျှင် လေ့ရှမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"နောင်ကြီး ဘယ်လိုပြောလိုက်တာလဲ၊ မဟာမိုးမြေဂိုဏ်းက နောင်ကြီးဆီ လူလွှတ်ပြီး စည်းရုံးသိမ်းသွင်းခဲ့သေးတယ် ဟုတ်လား"

"ဒါပေါ့ ..."

"တောက် ... ခြေသွက်လှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



လွှေရှမ်း ခေါသထွက်နေတော့သည်။

တစ်ဖန် ...

"နေပါဦး ... သူတို့က ဘယ်လိုသဘောနဲ့ သည်လိုလုပ်ကြတာလဲ"

ကုန်းမှ ရယ်မောလိုက်သည်။

"ငါ့ညီလိုပဲနေမှာပေါ့"

လွှေရှမ်းက ...

"နောက်ကြီးကို သူတို့ဂိုဏ်းထဲ ဝင်ခိုင်းတဲ့သဘောမဟုတ်လား"

ပို၍ရှင်းအောင် မေးလိုက်လေသည်။

"ဟုတ်တယ်၊ သည်အတိုင်းပါပဲ"

လွှေရှမ်း အလောတကြီး ဖြစ်သွားလေသည်။

"နောင်ကြီး လက်ခံလိုက်သလား"

ကုန်းမှက မဟာမိုးမြေဂိုဏ်းနှင့် ပတ်သက်သွားမည်ကို အလွန်စိုးရိမ်ပူပန်နေသည့်သဘော ရှိလေသည်။

ကုန်းမှ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် လက်မခံပါဘူး"

"ဪ ..."



လွှေရှမ်း အနည်းငယ် စိတ်သက်သာရသွားလေသည်။

မဟာမိုးမြေဂိုဏ်းနှင့် နဂါးဂိုဏ်းသည် ပြိုင်ဆိုင်မှု တစ်စထက်တစ်စ ပြင်းထန်လာပြီး ထိပ်သီးသိုင်းသမားများအား သူ့ထက်ငါ အလုအယက် စည်းရုံးသိမ်းသွင်းနေကြလေသည်။

"နောင်ကြီးက လက်မခံဘူးငြင်းလိုက်တော့ သူတို့ဘက်က ကောင်းကောင်းမွန်မွန် ဆက်ဆံကြရဲ့လား"

ကုန်းမှက ...

"သည်အတွက် ကျုပ် ဂရုမစိုက်ပါဘူး၊ သူတို့က ကျုပ်ကို အစမ္မအကြမ်းနည်းနဲ့ စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေယ့် ကျုပ်ဆုံးဖြတ်ပြီးသားမို့ အမှုမထားတော့ပါဘူး၊ တကယ်လို့ အခက်အခဲအန္တရာယ် ဖြစ်ပေါ်လာမယ်ဆိုရင်တောင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားမှာပါ"

လွှေရှမ်း ပင့်သက်ရှိုက်လိုက်မိသည်။

ကုန်းမှသည် မဟာမိုးမြေဂိုဏ်း၏ စည်းရုံးမှုကို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့လေသည်။

နဂါးဂိုဏ်း၏ ဖိတ်ခေါ်မှုကိုလည်း ငြင်းဆန်လိမ့်မည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှအား မည်သို့စည်းရုံးသိမ်းသွင်းရမည်ကို တွေးတောစဉ်းစားနေစဉ် နောင်ထပ် ညွှဲသည်တစ်ဦး ကျောက်စီဓားကိုင်းသို့ ရောက် ရှိလာလေတော့သည်။

* * *

# နောက်ကြောင်း

အနောက်ဘက်မိုးကောင်းကင်ထက်မှ နေမင်း၏အလင်းရောင်တို့သည် တဖြည်းဖြည်း မှေးမှိန်စပြုလာသည်။

မကြာမီ ...

မိုးချုပ်ပေတော့မည်။

ထိုအချိန်တွင် ...

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းလှည်းတစ်စီးသည် ခိုင်ဖုန်းမြို့ပြင်ရှိ လူသွားလမ်းမကြီးတစ်ခုပေါ်တွင် ခပ်မှန်မှန် မောင်းနှင်လာနေသည်။

ယင်းမြင်းလှည်းသည် ညခရီးကို ဆက်လာဟန်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတစ်ခုလုံး ဆောင်မှုမှတ်လုံး ဆေးရောင်မှိန်ကာ ဖုန်မှုန့်များပေကျံလျက်ရှိလေသည်။

အနည်းငယ် ထူးဆန်းနေသည်မှာ မြင်းလှည်းမောင်းသူမှာ ဆံပင်များဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဖြစ်နေခြင်းပင်။

အမှန်စင်စစ် ...

ဤမျှ အသက်အရွယ်ကြီးရင့်နေသော အဘိုးအိုတစ်ယောက်သည် ယခုလို အေးစိမ့်နေသောအချိန် ခရီးမသွားသင့်ခြင်း ဖြစ်သည်။

မြင်းလှည်းသည် ခပ်မှန်မှန် မောင်းနှင်သွားနေသည်။

တဖြည်းဖြည်းနှင့် လူသွားလမ်းမကြီးနံဘေးမှ ဖယ်ခွာပြီး လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက်လိုက်သည်။

ထိုလမ်းသွယ်အတွင်း ဆက်လက်မောင်းနှင်သွားရာမှ လူသူကင်းမဲ့ပြီး တိတ်ဆိတ်နေသော အရပ်ဒေသသို့ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

"ခွပ်ခွပ် ... ခွပ်ခွပ်"

"ခွပ်ခွပ် ... ခွပ်ခွပ်"

မြင်းလှည်း ဆက်လက်မောင်းနှင်သွားလေသည်။

မကြာပါချေ။



ထူထပ်စွာပေါက်ရောက်နေသော ဝါးရုံတော တစ်ခုရှေ့သို့ ရောက်ရှိသွား၏။

"ဟေး ..."

မြင်းလှည်းမောင်းလာသည့် အဘိုးအိုက မြင်းကိုငေါက်ကာ ဝါးရုံတောရှေ့၌ ရပ်တန့်လိုက်လေသည်။

ဝါးရုံတောတစ်ဖက်၌ ခြံဝင်းတစ်ခုရှိနေသည်။

ယင်းခြံဝင်းအတွင်း၌ အဆောက်အဦးများလည်း ရှိနေသည်။

ခြံဝင်းနှင့် အဆောက်အဦးများကိုကြည့်ရုံဖြင့် လူသူကင်းဝေးသည့်ဆိတ်ငြိမ်သည့်နေရာတွင် လာရောက်တရားကျင့်နေသည့် သီလရှင်များ စုပေါင်းနေထိုင်ရာ သီလရှင်ကျောင်းဖြစ်ကြောင်း သိသာလေသည်။

မြင်းလှည်းသည် သီလရှင်ကျောင်းနှင့် မလှမ်းမကမ်း၌ ရပ်တန့်လိုက်ခြင်း ဖြစ်သည်။

မြင်းလှည်းရပ်သွားပြီး မရှေးမနှောင်းမှာပင် တံခါးပွင့်သွားကာ လူသုံးယောက် ဆင်းလာကြလေသည်။

တစ်ယောက်က ဝတ်စုံစိမ်းဝတ်ဆင်ထားသော အမျိုးသမီးကြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကြီးနောက်မှ အလွန်ချောမောလှပသော မိန်းမပျို လေးတစ်ယောက် ဆင်းလာသည်။

ထိုမိန်းမပျိုလေး၏ လှပချောမောသော မျက်နှာလေးပေါ်၌ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ လွှမ်းမိုးနေ၏။

သူမသည် မကျန်းမမာဖြစ်နေသည့် အသွင်မျိုးလည်း ရှိသည်။

ထိုမိန်းမချောလေးအား ဝတ်စုံဖြူဝတ်ဆင်ထားသော မိန်း ကလေး တစ်ယောက်တွဲကာ မြင်းလှည်းပေါ်မှ ဆင်းလာခြင်း ဖြစ် သည်။

မိန်းမချောလေးက ပတ်ဝန်းကျင်ကို အကဲခတ်ပြီး လေသံယဲ့ယဲ့ ဖြင့် မေးလာလေသည်။

"သည်နေရာလား ..."

ဝတ်စုံဖြူ မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"သည်နေရာဟာ ကျွန်မတို့ဆရာ တရားကျင့်တဲ့နေရာပါ၊ အခု မမစိတ်ထိခိုက်နေချိန်မှာ သည်လိုနေမျိုးမှာပဲ ခေတ္တခဏ အနား ယူသင့်ပါတယ်"

မိန်းမချောလေးက သီလရှင်ကျောင်းသို့ ကြည့်လိုက်ပြန်လေ သည်။



ဝတ်စုံဖြူမိန်းကလေးက ...

"သည်နေရာမှာ ယောက်ျားသားတစ်ယောက်မှ မရှိလေတော့ မမ အနားယူဖို့ စိတ်ချရပါတယ်၊ ပြီးတော့ မမကို ကျွန်မဆရာက အစစအရာရာ ကူညီဆောင်ရွက်ပေးဦးမှာပါ"

ဟု ပြောပြလေသည်။

မြင်းလှည်းမောင်းသည့် အဘိုးအိုကလည်း ကြားဝင်ပြောလိုက် လေသည်။

"သည်ကျောင်းက သိပ်စည်းကမ်းကြီးတာ၊ ကလေးမ ဘာမှ မစိုးရိမ်ပါနဲ့၊ စိတ်ချလက်ချသာနေပါ"

ဤတွင် နောက်ထပ်ထူးဆန်းမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

အဘိုးအို၏ အသက်အရွယ်က မငယ်တော့ပါ။

သို့သော် ...

သူ၏အသံက လူငယ်တစ်ဦး၏အသံမျိုး ဖြစ်နေသည်။

အဘယ်ကြောင့်ပါနည်း။

ဝါးရုံတောနောက်ကွယ်မှ သီလရှင်ကျောင်းသို့ ရောက်ရှိလာ ကြသော ဤလူစုသည် ထူးခြားသူများဖြစ်ကြောင်း ထင်ရှားနေပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းနှင့် အမျိုးသမီးကြီးသည် မိန်းမချောလေးကိုကြည့်ရင်း ဝမ်းနည်းကြေကွဲလာဟန် ရှိလေသည်။

စိတ်ထိခိုက်သော လေသံဖြင့် ပြောလေသည်။

"သနားစရာကောင်းတဲ့ မင်းအတွက် နေရာတိုင်ခင်းစီစဉ်ပြီးရင် ငါ့အတွက်လည်း စီစဉ်ရဦးမယ်"

ဝတ်စုံဖြူမိန်းကလေးက ...

"စိတ်ချသာသွားပါ ဒေါ်ဒေါ်၊ ကျွန်မတို့ညီအစ်မနှစ်ယောက် ဆရာ့ရဲ့သီလရှင်ကျောင်းမှာပဲ ခိုလှုံနေပါတော့မယ်"

"ကောင်းပါပေတယ်ကွယ်"

အမျိုးသမီးကြီးက မြင်းလှည်းမောင်းသော အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

"ကျုပ်ရဲ့တူမတွေကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူးကွယ်"

အဘိုးအိုက ရယ်မောလိုက်လေသည်။

"သည်ကိစ္စကို ကျွန်တော့်ဆရာက ဆောင်ရွက်ခိုင်းတာပါ၊ ကျေးဇူးတင်စရာရှိရင် ကျွန်တော့်ဆရာကိုပဲ ကျေးဇူးတင်ရမှာပါ"

အမျိုးသမီးကြီးက သက်ပြင်းချလိုက်သည်။



"ကျုပ်ရဲ့ တူမသုံးယောက်ဟာ သိုင်းပညာစုံလို့ သိုင်းလောကထဲထွက်ကြရင်း မဟာမိုးမြေဂိုဏ်းရဲ့ စည်းရုံးသိမ်းသွင်းမှုကို ခံရတယ်၊ သူတို့ဟာ လူငယ်တွေပီပီ ထင်ပေါ်ကျော်ကြားလိုတဲ့ဝိဘ်နဲ့ မဟာမိုးမြေဂိုဏ်းထဲ ဝင်ခဲ့ကြတယ်"

မဟာမိုးမြေဂိုဏ်းသည် သိုင်းလောကအား လွှမ်းမိုးရန်ကြိုးစားနေသောဂိုဏ်းတစ်ခု ဖြစ်နေပါသည်။

အမျိုးသမီးကြီးက ...

'နောက်ဆုံးကျတော့ မဟာမိုးမြေဂိုဏ်းရဲ့ မကောင်းတဲ့ရည်ရွယ်ချက်တွေကို သိလာခဲ့ကြတယ်၊ ဒါနဲ့ ဂိုဏ်းထဲကထွက်ဖို့ ကြိုးစားရင်း ညီအစ်မသုံးယောက် စိတ်ဝမ်းကွဲခဲ့ကြတယ်"

မိန်းမချောလေးက ...၊

"ဒေါ်ဒေါ်ရယ် ... မပြောပါနဲ့တော့၊ သည်အကြောင်းတွေကို ပြန်စဉ်းစားရင် ကျွန်မ စိတ်ထိခိုက်လွန်းလို့ပါရှင်"

ဟု တောင်းပန်လိုက်လေသည်။

အမျိုးသမီးကြီး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါပြီကွယ်၊ ဒေါ်ဒေါ်မပြောမတော့ပါဘူး၊ လုံခြုံစိတ်ချရပြီး အေးချမ်းတဲ့နေရာလည်း ရောက်နေပြီဆိုတော့ အေးအေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆေး အနားယူကြပါတော့၊ တူမကြီးတို့ရဲ့ဆရာကလည်း အကြောင်းစုံ သိပြီးပြီဖြစ်လို့ ခွင့်လွှတ်ပါတယ်၊ တူမကြီးတို့ကို ပြန်ပြီးလက်ခံမယ်လို့ ပြောထားပြီးပါပြီ"

မိန်းမချောလေးက ...

"ကျွန်မတို့ရောက်လာပြီဆိုတော့ သီလရှင်ကျောင်းထဲဝင်ပြီး ဆရာ့ကို ဂါရဝပြုလိုက်ကြတာပေါ့"

"ကောင်းပြီ ... ကောင်းပြီ"

သူတို့သည် သီလရှင်ကျောင်းထဲဝင်ရန် ဆုံးဖြတ်လိုက်ပြီး မြင်းလည်းမောင်းသည့် အဘိုးအိုအား နှုတ်ဆက်လိုက်ကြလေသည်။

"ကျွန်မတို့ မကြာခင်ပြန်တွေ့နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်ရှင်"

အဘိုးအိုက ...

"စိတ်ချပါ ... ကျုပ် မကြာခင် ပြန်လာခဲ့မှာပါ"

မိန်းမချောလေးအား စိတ်မကောင်းသောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

"ညီမလည်း ကျန်းမာအောင်နေပါ"

"ကောင်းပါပြီရှင်"



အဘိုးအိုသည် အားလုံးကိုနှုတ်ဆက်ကာ မြင်းလှည်းဖြင့် ပြန်လည်ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော ဘုန်းတော်ကြီး

"ခွပ်ခွပ် … ခွပ်ခွပ်"

"ခွပ်ခွပ် … ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ စည်းချက်ဝါးချက်ညီညီ ထွက်ပေါ်နေလေသည်။

ဆံပင်ဖြူဖွေးနေသော အဘိုးအိုမောင်းနှင်လာသည့် မြင်းလှည်းသည် လမ်းမကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

အဘိုးအိုက မြင်းလှည်းကို ဂရုစိုက်ကာ မောင်းနှင်နေသော အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်သော်လည်း လူငယ်တစ်ယောက်ပမာ သွက်လက်ဖျတ်လပ်နေပါတော့သည်။

ခိုင်ဖုန်းမြို့သို့ဦးတည်ကာ မောင်းနှင်သွားနေခြင်း ဖြစ်သည်။



ရုတ်တရက် …

"ရပ်လိုက်စမ်း"

အော်ငေါက်ဟန့်တားသံ ထွက်ပေါ်လာလေသည်။

အဘိုးအို ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟေး …"

မြင်းများကိုအော်ငေါက်ကာ မြင်းလှည်းကို အရှိန်သပ်ရပ်တန့်လိုက်လေသည်။

"ဟီး … ဟီး … ဟီး …"

မြင်းနှစ်ကောင်က ရှည်လျားစွာဟီကာ ရပ်တန့်လိုက်လေသည်။

ထို့နောက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ဟန့်တားသံသည် အနီးကပ်ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ထို့ကြောင့် …

ဟန့်တားလိုက်သူမှာ အနီးတစ်ဝိုက်၌ ရှိနေရမည်ဟု ယုံကြည်ထား၏။

ဟိုဟိုသည်သည် အကဲခတ်လိုက်တော့မှ မြင်းလှည်းခေါင်မိုးပေါ်၌ လက်ပိုက်ကာ အခန့်သားထိုင်နေသူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဒါက ဘာသဘောလဲဗျ"

ဟုလည်း အလောတကြီး မေးလိုက်လေသည်။

"ဟား ... ဟား ... ဟား ..."

မြင်းလှည်းခေါင်မိုးပေါ်မှ လူက တဟားဟားရယ်မောကာ အောက်သို့ ခုန်ဆင်းလိုက်လေသည်။

သူ၏လှုပ်ရှားပုံမှာ အလွန်ပေါ့ပါးကာ သွက်လက်နေသဖြင့် ထိပ်တန်း သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေသည်။

ထိုသူသည် အဝတ်အစားများ ဖရိုဖရဲဝတ်ဆင်ထားသော ဘုန်းတော်ကြီး တစ်ပါးမှန်းသိလျှင် ပို၍ အံ့အားသင့်သွားသည်။

အဘိုးအိုမှာ ပြူးကျယ်သောမျက်လုံးအစုံဖြင့် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

စိတ်ထဲ၌ အံ့သြထိတ်လန့်မှုကြောင့် အဘိုးအို၏ခန္ဓာကိုယ်သည် တည်ငြိမ်မှုမရှိတော့ဘဲ အနည်းငယ် တုန်ယင်နေ၏။

အဝတ်အစား ဖရိုဖရဲဝတ်ဆင်ထားသော ဘုန်းတော်ကြီးက အဘိုးအိုအား စိုက်ကြည့်ရင်း ...



"မင်းက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဤတွင် ...

အဘိုးအို၏ မျက်နှာပေါ်တွင် ထူးဆန်းအံ့သြသည့် အမူအရာများ ပေါ်လာပြီး ဘုန်းတော်ကြီးအား ပြန်မေးလိုက်သည်။

"ဘုန်းတော်ကြီးက ဘာအတွက်နဲ့ ဒီလိုမေးရတာလဲ"

ထိုအခါ ...

ဘုန်းတော်ကြီးက အဘိုးအိုအား ထပ်မံ၍အကဲခတ်ကြည့်လိုက်ပြီး ...

"မင်းဟာ အရိုပ်မဲ့လက်ညှိုး ရှောက်လုံလား"

အဘိုးအို မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော် ...

ဦးခေါင်းကိုခပ်သွက်သွက် ခါယမ်းလိုက်ပြီး ...

"မဟုတ်ပါဘူး"

ဟု ငြင်းဆန်လိုက်၏။

ဘုန်းတော်ကြီး အံ့အားသင့်သွားသည်။

သူက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်သူလဲ"

"ကျွန်ုပ်လား ... ကျုပ်ဟာ ..."

အဘိုးအို၏စကားမဆုံးမီ စကားသံတစ်သံက ကြားဖြတ်၍ ဝင်လာသည်။

"ဆရာတော်ရဲ့အသက်လည်း မငယ်တော့ပါဘူး၊ ဘာကြောင့် မဆီမဆိုင်တွေ လျှောက်မေးနေရတာလဲ"

စကားသံနှင့် မရှေးမနှောင်းမှာပင် လူရိပ်တစ်ခု ရောက်ရှိလာသည်။

ရောက်လာသူမှာ အသက်အရွယ်ကြီးရင့်သော အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။

ထိုအဘိုးအိုမှာ သိုင်းလောကတွင် ထင်ပေါ်ကျော်ကြားနေသော မဟာမိုးမြေဂိုဏ်းမှ ဂိုဏ်းခွဲမှူးများအား တာဝန်ယူအုပ်ချုပ်ရသော ဂိုဏ်းခွဲမှူးကြီး ပိုင်ကွမ်းဆိုသူ ဖြစ်သည်။

သိုင်းလောကတွင် ဘီလူးကြီးပိုင်ကွမ်းဟု ကျော်ကြားသူလည်း ဖြစ်သည်။

ထို့နောက် ...

ဘုန်းတော်ကြီး၏မျက်နှာပေါ်တွင် ရုတ်တရက် အံ့သြသော



အမူအရာပေါ်လာပြီး ရောက်ရှိလာသော အဘိုးအိုပိုင်ကွမ်းအားကြည့်ကာ ...

"ဘယ်သူများလဲလို့ မဟာမိုးမြေဂိုဏ်က ဂိုဏ်းခွဲမှူးကြီး ပိုင်ကွမ်းကိုး"

ဟု မှတ်ချက်ချလိုက်၏။

ပိုင်ကွမ်းက ဘုန်းတော်ကြီးအား အသေအချာ စူးစိုက်ကြည့်လိုက်ပြီး ...

"ဆရာတော်ရဲ့ ဘွဲ့အမည်က ဘယ်လိုခေါ်ပါသလဲ"

ဟု မေးလိုက်သည်။

ဘုန်းတော်ကြီးက ...

"ကျုပ်က 'ကျိရှင်'ပါ"

ဟု တည်ငြိမ်သွာဖြေလိုက်၏။

ပိုင်ကွမ်း မျက်မှောင်ကြုတ်သွားသည်။

ရှောင်လင်ကျောင်းတွင် ဘုန်းတော်ကြီးတစ်ပါးအဖြစ် အသိအမှတ်ပြုခြင်းခံရသူ၏ သိုင်းပညာအဆင့်သည် မည်သည့်အခါကမှ မနိမ့်ကျချေ။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ယခုတွေ့ရသည့် ဘုန်းတော်ကြီးမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် အကျည်းတန်လှသည်။

ဝတ်ရုံတို့သည်လည်း စုတ်ပြတ်ကာ ကပိုကရိုဖြစ်နေ၏။

အဘယ်ကြောင့် ဘုန်းတော်ကြီးမှာ ဤကဲ့သို့ ဖရိုဖရဲဖြစ်နေရသနည်း။

ပိုင်ကွမ်းမှာ ဤအချက်ကိုတွေးနေသော်လည်း အဖြေထွက်မလာပါချေ။

ထိုစဉ် ...

အဘိုးအိုက ဘုန်းတော်ကြီးအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဆရာတော်ရဲ့ ဘွဲ့နာမည်က 'ကျိုရှင်'ဟုတ်လား"

ဟု မေးလိုက်၏။

ဘုန်းတော်ကြီး ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ထိုအခါ ...

အဘိုးအိုဆိုသူက မျက်လုံးများ ဝင်းလက်သွားပြီး ...

"ဒါဆိုအတော်ပဲ၊ ဆရာတော်ကို တွေ့ချင်နေတဲ့လူတစ်ယောက်ဆီ ခေါ်သွားရမယ်"



အဘိုးအိုထံမှ အဆက်အစပ်မရှိဘဲ ရုတ်တရက် ထွက်ပေါ်လာသော စကားကြောင့် ဘုန်းတော်ကြီးကျိုရှင်မှာ မျက်လုံးပြူးသွားတော့သည်။

တစ်ဖန် ...

အဘိုးအိုအား မကျေမနပ်ကြည့်ကာ ...

"နေပါဦး၊ မင်းခေါ်ချင်တဲ့နေရာ ကျုပ်ကလိုက်ရအောင် မင်းကဘယ်သူမို့လဲ"

ဟု မေးလိုက်၏။

အဘိုးအိုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်နာမည်ကို ထုတ်မသုံးခဲ့တာ ကြာပြီ၊ ဒါကြောင့် အခုကျုပ်နာမည်ကို ပြောမပြနိုင်ဘူး၊ ကဲ ... ဆရာတော် မြင်းလှည်းပေါ်တက်ပါ၊ ကျုပ်တို့ သွားကြစို့"

ကျိုရှင်၏မျက်နှာ တင်းမာသွားသည်။

သူက အဘိုးအိုအား စူးရဲစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ကျုပ်က မင်းခေါ်တဲ့နေရာကို လွယ်လွယ်နဲ့လိုက်မယ့်လူစားမျိုးများ မှတ်နေသလား၊ ကျုပ် လုံးဝမလိုက်ဘူး"

"ဟား ... ဟား ... ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်၏။

ကိုရွှင်မှာ အဘိုးအိုအား နားမလည်နိုင်စွာ ငေးကြောင်၍ကြည့်နေမိ၏။

တစ်ခဏအကြာတွင် အဘိုးအိုက ရယ်မောနေရာမှ ရပ်တန့်ကာ …

"မခေါ်တုန်းကတော့ လိုက်လာတယ်၊ အခုခေါ်တော့ မလိုက်နိုင်ဘူး ဟုတ်လား၊ ဒီလိုဆို ဆရာတော်သွားလိုရာလမ်း သွားကြည့်ပါ၊ သွားလို့ရမလားလို့"

"ဘာကြောင့် သွားလို့မရမှာလဲ"

ကိုရွှင်က မဲ့ပြုံးတစ်ချက်ပြုံးကာ ချက်ချင်းပြန်မေးလိုက်သည်။

အဘိုးအိုက ခေါင်းကိုတစ်ချက်ဆတ်လိုက်ပြီး ဟန်ပါပါဖြင့် …

"စမ်းကြည့်လေ၊ သွားလို့ရမလားလို့"

ကိုရွှင်၏မျက်နှာပေါ်တွင် ထူးဆန်းသောအမူအရာအချို့ ဖြစ်ပေါ်လာသည်။

ထို့နောက် …

ဘာမှပြောမနေတော့ဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။



သို့သော် …

ထိုတဒင်္ဂအချိန်အတွင်း၌ပင် အဘိုးအိုသည် ကိုရွှင်ခေါင်းပေါ်မှ ရိပ်ခနဲဖြတ်ကျော်ကာ ရှေ့သို့ကျလာ၏။

"ဟင် …"

ကိုရွှင်မှာ လွန်စွာမှပင် အံ့အားသင့်သွားမိသည်။

သို့သော် …

ချက်ချင်းပင် လက်ဝါးတစ်ချက် ရိုက်ထုတ်ပစ်လိုက်သည်။

ကိုရွှင်၏လက်ဝါးရိုက်ချက်ကြောင့် အဘိုးအို၏ဝတ်ရုံသည် လေထဲတွင် ဝဲပျံ၍လွင့်မျောနေလေသည်။

သို့သော် …

အဘိုးအိုက လက်ဝါးနှစ်ဖက်ကို ရင်ဝတွင်ကာထားလိုက်ရာ သူ၏ခန္ဓာကိုယ်သည် ကျောက်တုံးတစ်တုံးအလား လုံးဝ လှုပ်ရှားခြင်း မရှိတော့ချေ။

အဘိုးအိုသည် ရုတ်တရက်ဆိုသလိုပင် လက်ဝါးနှစ်ဖက်ကို စက်ဝိုင်းသဏ္ဍာန် လျှင်မြန်စွာလှည့်ပတ်ပြီး တွန်းထုတ်လိုက်၏။

လေပွေအားလှိုင်းတစ်ခုသည် ရုတ်ခြည်း ထွက်ပေါ်လာပြီး ကိုရွှင်၏ရင်ဝအား ရိုက်ခတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

ကျယ်လောင်သောအသံနှင့်အတူ ကျိုရှင်မှာ နောက်ဘက်သို့ ခြေသုံးလှမ်းခန့် ယိုင်သွားလေသည်။

ထိုအခါ ...

အဘိုးအိုက ကျိုရှင်၏အဖြစ်ကို ကျေနပ်ပြုံးဖြင့် တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... ဘယ်လိုလဲ၊ ကျုပ်နဲ့ အေးအေးဆေးဆေး လိုက်ခဲ့မယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ကျိုရှင်မှာ မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ ရှိနေသည်။

ယခုအခါ ...

အဘိုးအို၏သိုင်းပညာမှာ သူ့ထက် များစွာအဆင့်မြင့်နေကြောင်း သူ့အနေနှင့် သိလိုက်ရပြီ မဟုတ်ပါလား။

ထိုစဉ် ...

သူတို့နှစ်ယောက်၏ လှုပ်ရှားမှုကို ရပ်ကြည့်နေသော ပိုင်ကွမ်းက အဘိုးအိုအား မေးလိုက်သည်။

"ဒါထက် ဒီလမ်းခရီးမှာ လူတစ်စု တွေ့မိခဲ့လား"



အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

"လူတစ်စု ဟုတ်လား"

"ဟုတ်တယ်၊ မိန်းကလေးနှစ်ယောက်၊ မိန်းမကြီးတစ်ယောက်နဲ့ လူရွယ်တစ်ယောက်တို့ပဲ၊ လူရွယ်ရဲ့ နာမည်က ရှောက်လုံဆိုလားပဲ"

အဘိုးအိုက အံ့သြဟန်ဖြင့် ...

"ရှောက်လုံကို ကျုပ်သိတာပေါ့၊ ဒါပေမယ့် ခင်ဗျားပြောတဲ့ လူစုကိုတော့ မတွေ့မိဘူး"

ကျိုရှင်က ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ထိုအခါ ...

ပိုကွမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

"ရှောက်လုံက ကျုပ်တို့ဂိုဏ်းဝင် မိန်းကလေးနှစ်ယောက်ကို ခေါ်ထုတ်သွားတယ်လို့ သတင်းထွက်ပေါ်နေတယ်၊ ဒါကြောင့် ကျုပ်က လိုက်ရှာနေတာပါ၊ ရှောက်လုံ ဘယ်မှာလဲ"

အဘိုးအို သက်ပြင်းချလိုက်သည်။

"ကျုပ်က သူများပြဿနာကြား ဝင်မပါချင်ဘူး"

ပိုင်ကွမ်း၏မျက်နှာ တင်းခနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အဘိုးအို၏ ပညာစွမ်းကို သေချာစွာတွေ့မြင်လိုက်ရပြီ ဖြစ်သဖြင့် သူ့စိတ်ထဲမှ ထွက်လာသော ဒေါသကို ချုပ်တီးကာ လေသံပျော့ဖြင့် ပြောလိုက်သည်။

"ရှောက်လုံ ဘယ်မှာရှိတယ်ဆိုတာ ပြောပြဖို့ ကျုပ်က တောင်းပန်ပါတယ်"

အဘိုးအိုက အေးဆေးတည်ငြိမ်သွာဖြင့် ...

"ကျုပ်မှာ ကိစ္စလေးတွေရှိနေသေးလို့ ခင်ဗျားကို ပြောပြဖို့ အချိန်မရလို့ပါ"

ဟု ပြောလိုက်၏။

ပိုင်ကွမ်း မျက်မှောင်ကြုတ်၍ ...

"စကားတစ်ခွန်းနှစ်ခွန်း ပြောရုံလောက်နဲ့ ဒီထက်ပိုပြီး အချိန်ကြန့်ကြာမသွားစေနိုင်ပါဘူး"

အဘိုးအိုက ချက်ချင်းစကားပြန်မပြောသေးဘဲ ခေတ္တ စဉ်းစားနေလိုက်ပြီး ...

"ဒီလိုလုပ်လေ၊ ခင်ဗျားတွေ့ချင်တဲ့အကြောင်း သူ့ကို ကျုပ်ပြောပေးလိုက်မယ်၊ ဒါပေမယ့် ခင်ဗျားတွေ့ရဖို့ အခွင့်အရေးကိုတော့



နည်းနည်းစောင့်ရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ အခု သူက ဘယ်သူ့ကိုမှ မတွေ့ချင်သေးတဲ့အတွက် သိုသိုသိပ်သိပ်နဲ့ ပုန်းလျှိုးနေတဲ့အတွက်ကြောင်းပဲ၊ ဒါကြောင့် ကျုပ်အနေနဲ့ ဒီလောက်ပဲပြောပြနိုင်ခွင့်ရှိတယ်"

ပိုင်ကွမ်းက အံကိုတင်းတင်းကြိတ်ကာ ...

"ကောင်းပြီလေ၊ ခင်ဗျားကတိအတိုင်းသာ သူ့ကိုတွေ့ရင် ကျုပ်နဲ့လာတွေ့ပါလို့ ပြောပြပေးပါ"

ဟု ပြောလိုက်၏။

အဘိုးအိုက မြင်းလှည်းဆီသို့လှမ်းရန် ဟန်ပြင်နေသော ခြေလှမ်းကို ရပ်တန့်ကာ လှည့်၍ ပြောလိုက်၏။

"ကျုပ်က ပြောပြထားပြီးတဲ့အတိုင်း လုပ်တတ်တယ်၊ အခု ခင်ဗျားကို ပြောပြီးတဲ့စကားအတိုင်း ကျုပ်လုပ်ပေးမယ်၊ ဒါပေမယ့် ခင်ဗျားကို ကျုပ်တစ်ခုတော့ မှာခဲ့မယ်၊ မလောက်လေးမလောက်စားနဲ့ မတောက်တခေါက်ကောင်တွေလွှတ်ပြီး ကျုပ်နောက်ကို နောက်ယောင်ခံလိုက်ခိုင်းဖို့ စိတ်မကူးပါနဲ့၊ တကယ်ကယ်လို့ ကျုပ်ပြောတဲ့အတိုင်း မလိုက်နာဘူးဆိုရင်တော့ နောက်မှ ကျုပ်ကရက်စက်တယ်လို့ အပြစ်မပြောနဲ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးသည်နှင့် အဘိုးအိုက ဘုန်းတော်ကြီးကျောင်းဘက် လှည့်ကာ ...

"ကဲ ... ဆရာတော် မြင်းလှည်းပေါ်ကြွပါ"

ပြောပြောဆိုဆို အဘိုးအိုသည် မြင်းလှည်းဆီသို့ လျှောက်သွားလိုက်သည်။

ကျောင်းမှာ နေရာတွင်ပင် ရပ်မြဲရပ်နေရင်းမှ ...

"ကျုပ်ဘယ်တော့မှ မြင်းလှည်းမစီးဘူး၊ ကျုပ်အတွက် ကျုပ်ခြေထောက်က ယဉ်ရထားပဲ"

အဘိုးအိုက ကျောင်းအား တစ်ချက် ပြန်လှည့်ပြီး ကြည့်ကာ ...

"ကောင်းပြီလေ ... ဒီလိုဆို ကျုပ်တို့ ခြေလျင်သွားကြတာပေါ့"

အဘိုးအိုသည် မြင်းလှည်းဆီသို့ ဆက်လျှောက်သွားပြီး မြင်းလှည်းကို စကျားမြို့ဆီသို့ ဦးလှည့်လိုက်၏။

ထို့နောက် ...

မြင်းဇက်ကြိုးကို မြင်းလှည်းခုံပေါ်တွင် ရစ်ပတ်ချည်နှောင်လိုက်လေသည်။



ထို့နောက် ...

"ဟေး ..."

အဘိုးအိုက အသံတစ်ချက်ပြုလိုက်သည်နှင့် မြင်းနှစ်ကောင်မှာ လမ်းမအတိုင်း ကဆုန်ပေါက်ကာ တစ်ဟုန်ထိုး ပြေးသွားတော့၏။

ပိုင်ကွမ်းမှာ ရုတ်တရက် ငေးကြောင်၍ကြည့်နေရင်းမှ မကျေမနပ်ဖြင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တော့သည်။

"နောက်များမှ တွေ့ကြသေးတာပေါ့"

ပိုင်ကွမ်းက ထိုသို့ကြိမ်းဝါးလိုက်ပြီးနောက် မြင်းလှည်းနောက်သို့ ကိုယ်ဖော့ပညာဖြင့် ပြေးသွားကာ တောင်ဘက်လမ်းအတိုင်း ထွက်ခွာသွားလေသည်။

ပိုင်ကွမ်းအဝေးသို့ ရောက်သွားသည်နှင့် ကျောင်း သက်ပြင်း တစ်ချက်ချကာ ...

"မင်းက ရောက်လုံရှိတဲ့နေရာကို တကယ်သိထားလို့လား" ဟု မေးလိုက်သည်။

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သိထားပါတယ်"

ကျိုရှင်၏မျက်လုံးများ ဝင်းလက်သွားသည်။

"အတော်ပဲ၊ ကျုပ် သူ့ကိုတွေ့ချင်နေတာ"

အဘိုးအိုက ပြုံးလိုက်၏။

"ဆရာတော်က သူ့ကို တကယ်တွေ့ချင်သလား"

ကျိုရှင် ခေါင်းညိတ်လိုက်သည်။

ရှောက်လုံက သက်ပြင်းတစ်ချက်ချရင်း ...

"ဒီလမ်းမကြီးအတိုင်း လျှောက်သွားပါ၊ လမ်းမရဲ့တစ်နေရာမှာ သူ စောင့်နေပါတယ်"

ဟု ပြောလိုက်၏။

သူ၏စကားကြားလျှင် ကျိုရှင် အံ့အားသင့်သွားသည်။

ထို့နောက် ...

ဝမ်းသာအားရဖြင့် ...

"ဒါ တကယ်လား"

ဟု မေးလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်၏။

"တကယ်ပါဗျာ"



ကျိုရှင် ဘာမျှဆက်မပြောတော့ပါချေ။

အဘိုးအို ညွှန်ပြသည့် လမ်းအတိုင်း ဆက်လျှောက်သွားသည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## တစ်ခုတည်းသော သဲလွန်စ

ဘုန်းတော်ကြီးကျိုရှင် အဝေးသို့ရောက်သွားသောအခါ အဘိုးအိုသည် ဘေးဘီဝန်းကျင်သို့ တစ်ချက်ဝေ့၍ ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံးမှာ လူသူကင်းမဲ့ကာ တိတ်ဆိတ်လျက် ရှိနေသည်။

အဘိုးအိုက တစ်ချက်ပြုံးလိုက်၏။

ထို့နောက် ...

သူ၏လက်တစ်ဖက်သည် ရုတ်တရက်ဆန့်ထွက်လာပြီး သူ၏ မျက်နှာကို ကုတ်ဆွဲချလိုက်၏။

ထိုအခါ ...

လက်ထဲတွင် မျက်နှာဖုံးအတုတစ်ခု ပါလာပြီး ချောမော



ခဲ့ညားသော လူရွယ်တစ်ယောက်၏ မျက်နှာက ဖြတ်ခနဲပေါ်လာသည်။

တစ်ဆက်တည်းပင် ကိုယ်ပေါ်မှ မီးခိုးရောင်ဝတ်ရုံကြီးကို ခွတ်ပစ်လိုက်ပြီး မျက်နှာဖုံးနှင့်အတူ သေသေသပ်သပ် ခေါက်လိုက်၏။

စောစောက မြင်းလှည်းမောင်းသော အဘိုးအိုမှာ ရုတ်ခြည်း လူရွယ်တစ်ယောက်အဖြစ်သို့ ပြောင်းလဲသွား၏။

ဤလူရွယ်မှာ မည်သူနည်း။

မည်သည့်အကြောင်းကြောင့် အဘိုးအိုတစ်ယောက်အဖြစ် ဟန်ဆောင်ထားရပါသနည်း။

အမုန်စင်စစ် ...

အဘိုးအိုအဖြစ် ဟန်ဆောင်ထားသော ဤလူရွယ်မှာ သိုင်းလောကထဲ၌ ကျော်ကြားနေသော အရိုပ်မဲ့လက်ညှိုး ရှောက်လုံပင် ဖြစ်သည်။

သူက ဘုန်းတော်ကြီးကျိုရှင်၏သတင်းကို အမြဲမပြတ် စုံစမ်းနေခဲ့သည်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျောင်းနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အလွန်ဝမ်းသာသွား၏။

သို့သော် ...

သူ ရုပ်ဖျက်ထားသောကြောင့် ဘုန်းတော်ကြီးကျောင်းက သူ့အား မသိချေ။

ဤသို့ မသိသည်ကပင် ကောင်းနေသေး၏။

သို့မဟုတ်လျှင် သူ့အနေနှင့် ပိုင်ကွမ်းအား ရင်ဆိုင်နေရပေဦးမည်။

သူကိုယ်တိုင်ကလည်း သူ့အား မမှတ်မိစေရန် တမင်ရုပ်ဖျက်ထားခြင်းပင် မဟုတ်ပါလား။

သူက ဘုန်းတော်ကြီးကျောင်းအား အရေးတကြီးတွေ့လိုနေသည့် အကြောင်းမှာ သူ၏ဘဝတစ်ခုလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စကြောင့်ပင် ဖြစ်လေသည်။

* * *

အရိုပ်မဲ့လက်ညှိုး ရှောက်လုံသည် ဘုန်းတော်ကြီးကျောင်းရှေ့မှ



အချိန်မီဆီး၍ စောင့်နိုင်ရန် တောအုပ်ကိုဖြတ်၍ ဖြတ်လမ်းအတိုင်း ပြေးလာခဲ့သည်။

ကျောင်းရှေ့သို့ရောက်လောက်ပြီဟု ထင်ရသည့်နေရာသို့ ရောက်သောအခါ လမ်းမပေါ်သို့ဖြတ်၍ တက်လိုက်၏။

ထို့နောက် ...

ကျောင်းလာနေသည့်ဘက်သို့ ပြန်လျှောက်လာကာ လမ်းဘေးတစ်နေရာတွင် ရပ်စောင့်နေလိုက်လေသည်။

ယခုအခါ ...

နေဝန်းသည် အနောက်ဘက် မိုးကုတ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားပြီ ဖြစ်လေသည်။

ကမ္ဘာမြေပြင်တစ်ခုလုံး ခေတ္တမှောင်မိုက်သွားသလို ထင်မှတ်ရလေသည်။

ထိုစဉ် ...

လူရိပ်တစ်ခုသည် လမ်းမအတိုင်း နှေးကွေးစွာဖြင့် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ရှောက်လုံသည် လမ်းမပေါ်သို့တက်ကာ ရှေ့သို့အနည်းငယ် လျှောက်သွားပြီး အသံကျယ်ကျယ်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးကျိုရှင်ကို တွေ့ရတာ ဝမ်းသာပါတယ်"

ဟု ပြောလိုက်၏။

ကျိုရှင်မှာ ရုတ်တရက် ကြားလိုက်ရသည့်အသံကြောင့် ရှေ့သို့ လှမ်းကြည့်လိုက်၏။

"မင်းက ရှောက်လုံလား"

ဟု မေးလိုက်၏။

ရှောက်လုံက ...

"ဟုတ်ပါတယ်"

"မင်းက ကျုပ်ကိုလိုက်ရှာနေတယ်လို့ သတင်းကြားတယ်၊ ဘာကြောင့်လဲ"

ရှောက်လုံက လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ကြိုးစား၍ ထိန်းချုပ်လိုက်သည်။

ထို့နောက် ...

လေသံအေးအေးဖြင့် ...

"ဆရာတော်ကို အရေးကြီးတဲ့ကိစ္စတစ်ခု မေးချင်လို့ပါ"

ကျိုရှင်က ရှောက်လုံအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး ...

"မင်းက ကျုပ်ကို ဘယ်လိုလုပ်သိနေသလဲ"



ရှောက်လုံက ...

"သူများ ပြောပြလို့ပါ"

ကျိုရှင် မျက်မှောင်ကြုတ်ကာ ...

"ဘယ်သူ ပြောပြတာလဲ"

"အမည်မသိ ဆရာကြီးတစ်ယောက်ပါ"

ကျိုရှင်က တစ်ခဏမျှစဉ်းစားလိုက်ရင်း ...

"မင်းဆီလွှတ်လိုက်တဲ့ အဘိုးအိုလား"

ဟု မေးလိုက်၏။

ရှောက်လုံက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

ကျိုရှင် အနည်းငယ်အံ့အားသင့်သွားပြီး ...

"ဟင် ... ဒါဆို စောစောက ကျုပ်ကို မင်းဆီလွှတ်လိုက်တဲ့ အဘိုးအိုက ဘယ်သူလဲ၊ သူ အခု ဘယ်ရောက်သွားပြီလဲ"

ဟု မေးလိုက်သည်။

ရှောက်လုံက ...

"ဒါတော့ ကျွန်တော်လည်း မသိဘူး"

တကယ်တော့ သူက ကျိုရှင်အား မလိမ်ညာချင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

မိမိ၏လျှို့ဝှက်ချက်အား မည်သူမျှ မသိစေချင်သဖြင့် ဘူးကွယ်ကာ လိမ်ညာလိုက်ရခြင်းပင် ဖြစ်ပေသည်။

ကျိုရှင်ကလည်း အဘိုးအိုအကြောင်း မမေးတော့ချေ။

ရှောက်လုံအား စေ့စေ့ကြည့်ကာ ...

"မင်းက ကျုပ်ကို ဘာအကြောင်းတွေများ မေးမလို့လဲ"

ရှောက်လုံက သက်ပြင်းတစ်ချက်ချရင်း ...

"ချုံစန်းတောင်အဘိုးအို ရိဖန်းကို ဆရာတော်သိသလား"

ဟု မေးလိုက်သည်။

ကျိုရှင်၏မျက်နှာ ရုတ်ခြည်းပင်ဝင်းလက်သွားကာ ...

"ဟာ ... သိပ်သိတာပေါ့၊ ဒါပေမယ့် ကျုပ်တို့ချင်း မတွေ့တာ နှစ်ပေါင်းအတော်ကြာသွားပြီ၊ အခု သူ ကျန်းကျန်းမာမာရှိရဲ့လား၊ မင်းကကော သူနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ရိဖန်ရဲ့တပည့်လား"

ရှောက်လုံ ခေါင်းခါယမ်းလိုက်၏။

"တပည့်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကို ကြီးပြင်းတဲ့အထိ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်ပါ"

ကျိုရှင် အံ့အားသင့်သွားပြီး ...



"ဪ ... ဟုတ်လား၊ မင်းရဲ့စကားက အဆန်းပဲ၊ နေပါဦး သူ ကျန်းကျန်းမာမာရှိတယ် မဟုတ်လား"

ဤတစ်ကြိမ်တွင် ရှောက်လုံ၏မျက်နှာ ရုတ်ခြည်း ညှိုးကျသွားသည်။

ရှောက်လုံက သက်ပြင်းချရင်း ...

"ဘဘကွယ်လွန်သွားတာ ရှစ်နှစ်လောက် ရှိပါပြီ"

"ဟင် ..."

ရှောက်လုံ၏စကားကြောင့် ကျိုရှင် မျက်လုံးပြူးသွားမိ၏။

"ဘယ်လို ရိဖန်းကွယ်လွန်သွားပြီ ဟုတ်လား၊ သူ ဘာဖြစ်လို့ သေဆုံးသွားရတာလဲ"

ရှောက်လုံ၏မျက်နှာပေါ်တွင် ခံပြင်းနာကြည်းမှုများ ချက်ချင်း ပေါ်ပေါက်လာသည်။

"ဘဘဟာ တစ်စုံတစ်ယောက်ရဲ့လက်ချက်ကြောင့် သေဆုံးသွားရတာပါ၊ လူသတ်သမားကို အခုထိ မစုံစမ်းနိုင်သေးပါဘူး"

ကျိုရှင်၏အမူအယာမှာ အနည်းငယ် ပျက်ယွင်းသွား၏။

သူက ဝမ်းနည်းသော လေသံဖြင့် ...

"လူသတ်သမားက ဘာကြောင့် ရိဖန်းကို သတ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ...

"အမှန်အတိုင်း ဖြေရရင်တော့ ကျွန်တော့်အတွက်ကြောင့်ပါပဲ၊ ကျွန်တော်ဟာ ဘဘရိုဖန်းဆီက တစ်ဆင့် အရိပ်မဲ့သိုင်းဆရာထံမှာ သိုင်းပညာသင်ကြားခဲ့တယ်၊ လူသတ်သမားရဲ့ ရည်ရွယ်ချက်ကတော့ ဓာတ်မြှုပ်နေတဲ့ အရိပ်မဲ့သိုင်းဆရာကို ဖော်ထုတ်ချင်တာနဲ့ ကျွန်တော်ရဲ့ ရန်သူတွေ စုံစမ်းတဲ့နေရာမှာ လမ်းစပျောက်လိုက်တဲ့ သဘောပါပဲ"

ရှောက်လုံ၏စကားကြောင့် ကျိုရှင်မှာ စိတ်မချမ်းမြေ့ပုံ ပေါ်သွား၏။

သူက ကောင်းကင်ပေါ်သို့ မော့ကြည့်ရင်း ခေတ္တာမျှငြိမ်သက်နေလိုက်သည်။

မကြာမီပင် ရှောက်လုံထံမှ စကားသံဆက်လက် ထွက်ပေါ်လာသည်။

"ဘဘ မသေခင် မြေကြီးပေါ်မှာ စာရေးထားခဲ့တယ်၊ ဒါပေမယ့် ဘဘဟာ စာကိုဆုံးအောင် ရေးမသွားနိုင်ခဲ့ရှာဘူး၊ အဲဒီအချိန်တုန်းက တစ်ပိုင်းတစ်စကိုကြည့်ပြီး ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးတစ်ပါးဟာ လူသတ်တရားခံဖြစ်မယ်လို့ ထင်ခဲ့မိတယ်"



ဤတွင် ...

ကျိုရှင်က သူ့အား ဆတ်ခနဲကြည့်လိုက်ပြီး ...

"နောက်တော့ကော ..."

ရှောက်လုံက ...

"ဘဘရိုဖန်းက မြေကြီးပေါ်မှာ ရှောင်လင်ကျောင်းက ကျိုရှင်လို့ပဲ ရေးထားတာ၊ သေသေချာချာ စဉ်းစားကြည့်တော့ ဘုန်းတော်ကြီးကျိုရှင်ရဲ့ လက်ချက် မဟုတ်နိုင်ဘူး၊ ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးဟာ ဒီလိုအပြုအမူမျိုးလုပ်မှာ မဟုတ်ဘူး၊ ဒီတော့ ဘုန်းတော်ကြီးကျိုရှင်ဟာ ဘဘရဲ့မိတ်ဆွေ ဖြစ်နိုင်တယ်ဆိုတာ တွက်ဆမိပြီး ဘုန်းတော်ကြီးကို လိုက်ရှာနေတာပါ"

ကျိုရှင်၏မျက်လုံးအစုံ ဝင်းလက်သွား၏။

သူသည် ဦးခေါင်းမှဆံပင် ကျိုးတိုးကျဲတဲအား လက်ဖြင့်ပွတ်လိုက်ပြီး ...

"ကျုပ်လည်း မစဉ်းစားတတ်အောင် ဖြစ်နေပြီ"

ဘုန်းတော်ကြီးကျိုရှင်မှာ ထိုသို့ညည်းညူလိုက်ပြီး အတန်ကြာအောင် စဉ်းစားနေပြန်သည်။

အတန်ကြာမှ ရှောက်လုံအား မေးခွန်းတစ်ခု မေးလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သူက ကြီးပြင်းလာအောင် ပြုစုစောင့်ရှောက်ခဲ့ပေမယ့် တပည့်အဖြစ်တော့ လက်မခံဘူးပေါ့"

ရှောက်လုံက ခေါင်းညိတ်ပြလိုက်ပြီး …

"ဟုတ်ပါတယ်"

ကျိုရှင်က ရယ်ကျဲကျဲဖြင့် …

"ဒါဖြင့် မင်းကို သူက ဘယ်လိုအကြောင်းကြောင့် ကျွေးမွေး စောင့်ရှောက်ခဲ့ရတာလဲ"

ရှောက်လုံ၏မျက်နှာတွင် ဝမ်းနည်းရိပ်တို့က ချက်ချင်းပေါ် လာပြန်သည်။

"ကျွန်တော်ဟာ မိဘမဲ့ တစ်ကောင်ကြွက်ပါ၊ ကျွန်တော်ငယ် စဉ်ကတည်းက ကျွန်တော့် မိဘနှစ်ပါးဟာ အသတ်ခံခဲ့ရပါတယ်၊ ဘဘက ကျွန်တော့်ကို ကောက်ယူမွေးစားပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ ပါတယ်၊ ဘဘဟာ ကျွန်တော့်မိဘတွေအကြောင်းကို ကျွန်တော်ကြီး ပြင်းလာတဲ့ တစ်နေ့မှာ ပြောပြမယ်လို့ ပြောခဲ့ပါတယ်၊ ဒါပေမယ့် အခု ဘဘဟာ ဒီအကြောင်းတွေကိုမပြောနိုင်ဘဲ ရုတ်တရက် ကွယ် လွန်သွားခဲ့ရတယ်"

ရှောက်လုံမှာ ပြောနေရင်းမှ ဝမ်းနည်းကြေကွဲ၍လာ၏။



ထို့ကြောင့် …

သူသည် စကားကိုဆက်မပြောတော့ဘဲ ခေတ္တရပ်ထားလိုက် လေသည်။

ထိုစဉ် …

ကျိုရှင်က လက်ဝါးတစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး …

"ဟုတ်ပြီ … ကျုပ်သတိရပြီ၊ ရီဖန်း ကျုပ်ကိုပြောပြခဲ့ဖူးတာ တွေက လက်စသတ်တော့ မင်းနဲ့သက်ဆိုင်နေတာကိုး၊ ရီဖန်းသေဆုံး ကာနီးမှာ စာတွေရေးသားခဲ့တဲ့အကြောင်းရင်းက မင်းရဲ့အဖြစ်အပျက် ကို ပြောပြနိုင်းတဲ့ သဘောဘဲ၊ ဘာကြောင့်လဲဆိုတော့ ဒီအဖြစ်အပျက် တွေကို သူနဲ့ကျုပ်တို့ နှစ်ယောက်ပဲ သိကြတယ်လေ"

မိမိ၏အကြောင်းဟု ကြားလိုက်ရသည်နှင့် ရှောက်လုံမှာ လွန် စွာ အားတတ်လာသည်။

ထိုစကားသည် သူ့ဘဝ တစ်သက်တာတွင် အသိချင်ဆုံး၊ အကြားချင်ဆုံးသော အကြောင်းအရာများပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ဤကိစ္စအတွက် စုံစမ်းခဲ့ရဖူးပေါင်းလည်း မနည်းတော့ပေ။

ဘဘရီဖန်းမှာ လွန်စွာမှပင် နှုတ်လုံလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

မိမိဘဝ၏ အတိတ်ဖြစ်ရပ်များကို ယနေ့တိုင် မသိရခြင်း ဖြစ်သည်။

ရိဖန်း ကွယ်လွန်စဉ်က မိမိအကြောင်းကို သိနိုင်တော့မည် မဟုတ်ဟု ထင်မှတ်ကာ ရှောက်လုံမှာ စိတ်ဓာတ်ကျခဲ့မိသည်။

သို့သော် ...

ယခုလို မိမိအကြောင်းကို သိနေသူနောက်တစ်ယောက်ကို တွေ့ရပြီဖြစ်သဖြင့် ရှောက်လုံအဖို့ တအားတက်လာမိတော့သည်။

သို့ဖြစ်၍ ...

ရှောက်လုံက ကျိရွှင်ကို အားတက်သရောဖြင့် ...

"ကျွန်တော်ရဲ့ဘဝဇာတ်ကြောင်းကို သိတဲ့သူဟာ ဆရာတော် တစ်ယောက်လုံး ရှိနေသေးတယ်ဆိုတာ သိရတော့ ကျွန်တော် သိပ် အားတက်သွားမိတယ်၊ ဒီကိစ္စအတွက်နဲ့ ကျွန်တော့်မှာ မကျေမနပ် ဖြစ်နေတာ ကြာပါပြီ"

ထို့နောက် ...

ရှောက်လုံက ကျိရွှင် ပြန်ပြောလာမည့် စကားကို ငံ့လင့်နေမိ၏။



ကျိရွှင်က လမ်းနံဘေးယာဘက်တွင်ရှိသော တောင်ကုန်းတစ်ခု အား လက်ညှိုးထိုးပြလိုက်ပြီး ...

"ကျုပ်တို့ အဲဒီတောင်ကုန်းမှာ အေးအေးဆေးဆေး စကား ပြောကြရအောင်လား"

ရှောက်လုံက ကျိရွှင်၏ အဆိုပြုချက်ကို သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် ...

နှစ်ယောက်သား တောင်ကုန်းရှိရာဘက်သို့ လျှောက်လာကြ သည်။

တောင်ကုန်းပေါ်သို့ရောက်လျှင် ကျိရွှင်က သစ်ပင်တစ်ပင် အောက်တွင် ထိုင်ချလိုက်၏။

ရှောက်လုံကလည်း သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်ချလိုက် ၏။

ကျိရွှင်က သက်ပြင်းတစ်ချက်ချကာ ...

"ဒီအကြောင်းတွေလည်း ငါ မသိခဲ့ပါဘူး၊ ရိဖန်းက တစ်နေ့ မှာ ငါ့ကို ပြောပြခဲ့လို့ သိခဲ့ရတာပါ၊ ငါကပဲ မင်းကို တစ်ဆင့်ပြန်ပြော ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားအစချီကာ ရှောက်လုံ၏ မိဘနှစ်ပါးအကြောင်းအား ပြောပြလာလေတော့သည်။

* * *

# ဂြိုလ်မွေးတဲ့ဓား

ကျောက်စိမ်းဓား ...

ကျောက်စိမ်းဓားသည် သိုင်းလောကရတနာတစ်ပါး ဖြစ်သည်။

သိုင်းသမားတိုင်းသည် ကျောက်စိမ်းဓားအား လိုချင်မက်မောကြသည်။

ကျောက်စိမ်းဓား၌ လျှို့ဝှက်စွာရေးသားထားသော ပြိုင်ဘက်ကင်း သိုင်းသုံးကွက် ပါရှိသည်ဟုလည်းကောင်း ...

ကျောက်စိမ်းဓားသည် မှော်ဝင်နေသော ဓားတစ်လက်ဖြစ်ကာ အလွန်အစွမ်းထက်လှသည်ဟုလည်းကောင်း ...

ကျောက်စိမ်းဓားကိုသာ ရပါက သိုင်းလောကတွင် မည်သူ့ကိုမှ မှုစရာမလိုဟုလည်းကောင်း ...

www.burmeseclassic.com

www.burmeseclassic.com



စသည့် ကျောက်စိမ်းဓားနှင့်ပတ်သက်သော သတင်းစကားများ အမျိုးမျိုးထွက်ပေါ်နေ၏။

ကျောက်စိမ်းဓားသည် အလွန်တရာအစွမ်းထက်လှသော ဓားတစ်လက်ဖြစ်နေသည်ကိုကား မည်သူမျှ ငြင်းမရချေ။

သို့သော် ...

နာမည်ကြီးကျောက်စိမ်းဓားသည် မည်သူ့ထံ၌ ရှိသည်။

မည်သည့်နေရာ၌ရှိသည်ကိုကား မည်သူတစ်ဦးတစ်ယောက်မှ မသိရှိကြချေ။

ကျောက်စိမ်းဓား ရှာဖွေနေကြသူများမှာ ကောက်ရိုးပုံထဲပျောက်သည့် အပ်တစ်ချောင်းကိုရှာသည့်နှယ် ဖြစ်နေသည်။

ယင်းသို့ရှိစဉ် ...

ဟသ်ာမောင်နှံသည် ထိုကျောက်စိမ်းဓားအား မမျှော်လင့်ဘဲ ရရှိခဲ့ကြသည်။

ယင်းသို့ ရရှိခဲ့ကြခြင်းကပင် ကြမ္မာငင်ခဲ့မိတော့သည်။

✻ ✻ ✻



"ခွပ်ခွပ် ... ခွပ်ခွပ်"

"ဣှီ ... ဣှီ ..."

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ဆူညံစွာထွက်ပေါ်လာလေသည်။

မြင်းလှည်းတစ်စီးသည် တောလမ်းကလေးအတိုင်း မောင်းနှင်လာသည်။

မြင်းလှည်းမောင်းသူမှာ အသက်သုံးဆယ်ကျော် လူလတ်ပိုင်းတစ်ယောက် ဖြစ်သည်။

နှုတ်ခမ်းမွေးစစရှိပြီး ဥပဓိရုပ်ကောင်းမွန်လှသည်။

သူ၏မျက်နှာအား ကြည့်ရုံနှင့်မျှပင် တိကျပြတ်သားသူ၊ မဟုတ်မခံတတ်သူဖြစ်ကြောင်း သိရှိနိုင်သည်။

ထိုလူမှာ အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုလူသည် မြင်းလှည်းအား ဖြည်းဖြည်းမှန်မှန် မောင်းလာရင်းမှ တောလမ်းတစ်နေရာသို့ အရောက်တွင် ...

"ဟေး ... ဟေး ..."

မြင်းများကို အော်ငေါက်ကာ ရပ်တန့်လိုက်လေသည်။

မြင်းလှည်းမှာ တုန့်ခနဲ ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာပင် ...

"အစ်ကိုရှောက်ဝမ်း ... ဘာဖြစ်လို့လဲ"

မြင်းလှည်းအိမ်အတွင်းမှ ချိုသာသော အမျိုးသမီးတစ်ယောက် အသံ ထွက်ပေါ်လာသည်။

ဝတ်စုံဝါနှင့် ရှောက်ဝမ်းဆိုသူက သက်ပြင်းတစ်ချက် ချရင်း ...

"လမ်းမှာ သစ်ပင်တစ်ပင် လဲကျနေတယ်၊ ရှေ့ဆက်သွားချင်ရင် သစ်ပင်ကို ဖယ်ရှားပစ်မှ ဖြစ်မယ်"

ပြောရင်း မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။

သူက မြေပေါ်ခြေချမိသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် မြင်းလှည်းတံခါးပွင့်လာပြီး အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသော အမျိုးသမီးတစ်ယောက် ဆင်းလာသည်။

သူမ၏လက်ထဲတွင် နှစ်နှစ်ခန့်ရှိသော ကလေးငယ်အား ပွေ့ချီထားသည်။

ရှောက်ဝမ်းအားကြည့်ကာ ...

"ဒီလိုဆို ဘယ်လိုလုပ်မလဲ"

ရှောက်ဝမ်း သက်ပြင်းချကာ ...



"ခက်တာက တခြားလမ်းကသွားဖို့ကျတော့ ခြေလျင်နဲ့သွားမှ ဖြစ်မယ်"

သူကပြောပြောဆိုဆို မြင်းလှည်းရှေ့သို့ လှမ်းကြည့်လိုက်၏။

မြင်းလှည်းရှေ့ ငါးပေအကွာတွင် သစ်ပင်တစ်ပင်မှာ တောလမ်းကလေးအား ကန့်လန့်ဖြတ် လဲကျနေသည်။

အမျိုးသမီးက အကဲခတ်ကြည့်ရင်းမှ ရှောက်ဝမ်းအား ပြောလိုက်၏။

"အစ်ကို ... ဒီသစ်ပင်လဲကျနေတာ ထူးဆန်းတယ်၊ ဒီနေရာမှာ မိုးသက်လေပြင်း ကျရောက်ခဲ့ပုံလည်း မရှိဘူး"

သူမ၏စကားကြောင့် ရှောက်ဝမ်း မျက်မှောင်ကြုတ်လိုက်၏။

"ညီမကြူးချင်းက ဘယ်လိုထင်လို့လဲ"

အမျိုးသမ်းကြူးချင်းက ...

"သစ်ပင်အရင်းကို ကြည့်ရတာ တစ်စုံတစ်ယောက်က ခုတ်ဖြတ်ထားပုံရတယ်"

ထိုအခါမှ ရှောက်ဝမ်းက သစ်ပင်၏ခြေရင်းအား သေသေချာချာ ကြည့်မိလိုက်သည်။

မှန်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ခြေရင်း ပင်စည်၌ ခုတ်ရာထစ်ရာများ ရှိနေ၏။

"ဒါ ... ဘယ်လိုဖြစ်တာလဲ"

ရှောက်ဝမ်းက လွှတ်ခနဲရေရွတ်လိုက်၏။

ကြူးချင်းက ...

"ဒါဟာ တစ်စုံတစ်ယောက်ရဲ့ လက်ချက်ကြောင့်ပဲဖြစ်ရမယ်"

ထိုစကားကြားလျှင် ရှောက်ဝမ်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ထိုစဉ်မှာပင် ...

"ဟူး ... ဟူး ... "

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလာပြီး လူတစ်စုသည် ရုတ်ခြည်းရောက်ရှိကာ ဝိုင်းရံလာကြတော့သည်။

ထိုလူရှစ်ယောက် ရောက်ရှိလာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည်ဟုပင် ထင်ရပေတော့သည်။

✻ ✻ ✻

လူရှစ်ယောက် ...



အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြပြီး အေးစက်တင်းသောမျက်နှာထားများ ရှိကြ၏။

ရှောက်ဝမ်းက ကြူးချင်းအနီး ချဉ်းကပ်သွားကာ ...

"ညီမ ... သားလေးကို ဂရုစိုက်ပါ"

ဟု တိုးတိုးပြောလိုက်၏။

ထို့နောက် ...

ဝိုင်းရံထားသူများအား တစ်ချက်ဝေ့ကြည့်ကာ ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ထိုလူရှစ်ယောက်စလုံး မျက်နှာတွင် ပဝါနက်များ စည်းနှောင်ထားကြသည် မဟုတ်ပါလား။

အညိုရောင်ဝတ်ဆင်ထားသူက ...

"ကျုပ်တို့ ဘယ်သူလဲဆိုတာ မင်းတို့သိစရာမလိုဘူး၊ မင်းတို့က ဟသ်ာမောင်နဲ့ နှစ်ဖော် မဟုတ်လား"

ရှောက်ဝမ်း အံ့အားသင့်သွား၏။

"ခင်ဗျားတို့ ဘယ်လိုလုပ်သိတာလဲ"

အညိုရောင်ဝတ်ဆင်ထားသူက ...

"ဒါ အရေးမကြီးဘူး၊ အရေးအကြီးဆုံးက မင်းတို့အတူလာတဲ့ ကျောက်စိမ်းဓားကို ကျုပ်တို့လက်ထဲအပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းဓားဟူသော အမည်ကြားလျှင် ရှေ့ကော်ဝမ်းမျက်နှာ ပျက်သွား၏။

မိမိထံ၌ ကျောက်စိမ်းဓားရှိနေကြောင်း ထိုလူ အဘယ့်ကြောင့် သိနေပါသနည်း။

"ကျုပ်ဆီမှာ ကျောက်စိမ်းဓားရှိတယ်ဆိုတာ ခင်ဗျားတို့က ဘယ်လိုလုပ်သိသလဲ"

အညိုရောင်ဝတ်ဆင်ထားသူက ရယ်မောကာ ...

"ကျုပ်တို့က ကျောက်စိမ်းဓားနောက် လိုက်နေကြတဲ့သူတွေပဲ၊ မင်းတို့ဆီမှာ ကျောက်စိမ်းဓားရှိနေတယ်ဆိုတဲ့ သတင်းရတာ မဆန်းပါဘူး"

ရှောက်ဝမ်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ဆီမှာရှိတယ်ပဲ ထားပါဦး၊ ခင်ဗျားတို့ အလွယ်တကူ ရမယ်ထင်ရင် မှားသွားလိမ့်မယ်"

"မင်းတို့ မသေချင်ရင် ကျောက်စိမ်းဓား ပေးစမ်း"

အညိုရောင်ဝတ်ဆင်ထားသူက အေးတိအေးစက် လေသံဖြင့် ပြောလာသည်။

ရှောက်ဝမ်းမှာ အန္တရာယ်မှရှောင်လွဲ၍ မတော့မှန်းသိလျှင် ကြိုးချောင်းဘက်လှည့်ကာ ...



"ညီမ ... သားလေးကို ဂရုစိုက်"

ပြောပြီးသည်နှင့် အညိုရောင်ဝတ်ဆင်ထားသူအနီးသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားကာ တိုက်ခိုက်လိုက်လေသည်။

အညိုရောင်ဝတ်ဆင်ထားသူက မရှောင်တိမ်းဘဲ ပြန်လည်ခုခံလိုက်သည်။

ထိုအခါ ...

ကျန်လူများက ရှောက်ဝမ်းအား အသီးသီးတိုက်ခိုက်လာကြတော့သည်။

ကြိုးချင်း မနေနိုင်တော့ပါ။

သားဖြစ်သူအား အိပ်ပျော်စေသော သွေးကြောကိုထိုးပိတ်ကာ မြင်းလှည်းထဲထည့်ထားလိုက်၏။

ထို့နောက် ...

ဓားတစ်လက်ဆွဲကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားလေသည်။

❋ ❋ ❋

"ယား ..."

www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးသံ အော်ဟစ်သံများ တစ်ခဲနက်ပျံလွင့်လာ၏။

ရန်သူရှစ်ယောက်မှာ ဟသ်ာမောင်နှံ့အား တရကြမ်းတိုက်ခိုက်နေကြ၏။

အများနှင့် တစ်ယောက်မို့ ရှောက်ဝမ်းတို့မှာ တဖြည်းဖြည်း အရေးနိမ့်လာကြသည်။

နောက်ဆုံးတွင် ရှောက်ဝမ်းက ဓားတစ်လက်ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ရသည်။

ထိုဓားမှာ စိမ်းဖန့်ဖန့်အရောင်တောက်ပနေသော ဓားတစ်လက်ဖြစ်သည်။

ထိုဓားကိုမြင်လျှင် ...

"ကျောက်စိမ်းဓား ..."

အညိုရောင်ဝတ်ဆင်ထားသူက လွတ်ခနဲရေရွတ်လိုက်သည်။

ရှောက်ဝမ်းက ...

"ဟုတ်တယ်၊ ခင်ဗျားတို့အသက်ကို ခြွေယူမယ့် ကျောက်စိမ်းဓားပဲ"

သူက ကျောက်စိမ်းဓားကိုဝှေ့ယမ်း တိုက်ခိုက်လိုက်သည်နှင့် အလင်းရောင်တန်းများ ဖြာထွက်လာကာ ...



"အား ..."

"အင့် ..."

ရန်သူနှစ်ယောက်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။ သူတို့၏ကိုယ်ပေါ်တွင် ဒဏ်ရာတစ်ချက်စီ ရရှိသွားသည်။

သို့သော် ...

ကျောက်စိမ်းဓားမှာ အလွန်အစွမ်းထက်သည်ကို တွေ့ရလျှင်ပို၍ လောဘတက်လာ၏။

"ယား ..."

ညာသံပေးကာ ရှောက်ဝမ်းအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြသည်။

ရှောက်ဝမ်းက ကျောက်စိမ်းဓားဖြင့် တိုက်ခိုက်ရင်း ဝဲယာလက်ငါးချောင်းဖြင့် ကုပ်ဆွဲချလိုက်၏။

အခြေအနေမဟန်မှန်းသိလျှင် အညိုရောင်ဝတ်ဆင်ထားသူက တိုက်ခိုက်မှုကို ရုပ်သိမ်းကာ ခုန်ထွက်သွားသည်။

သို့သော်လည်း ရှောင်ဝမ်း၏လက်ငါးချောင်းက သူ၏ယပါစအား ဆွဲကုပ်မိသွား၏။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ဝတ်ဆင်ထားသူ၏ မျက်နှာအား တွေ့မြင်လိုက်ရလေတော့သည်။

"ဟင် ... ကျောက်စီဓား ကုန်းမှု"

ရောက်ဝမ်း လွှတ်ခနဲ ရေရွတ်လိုက်၏။

ကျောက်စီဓားကုန်းမှုသည် သိုင်းလောကတွင် နာမည်ကြီးမားသမားတစ်ယောက် ဖြစ်သည်။

ကုန်းမှုသည် မိမိအား ဒုက္ခပေးသည်ကို မနှစ်သက်သလို သူတစ်ပါးကိုလည်း ဒုက္ခမပေးတတ်သောလူစားမျိုး ဖြစ်သည်။

ယခု ကုန်းမှုအားမြင်လျှင် ရောက်ဝမ်း တအံ့တသြဖြစ်သွား၏။

ယင်းခဏမှာပင် ကုန်းမှုက ရောက်ဝမ်းအား အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်နိုင်ခဲ့တော့သည်။

ရောက်ဝမ်းမှာ ဒဏ်ရာများရရှိသွားသည့်နည်းတူ ကြူးချင်းသည်လည်း ဒဏ်ရာငါးချက်ထက်မနည်း ရရှိသွားခဲ့လေတော့သည်။

* * *

ကျိုရှင် သက်ပြင်းချလိုက်၏။



"နောက်ပိုင်းမှာ ဟင်္သာမောင်နှံဟာ ရန်သူတွေလက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်၊ အဲဒီ ဟင်္သာမောင်နှံဟာ မင်းရဲ့မိဘတွေပဲကွယ့်"

ရောက်လုံမှာ ကျိုရှင်၏ရှင်းပြမှုကို နားထောင်ရင်း ဒေါသသွေးများ ဆူဝေလာသည်။

"ကျွန်တော်က ဘာဘရိဖန်းဆီ ဘယ်လိုရောက်သွားရတာလဲ"

ကျိုရှင်က လေသံအေးအေးဖြင့် ...

"ရိဖန်က ခရီးထွက်လာရင်းနဲ့ ကြုံကြိုက်ခဲ့တာပဲ၊ မင်းအဖေ သေခါနီးဆဲဆဲမှာ လူတစ်ယောက်ရဲ့အမည်ကို ပြောပြသွားခဲ့တယ်၊ ရိဖန်က မြင်းလှည်းထဲမှာ မသေဘဲ ကျန်ရစ်ခဲ့တဲ့ မင်းကိုတွေ့ပြီး ကောက်ယူမွေးစားခဲ့တာပဲ"

ရောက်လုံက ...

"လူသတ်သမားက ဘယ်သူလဲ"

"ရိဖန်အနေနဲ့ လူတစ်ယောက်ရဲ့အမည်ပဲ သိခဲ့ရတယ်"

"သူ့နာမည်က ဘယ်သူလဲ"

"ကျောက်စီဓား ကုန်းမှုပါ၊ အခုသူက ကျောက်စီဓားဂိုဏ်းချုပ် ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး ...

"ကျောက်စိမ်းဂိုဏ်း ဘယ်မှာရှိသလဲ"

"ချန်စန်းမြို့မှာ ရှိတယ်"

ကျိုရှင်၏စကားဆုံးသွားသည်နှင့် ရှောက်လုံက ထိုင်ရာမှထရပ်လိုက်၏။

သူက ကျိုရှင်အား ဦးညွှတ်အရိုအသေပြုလိုက်ပြီး ...

"ဆရာတော်ရဲ့ကျေးဇူးကို မမေ့ပါဘူး၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ကျိုရှင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"မင်း အခု ကုန်းမုကို သွားတွေ့မလို့လား"

ရှောက်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကျိုရှင်က ပင့်သက်ရှိုက်လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် မင်း စိတ်လိုက်မာန်ပါ မလုပ်မိစေနဲ့"

ရှောက်လုံ ခေါင်းညိတ်လိုက်၏။

"ကျွန်တော် အထူးသတိထားပါ့မယ်ခင်ဗျာ"



"အေး ... သွားပေတော့၊ သွားပေတော့"

ထို့နောက် ...

ရှောက်လုံသည် ကျိုရှင်အား ဦးညွှတ်အရိုအသေပေးလိုက်ပြီးနောက် ချာခနဲလှည့်ကာ ထွက်ခွာလာခဲ့လေတော့သည်။

သူက ကျောက်စိမ်းဂိုဏ်းတည်ရှိရာ ချန်စန်းမြို့ကလေးဆီသို့ ဦးတည်ထွက်ခွာလာခဲ့ခြင်းပင်။

ရှောက်လုံက လမ်းခရီးတွင် သစ်ပင်တစ်ပင်ပေါ်တက်၍ အိပ်စက်လိုက်သည်။

ထို့နောက် ...

မနက်မိုးစင်စင်လည်းမှပင် ကျောက်စိမ်းဂိုဏ်းဌာနချုပ်ဆီသို့ ထွက်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ရန်ကြွေး

ကျောက်စီဓားဂေဟာသို့ နောက်ထပ်ရောက်လာသောဧည့်သည် မှာ ခံ့ညားချောမောသည့် လူငယ်တစ်ယောက်ဖြစ်၏။

ထိုလူငယ်သည် ဝတ်စုံဖြူကိုဝတ်ဆင်ထားပြီး တံခါးရှေ့တွင် တုံ့ခနဲ ရပ်လိုက်၏။

ဝတ်စုံဖြူနှင့်လူငယ်မှာ ကျောက်စီဓားဂေဟာ အဝင်တံခါးဝ လေ့ကားထစ်ရှိ ကျောက်ပြားဆိုင်းဘုတ်ကြီးကို သေချာစွာ စိုက်ကြည့် လိုက်၏။

ထိုကျောက်ပြားဆိုင်းဘုတ်ကြီးပေါ်တွင် ကျောက်စီဓားဂေဟာ ဟူသော စာလုံးကို ထွင်းထားသည်။

ဝတ်စုံဖြူနှင့် လူငယ်က ဆိုင်းဘုတ်ကိုကြည့်ကာ ခေါင်း



တဆတ် ဆတ်ညိတ်ပြီး တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်လေ သည်။

"ကျောက်စီဓားဂိုဏ်းဟာ သည်ကနေ့ကစပြီး သိုင်းလောကထဲ ကနေ ပျောက်ကွယ်သွားစေရမယ်"

ထိုသို့ရေရွတ်လိုက်ပြီးသည်နှင့် လက်ဝါးနှစ်ဖက် ပြိုင်တူရိုက် ထုတ်လိုက်၏။

"ဝုန်း ..."

ဝုန်းခနဲအသံနှင့်အတူ ကျောက်ပြားဆိုင်းဘုတ်ကြီးတစ်ခုလုံး ကြေမွသွားလေသည်။

ကျောက်ပြားစများသည် မြေပေါ်သို့ တစ်စစီပဲ့ကြွေကျကုန် တော့သည်။

ဝုန်းခနဲအသံကြောင့် ဂေဟာအတွင်းမှ ပြေးထွက်လာကြသည်။

မြေပေါ်တွင် ပြန့်ကျဲနေသော ကျောက်ခဲကျောက်စများကို တွေ့လိုက်ရသည်နှင့် အစောင့်နှစ်ယောက်၏ မျက်နှာ အကြီးအကျယ် ပျက်သွားလေ၏။

ဝတ်စုံဖြူနှင့်လူငယ်အား နှစ်ယောက်သား စိုက်ကြည့်လိုက်ပြီး တစ်ယောက်က ဒေါသသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းက သည်မှာလာပြီး ရမ်းကား ..."

ထိုလူမှာ စကားကိုဆုံးအောင်ပင် မပြောနိုင်ရှာပေ။

သူ၏ လည်ပင်းအား ရုတ်တရက် ဖမ်းချုပ်ခံလိုက်ရသော ကြောင့် ဖြစ်သည်။

ဝတ်စုံဖြူနှင့်လူငယ်က အစောင့်အား တစ်ချက်စူးစိုက်ကာ ကြည့်လိုက်သည်။

ထိုလူငယ်၏အကြည့်က အစောင့်၏နှလုံးသားအတွင်းသို့ စားပါးပါးနှင့်မွေ့၍ ထိုးသွင်းခံရသည့်အလား အေးစက်မာကျောလှ၏။

ထိုအစောင့်မှာ လည်ပင်းအား ဖမ်းချုပ်ခံလိုက်ရသဖြင့် တစ်ကိုယ်လုံးရှိသွေးကြောများ အေးခဲသွားမတတ် ခံစားလိုက်ရလေသည်။

ကျန်အစောင့်တစ်ယောက်က စိတ်ကိုတည်ငြိမ်အောင်ကြိုးစား ထိန်းချုပ်လိုက်ပြီး တုန်ယင်သောအသံဖြင့် ...

"မိတ်ဆွေက တမင်ရန်ပြုဖို့လာတာလား"

ဟု မေးလိုက်၏။

သို့သော် ...

ယင်းအစောင့်၏အမေးကို ဝတ်စုံဖြူနှင့်လူငယ်က လုံးဝ မဖြေဘဲ အေးစက်မာကျောစွာ ရယ်မောလိုက်ပြီး ...



"မင်းတို့ရဲ့ဂိုဏ်းချုပ်ကို သွားပြောလိုက်ပါ၊ ကျုပ်က တွေ့ချင်တယ်လို့"

အစောင့်မှာ တွန့်သွားမိ၏။

သူက လေသံပျော့လေးဖြင့် ...

"မိတ်ဆွေက ဘယ်သူပါလဲ"

ထိုလူငယ်က ပြုံး၍ ...

"အရိပ်မဲ့လက်ညှိုးသိုင်းသမားလို့ ပြောရင် သိပါလိမ့်မယ်"

အရိပ်မဲ့လက်ညှိုးဆိုသည့် အမည်ကို ကြားလိုက်ရသည်နှင့် အစောင့်နှစ်ယောက်၏မျက်နှာတွင် မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ ရှိသွားကာ ဂေဟာအတွင်းဘက်သို့ ဆုတ်ဝင်သွားလေသည်။

သူတို့အနေဖြင့် ယင်းအမည်ကို ကြားဖူးလေသည်။

အရိပ်မဲ့လက်ညှိုးဆိုသည့် လူရွယ်မှာ အရိပ်မဲ့လက်ညှိုးသိုင်းဆရာ၏တပည့်ပင် ဖြစ်သည်။

ယင်းအရိပ်မဲ့သိုင်းဆရာသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော သိုင်းသမားတစ်ယောက်ဟု ဆိုရလောက်အောင် ကြောက်စရာအလွန်ကောင်းသော ဖဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

ဤဂူဟာသို့ အဘယ်ကြောင့် ရန်လာရှာရသနည်း။

အစောင့်များမှာ မည်သို့မျှ စဉ်းစား၍မရအောင် ဖြစ်နေ၏။

ထိုအခါ ...

အစောင့်တစ်ယောက်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ဒါဆို မင်းက အရိပ်မဲ့လက်ညှိုးရှောက်လုံပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

ဝတ်စုံဖြူနှင့် လူငယ်က ပြုံးရယ်ပြီး ...

"သိပ်ဟုတ်တာပေါ့"

ဟု ပြောလိုက်၏။

သို့နှင့် အစောင့်က ကြိုးစား၍စိတ်ကို ထိန်းချုပ်လိုက်ရင်းမှ ...

"ဒါဆို မင်းက ငါတို့ဂိုဏ်းချုပ်ကြီးကို ဘာကြောင့် တွေ့ချင်ရတာလဲ"

ရှောက်လုံက အသံမာမာဖြင့် တုံတောင်းပြတ်သားစွာ ဖြေလိုက်၏။

"သူ့ကို သတ်မလို့"

ထိုစဉ် ...



ဂူဟာအတွင်းမှ လူလတ်ပိုင်းအရွယ်ရှိ လူတစ်ယောက် လျင်မြန်စွာ ပြေးထွက်လာလေသည်။

မြေကြီးပေါ်၌ ပြန့်ကျဲနေသော ကျောက်ပြားအကွဲစများကို မြင်လိုက်ရသောအခါ မျက်လုံးပြူးသွား၏။

သူမ၏မျက်လုံးအစုံက တစ်ခဏချင်း နီရဲလာကာ ရှောက်လုံအား စိုက်ကြည့်လိုက်လေသည်။

ဂိုဏ်း၏နာမည်ဆိုင်းဘုတ် ကျောက်ပြားကို ဖျက်ဆီးခံလိုက်ရခြင်းသည် ဂိုဏ်းတစ်ခုလုံးအား စော်ကားခံလိုက်ရခြင်းနှင့် အတူတူပင် ဖြစ်သည်။

စိန်ခေါ်လိုက်သည့်သဘောလည်း ဖြစ်သည်။

နောက်ထပ် ထွက်လာသည့် လူမှာ ကျောက်စီဓားဂိုဏ်းချုပ်ကြီး၏ညာလက်ရုံးဖြစ်သူ ဓားသမားလုဖိန်ပင် ဖြစ်လေတော့၏။

အစောင့်လူငယ် နှစ်ယောက်မှာ လုဖိန် ထွက်လာသည်နှင့် နောက်သို့ အနည်းငယ်ဆုတ်သွားကြ၏။

ဒေါသချောင်းချောင်းထွက်နေသော လုဖိန်သည် အံကိုတင်း တင်းကြိတ်လျက် ဝတ်စုံဖြူနှင့် လူငယ်ရှေ့သို့ တိုးထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဖိန်မှာ ရှောက်လုံအား အစိမ်းလိုက်ဝါးစားတော့မတတ် စိုက်ကြည့်လိုက်ပြီး …

"ရှောက်လုံ ဒါ ဘာဘောလဲ"

ရှောက်လုံက လက်စားချေရန် တက်ကြွနေသော သူ၏စိတ်ကို မနည်းပင် ထိန်းချုပ်ထားရပြီး လုဖိန်အား အေးစက်စက်အမူအရာဖြင့် ကြည့်ကာ …

"ဓားသမားလုဖိန် ထင်ပါရဲ့၊ ကုန်းမုကို သွားခေါ်လိုက်စမ်းပါ၊ ကျုပ်က တွေ့ချင်တယ်လို့"

ဟု ပြောလိုက်သည်။

လုဖိန်၏မျက်နှာမှာ ဒေါသကြောင့် ဖြတ်ခနဲနီရဲသွားသည်။

"ဟေ့ကောင် … ရမ်းကားလှချည်လား၊ သည်ဂေဟာက ရမ်းကားလို့ရတဲ့နေရာ မဟုတ်ဘူးဆိုတာ နားလည်ရဲ့လား"

ပြောပြောဆိုဆို လုဖိန်က 'ချွမ်း'ခနဲ ဓားကိုဆွဲထုတ်လိုက်လေသည်။

ရှောက်လုံက လုဖိန်ကို အေးစက်သောအမူအရာဖြင့် ကြည့်လိုက်လေသည်။

ပြီးလျှင် …



"နေပါဦးလေ … မိတ်ဆွေရဲ့၊ ခင်ဗျားကို ပထမဆုံးလူအဖြစ် ကျုပ်ရဲ့ဓားနဲ့ မိတ်မဆက်ချင်သေးဘူး၊ ဒါကြောင့် ခဏလောက်တော့ စောင့်စေချင်တယ်"

ဟု ပြောလေသည်။

လုဖိန်မှာ အခံရအလွန်ခက်သွားသည်။

မိမိ၏ဂုဏ်သိက္ခာနှင့် ဂိုဏ်း၏ဂုဏ်သိက္ခာကိုပါ ထိခိုက်လာပြီ ဖြစ်သဖြင့် 'အရိပ်မဲ့လက်ညှိုး ရှောက်လုံ'အား သူ့အနေဖြင့် မနိုင်မှန်း သိသော်လည်း မတိုက်ခိုက်၍ လုံးဝ မဖြစ်နိုင်တော့ပေ။

သေမင်းမှန်းသိလျက်နှင့် သွေးမင်းထဲ ဖွတ်ဝင်တိုးရပေမည်။

လုဖိန်ကဓားကိုဝှေ့ယမ်းကာ စတင်လှုပ်ရှားပုံကိုကြည့်လိုက်ခြင်းအားဖြင့် သိုင်းပညာအဆင့်ကို ရှောက်လုံက ခန့်မှန်းသိလိုက်နိုင်သည်။

စင်စစ် …

လုဖိန်မှာ ကျောက်စိဓားဂိုဏ်း၏ ဒုတိယအဆင့်ရှိသူပင် ဖြစ်လေသည်။

ထို့ကြောင့် …

သူ၏ဓားကွက်များက လွန်စွာရှုပ်ထွေးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဖိန်၏တိုက်ကွက်တိုင်းက ရက်စက်၍ ကြမ်းကြုတ်လှ၏။

ဘေးမှမြင်ရသူတိုင်းအဖို့ သဲထိတ်ရင်ဖိုဖွယ်ကောင်းအောင် တိုက်ပွဲမှာ အလွန်ပင် ပြင်းထန်လှပေသည်။

သို့သော် ...

ယခု သူယှဉ်ပြိုင် တိုက်ခိုက်ရမည့်သူမှာလည်း သာမာန်လူ တစ်ယောက် မဟုတ်ပေ။

လုဖိန်၏ဓားကွက်အား နောက်သို့ခုန်ဆုတ်ရှောင်တိမ်းလိုက်လေ၏။

လေပွေလက်ဝါး အဆင့်မြင့်သိုင်းကွက်ကိုသုံးကာ လက်ဝါးနှစ်ဘက်စု၍ ရိုက်ထုတ်ကာ တိုက်ခိုက်လိုက်သည်။

လေပွေလှိုင်းအား တစ်ခုက လုဖိန်ထံသို့ ပြင်းထန်စွာ တိုးဝင်သွားလေသည်။

ရုတ်တရက်ဖြစ်၍ လုဖိန်မှာ ဓားရှင်နှင့်အတူ နောက်သို့နှစ်လှမ်းခန့် ဆုတ်သွားသည်။

အစောင့်နှစ်ယောက်မှာ အခြေအနေ မဟန်တော့မှန်းသိ၍ ဂေဟာအတွင်းသို့ ကြောက်လန့်တကြား ပြေးဝင်သွားလေတော့သည်။

✻ ✻ ✻



ရှောက်လုံသည် အေးစက်သောအမူအရာဖြင့် လုဖိန်အားကြည့်လိုက်ပြီး ဂေဟာအတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်လာသည်။

"ယား ..."

လုဖိန်မှာ မာန်တစ်ချက်သွင်းကာ အားယူအော်ဟစ်လိုက်ပြီး ရှောက်လုံထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လာပြန်သည်။

သူ၏လက်ထဲမှ ဓားရောင်က ဝင်းခနဲလက်သွားသည်။

ထိုအခါ ...

လုဖိန်သည် လျှင်မြန်စွာဖြင့် ရှောက်လုံ၏အဓိကသွေးကြောသုံးနေရာသို့ တိုးဝင်သွားလေသည်။

ရှောက်လုံက ဘေးသို့ဖြတ်ခနဲခုန်ကာ ရှောင်လိုက်ရ၏။

တစ်ဆက်တည်းပင် လုဖိန်က ရှောက်လုံထံသို့ ခုန်ဝင်လာလေသည်။

ရုတ်တရက် ...

ရှောက်လုံက လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ကာ လုဖိန်၏လက်ကောက်ဝတ်ရှိ သွေးကြောအား လက်ညှိုးတစ်ချက်ဖြင့် ထောက်လိုက်သည်။

ဤတိုက်ကွက်မှာ သိုင်းလောကတွင် တစ်ယောက်မျှသာတတ်ကျွမ်းထားသော အရိပ်မဲ့လက်ညှိုးပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြွမ်း ..."

ခြွမ်းခနဲ သံမဏိဓား လွတ်ကျသံ တစ်ချက် ထွက်ပေါ်လာပြီး ခုန်ဝင်လာသော လုဖိန်မှာ လမ်းတစ်ဝက်တွင်ပင် ရပ်တန့်သွားသည်။

လုဖိန်သည် အရိုပ်မဲ့လက်ညှိုးထောက်ချက်ကြောင့် လက်ကောက်ဝတ်တစ်ခုလုံး ထုံကျင်သွား၏။

လက်ထဲတွင်ရှိသော ဓားရှည်မှာလည်း အောက်သို့လွတ်ကျသွားလေသည်။

လုဖိန်မှာ ချက်ချင်းပင် ဓာချွေးများပျံလာ၏။

ရှောက်လုံမှာ တည်ငြိမ်သောခြေလှမ်းများဖြင့် ဂေဟာအတွင်းသို့ တစ်လှမ်းချင်း ဝင်လာ၏။

ဤတစ်ကြိမ်တွင် လုဖိန်မှာ တိုက်ခိုက်ခြင်းမပြုတော့ဘဲ အသာရပ်ကြည့်နေ၏။

ရှောက်လုံမှာ ဂေဟာအတွင်းသို့ လေးငါးလှမ်းမျှ ဝင်လိုက်မိသည်နှင့် ဂေဟာအတွင်းမှ လူတစ်အုပ် ထွက်လာ၏။

အနည်းဆုံး လူသုံးဆယ်ခန့် ရှိ၏။

ရှောက်လုံအနီးသို့ ရောက်သည်နှင့် ထိုလူအုပ်သည် တိုက်ပွဲကို စတင်ရန် နေရာအသီးသီး ယူလိုက်ကြ၏။



ရှေ့ဆုံးတွင် အပြာရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက် ရပ်နေ၏။

ရှောက်လုံမှာ ထိုအပြာရောင်ဝတ်စုံနှင့် အဘိုးအိုထံသို့ ဦးတည်လျှောက်သွားပြီး အဘိုးအိုနှင့် နှစ်လံအကွာတွင် ရပ်လိုက်၏။

လုဖိန်မှာ အနောက်ဘက်မှပတ်ကာ ဝင်ရောက်လာ၏။

ဝတ်စုံပြာနှင့် အဘိုးအို၏မျက်နှာပေါ်တွင် ထိတ်လန့်မှုက ပေါ်လွင်နေသည်။

အဘိုးအိုက ရှောက်လုံအား အသေအချာ အကဲခတ်လိုက်ပြီးနောက် လက်နှစ်ဖက်ကိုယှက်လျှက် ...

"ကျုပ်နာမည် ဖိန်စမ်းလို့ခေါ်တယ်၊ မောင်ရင်က အရိပ်မဲ့ လက်ညှိုး ရှောက်လုံ မဟုတ်လား"

ရှောက်လုံက အေးစက်မာကျောသော အမူအရာဖြင့် ...

"ဟုတ်ပါတယ်၊ ကျုပ်နာမည် ရှောက်လုံပါ"

ထိုအခါ ...

မိန်စန်း၏မျက်နှာသည် လေးနက်တည်ကြည်သွားပြီး ...

"မောင်ရင်က ကျုပ်တို့ဂေဟာရဲ့ ဆိုင်းဘုတ်ရှောက်ပြားကို ဘာလိုသဘောနဲ့ ဖျက်ဆီးပစ်လိုက်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်လေသည်။

ရောက်လုံက အံကိုတင်းတင်းကြိတ်ကာ မာကျောသောလေသံဖြင့် ...

"ခင်ဗျားတို့ ဂိုဏ်းတစ်ခုလုံးကို ဖျက်ဆီးလိုက်တဲ့သဘောပေါ့"

ပြောလိုက်သည်။

ထိုစကားကြားလျှင် မိန်စန်းသည် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

အတန်ကြာမှ ...

"နေပါဦး ... မောင်ရင်လေးနဲ့ ကျုပ်တို့ဂိုဏ်းက ဘယ်လိုရန်စများ ရှိနေလို့လဲ"

ဤတွင် ...

ရောက်လုံက ဒေါသကိုမချုပ်တည်းနိုင်တော့ဘဲ အော်ဟစ်၍ ပြောလိုက်၏။

"ရန်စရှိတာ မဟုတ်ဘူး၊ သွေးကြွေးရှိတာ၊ အခု အဲဒီသွေးကြွေးကို ကျုပ်လာတောင်းတာပဲ"

မိန်စန်းမှာ အံ့ဩသွားသည့် အမူအရာဖြင့် မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး ...



"သွေးကြွေးကိုလာတောင်းတာ ဟုတ်လား"

"ဟုတ်တယ်"

မိန်စန်းက မျက်မှောင်ကြုတ်၍ ...

"ကျုပ်သိသလောက်တော့ ဂိုဏ်းချုပ်ကြီးဟာ မောင်ရင်နဲ့ ဘာပြဿနာမှ မရှိခဲ့ပါလား"

ရောက်လုံက လက်တစ်ဖက်ကိုဝှေ့ယမ်း၍ ...

"အို ... ခင်ဗျားမသိဘူးဆိုရင် အကောင်းဆုံးကတော့ ခင်ဗျားတို့ဂိုဏ်းချုပ်ကို ထွက်လာခိုင်းပါ"

မိန်စန်းက မာကျောပြတ်သားသော လေသံဖြင့် ပြန်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးကုန်းမုနဲ့ ကျုပ်ဟာ သိုင်းသင်ဘက် ညီနောင်သွပဲ၊ မောင်ရင် ဖြေရှင်းစရာရှိတာတွေကို ကျုပ်နဲ့ဖြေရှင်းနိုင်ပါတယ်"

ရောက်လုံက မျက်ခုံးတစ်ချက်ပင့်၍ ...

"နောင်ကြီးက တာဝန်ယူ ဖြေရှင်းနိုင်ပါ့မလား"

မိန်စန်း၏မျက်နှာမှာ ရုတ်တရက် နီရဲသွားလေတော့သည်။

သူက ရက်ရယ်ရယ်လိုက်ကာ ...

"ရပါတယ်၊ မောင်ရင် ပြောစရာရှိတာသာ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက အေးစက်သောအကြည့်၊ ရက်စက်ကြမ်းကြုတ်တော့မည့် အမူအရာကိုပြလိုက်ပြီး ...

"ဒီကိစ္စမှာ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ဖြေရှင်းတာက ပိုကောင်းလိမ့်မယ်ထင်တယ်၊ ဂိုဏ်းချုပ်ကြီးကိုသာ ထွက်လာခိုင်းလိုက်ပါ"

မိန်စန်းက မဲ့ပြုံးပြုံးလျှက် ...

"ဂိုဏ်းချုပ်ကြီးကုန်းမှဟာ သိုင်းလောကသားတွေနဲ့ သွားလာဆက်ဆံမှု နည်းပါတယ်၊ သူ့မှာ ဘာပြဿနာမှ မရှိဘူးလို့ထင်တယ်၊ ဒါကြောင့် မောင်ရင်ပြောတာကို ကျုပ် ဘာမှနားမလည်နိုင်အောင် ဖြစ်နေတယ်"

ရှောက်လုံက ခက်ထန်စွာ စိုက်ကြည့်လိုက်၏။

ပြီးမှ မာဆတ်ဆတ်လေသံဖြင့် ...

"ကျုပ်ပြောပြီးပြီပဲ၊ သွေးကြွေးလာတောင်းတာပါလို့၊ သည်သွေးကြွေးက ဂိုဏ်းချုပ်ကုန်းမှ ကိုယ်တိုင်ပေးဆပ်မှ ကြေမယ့်သွေးကြွေးပဲ"

မိန်စန်းက သူ၏ဦးခေါင်းကို ဘယ်ညာခါယမ်းပြလိုက်ရင်း ...

"မောင်ရင့်အနေနဲ့ အဓိကအကြောင်းရင်းကို ပြောမပြနိုင်ဘူးဆိုရင်တော့ ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို ခေါ်မပေးနိုင်ဘူး"



ဟု ပြောသည်။

ဤတွင် ...

ရှောက်လုံက ရှေ့ကိုဖြတ်ခနဲ ခြေတစ်လှမ်းတိုးလိုက်ပြီး ...

"ခင်ဗျားတို့ ခေါ်မပေးဘူးဆိုရင်လည်း ကျုပ်ဟာကျုပ် သွားတွေ့ရတာပေါ့"

မိန်စန်းမှာ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားကာ ...

"ဘယ်လို ... ဘာပြောတယ်"

ရှောက်လုံက မဲ့ပြုံးပြုံး၍ ...

"ကျုပ် အခု သူ့ကိုသွားသတ်မလို့၊ နားလည်ပြီလား"

မိန်စန်းက မျက်မှောင်ကြုတ်လိုက်ရင်း မကျေမနပ်ဖြင့် ...

"သည်မှာမောင်ရင် ... မောင်ရင်ဟာ တရားလွန်နေပြီ၊ ကျုပ်တို့ဂေဟာကိုလည်း သက်သက်မဲ့ရန်စသေးတယ်၊ အခု ကျုပ်တို့ဂိုဏ်းချုပ်ကြီးကိုလည်း စော်ကားသေးတယ်၊ မင်းက ကျုပ်တို့ကျောက်စီအေးဂိုဏ်းကို ဘယ်လိုအောင့်မေ့နေလို့လဲ"

ဟုမေးသည်။

ထိုအခါ ...

ရှောက်လုံက အေးစက်စွာပြုံးရယ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်စီအားဂိုဏ်းဟာ သိုင်းလောကထဲက ပျောက်ကွယ်သွားမယ့် ဂိုဏ်းတစ်ဂိုဏ်းလို့ပဲ ကျုပ်ထင်တယ်"

မိန်စန်းက ...

"သည်မယ် ရှောက်လုံ ... ကျုပ်အနေနဲ့ မောင်ရင့်ကို သည်လောက်အထိ သည်းခံစကားပြောနေတာတောင် လွန်လှပြီ၊ သည်ထက်ပိုပြီး မရမ်းကားသင့်ဘူးလို့ ထင်တယ်"

ရှောက်လုံက မချိုပြုံးတစ်ချက် ပြုံးလိုက်သည်။

ပြီးမှ ခေါင်းကိုခါယမ်းလိုက်ကာ ...

"အားတော့နာပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က သွေးကြွေးရအောင် သွားတောင်းရလိမ့်မယ်"

သွေးကြွေးဆိုသည့် စကားလုံးကို ထပ်မံကြားလိုက်ရသဖြင့် ဂေဟာအတွင်းရှိလူများ မျက်နှာအကြီးအကျယ် ပျက်သွားသည်။

အားလုံး၏မျက်နှာဝယ် ဒေါသရိပ်တို့ လွှမ်းမိုးလာလေသည်။

ရှောက်လုံက ဆက်လက်၍ ...

"ကုန်းမုဟာ ကျုပ်ကိုကြောက်လို့ ထွက်မလာရဲတာလား၊ ကျုပ် အစ်ကိုတွေ့ချင်တာက သူပဲ"

ရှောက်လုံက ထိုသို့ပြောပြီးသည်နှင့် ရှေ့တွင် ရှိနေသော



သူများကို လုံးဝ ဂရုမစိုက်ဘဲ ရပ်နေရာမှ ရှေ့သို့လျှောက်သွားလေသည်။

မိန်စန်းက ရေလှိုင်းသိုင်းကွက်ကို အသုံးပြုကာ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်လိုက်၏။

ထိုရိုက်ချက်မှာ အလွန်ပြင်းထန်သည်။

ရေလှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ရှောက်လုံထံသို့ အဆက်မပြတ် လိမ့်ဆင်းလာ၏။

မိန်စန်းက ယခုကဲ့သို့ တိုက်ခိုက်လိုက်သောအခါ ကျန်လူတွေမှာ တိုက်ခိုက်ရန် ရှောက်လုံအား ဝိုင်းရံ၍နေရာအသီးသီး ယူလိုက်ကြသည်။

ရှောက်လုံက ဘေးသို့ခုန်၍ ရှောင်လိုက်သည်။

တစ်ဆက်တည်းမှာပင် သူသည် အားမာန်အပြည့်သွင်းပြီး အဆင့်မြင့်သိုင်းကွက်များ ထုတ်သုံးကာ သူ၏လက်ဝါးနှစ်ဖက်ကို ခုံ၍ တွန်းထုတ်လိုက်သည်။

အဆင့်မြင့်သိုင်းကွက်၏အားလှိုင်းကြောင့် မိန်စန်းမှာ နောက်သို့ ခြေလေးငါးလှမ်းခန့် ဆုတ်သွားရသည်။

သူ၏နောက်မှ တိုက်ခိုက်ရန် ဟန်ပြင်နေသောလူများနှင့် ဝင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မိသဖြင့် နောက်မှလူများ၏ တိုက်ကွက်များမှာ ပျက်သွားရလေသည်။

ထိုအချိန်တွင် ဓားသုံးလက်က ရှောက်လုံအား တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်လာ၏။

ရှောက်လုံသည် လက်ဝါးကို လျင်မြန်စွာရုပ်၍ ဒုတိယအကြိမ် လေပွေလက်ဝါး အဆင့်မြင့်သိုင်းကွက်ဖြင့် ထပ်မံ၍ ပြင်းထန်စွာရိုက်ချလိုက်လေသည်။

ထိုလူသုံးယောက်မှာ သာမန်သိုင်းသမားများဖြစ်၍ ပြင်းထန်သော လေပွေလက်ဝါး အဆင့်မြင့်သိုင်းကွက်၏ဒဏ်ကို ကြံ့ကြံ့မခံနိုင်ကြတော့ပေ။

ဓားသုံးလက်မှာ နောက်ဘက်နှစ်လံခန့်အကွာသို့ လွင့်စဉ်ထွက်သွား၏။

ထိုလူသုံးယောက်၏ ခန္ဓာကိုယ်များကား လေပွေလက်ဝါးဒဏ်ကို တည့်တည့်ထိမှန်ခံလိုက်ရသောကြောင့် နောက်ဘက်သို့ယိမ်းထိုးကာ လဲကျသွားလေတော့သည်။

ဤမြင်ကွင်းကြောင့် ကျန်လူများမှာ ထိတ်လန့်တကြီးဖြင့် နောက်သို့ ဆုတ်သွားကြသည်။



“ယား ...”

မိန်စန်းသည် မာန်တစ်ချက်သွင်းလိုက်ပြီး ရှောက်လုံအား တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

မိန်စန်း၏ဓားသည် ဘယ်ဘက်မှလာနေသလို ထင်ရပြီးမှ ရှောက်လုံ၏ညာဘက်သို့ ကွေ့ဝိုက်သွားလေသည်။

ဤတစ်ကြိမ် မိန်စန်း သုံးလိုက်သည့်သိုင်းကွက်က ထူးခြားသလောက် ပြင်းထန်လှသည်။

ယင်းသည် လေပွေနှင် ဓားသိုင်းကွက်ပင် ဖြစ်သည်။

ရှောက်လုံပင် ရုတ်တရက် ထိတ်လန့်သွားကာ နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်လိုက်မိသည်။

သို့သော် ...

ဓားရောက်လက်လက်တို့က သူ့နောက်သို့ ထက်ကြပ်မကွာလိုက်ပါလာ၏။

ကျောက်စိဓားဂိုဏ်းသည် ဓားရေးကျွမ်းကျင်သော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်သည်။

မိန်စန်းက တစ်ဆက်တည်း ဓားကွက်ဆယ့်ရှစ်ကွက်အထိ တိုက်ခိုက်လိုက်ပြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရိပ်များက တစ်ဆက်တည်းပင် မိုးစက်မိုးပေါက်များပမာ ရှောက်လုံ၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ်တိုး၍ ဝင်ရောက်လာကြသည်။

ရှောက်လုံမှာ တုံ့ပြန်တိုက်ခိုက်ရန် မည်သို့မျှ အခွင့်အရေးမရဘဲ ရှိနေ၏။

ဘယ်ညာတိမ်းရှောင်ရင်း နောက်သို့သာ တစ်ဆုတ်တည်းဆုတ်နေရသည်။

ယင်းသို့ နောက်ဆုတ်နေရင်းမှ လျှပ်တစ်ပြက် သူ၏လက်ကို လှုပ်ရှားလိုက်သည်။

"အား ..."

ဓားရိပ်များကြားမှ နာကျင်စွာ အော်ဟစ်လိုက်သောအသံက စူးရှကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ဓားရိပ်များမှာလည်း ချက်ချင်းပင် ရပ်တန့်သွားလေသည်။

မိန်စန်းမှာ နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်လျှက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

သူ့လက်ထဲမှ ဓားဦးသည် မြေပြင်သို့စိုက်ကျလျက် ရှိ၏။

ခန္ဓာကိုယ်ပေါ်တွင် သွေးနီရောင်သုံးကွက် စွန်းထင်းသွား၏။



သူသည် အသက်မရှိတော့သည့် လူတစ်ယောက်ပမာ ငေးကြောင်လျက် ရပ်နေသည်။

ရှောက်လုံက ဆက်လက်၍ မတိုက်ခိုက်ဘဲ မိန်စန်း၏အဖြစ်ကို ကြည့်နေလိုက်သည်။

စင်စစ် ...

သူ၏ဓားဖြင့် ပထမဦးဆုံး သေရမည့်သူမှာ မိန်စန်းမဟုတ်ပေ။

ထို့ကြောင့် ...

သူသည် မိန်စန်းအား အသေမတိုက်ခိုက်ဘဲ ကြည့်နေလိုက်ခြင်း ဖြစ်သည်။

ဂိုဏ်းသားအားလုံးတို့သည်လည်း လှုပ်ရှားမှုများကိုရပ်တန့်ကာ ထိတ်လန့်အံ့သြစွာဖြင့် ငေးကြောင်၍ ကြည့်နေကြလေတော့သည်။

ရှောက်လုံအနေနှင့် အဓိကလက်စားချေလိုသူမှာ ကျောက်စိဓားဂေဟာထဲမှ ထွက်မလာသဖြင့် ဤသို့ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

သူသည် ကျိုရှင်အားပေးထားခဲ့သည့် ကတိကြောင့် မိန်စန်းအားမသတ်ဘဲ ဒဏ်ရာရရုံလောက်သာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏မိဘနှစ်ပါးအား သတ်သွားသူမှာ ကုန်းမုတစ်ယောက်တည်း မဖြစ်နိုင်ဘဲ တခြားသူများလည်းပါနိုင်ကြောင်း သူသိထားသေးသည်။

ဤလူများကိုလည်း ကုန်းမုအား ရှင်းပြီးသည်နှင့် တစ်ပြိုင်နက်သက်သေအထောက်အထားဖြင့် ဆက်လက်ရှင်းလင်းရပေဦးမည်။

ထို့ကြောင့် ...

တစ်ယောက်မှလွတ်ထွက်မသွားအောင် ထိန်းသိမ်းထားမည်ဟု ရှောက်လုံ ဆုံးဖြတ်လိုက်လေတော့သည်။

✻ ✻ ✻

ရှောက်လုံမှာ မည်မျှကြာအောင် တွေးတောနေမိသည်မသိ။

အဘိုးအိုလေးယောက်သည် ဂေဟာအတွင်းမှ မျှာယီးဗျာယာဖြင့် ပြေးထွက်လာသည်။

ဤတွင် ...

ဝိုင်းရံထားသော ဂိုဏ်းသားတို့မှာ ဘေးနှစ်ဖက်ဆီသို့ ရှဲပေးလိုက်ကြ၏။



အဘိုးအိုလေးယောက်အနက် တစ်ယောက်က ရှေ့သို့ထွက်ရပ်လိုက်ပြီး သုံးယောက်က နောက်ချန်၍ရပ်နေသည်။

မျက်လုံးရှစ်လုံးက ရှောက်လုံအား စူးစိုက်၍ကြည့်နေကြသည်။

ရှောက်လုံက ရှေ့ဆုံးမှ မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုအားစိုက်ကြည့်ကာ ...

"ဆရာကြီးက ဒီဂေဟာသခင်ကြီး ကုန်းမုပါလား"

မေးလိုက်လေသည်။

အဘိုးအို (ဝါ) ကုန်းမုက ရှောက်လုံအား ခပ်စိမ်းစိမ်းတစ်ချက်ကြည့်လိုက်ပြီး ...

"အေး ... ဟုတ်တယ်၊ မောင်ရင်ကကော ဘယ်သူလဲ"

ပြန်လည်မေးလိုက်သည်။

ရှောက်လုံက အေးတိအေးစက်ပြုံးကာ ...

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိပြီးရောပေါ့၊ ခင်ဗျားအနေနဲ့ အခုလိုထွက်လာတော့ တခြားလူတွေ ထိခိုက်မှုသက်သာတာပေါ့ဗျာ၊ ကျုပ်အနေနဲ့ကလည်း တခြား မဆိုင်တဲ့လူတွေကို မထိခိုက်စေချင်ပါဘူး၊ ဒါပေမယ့် ခင်ဗျားက အချိန်မီထွက်မလာတော့ အခု မဆိုင်တဲ့လူတွေကို ကျုပ် တိုက်ခိုက်လိုက်ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမသည် ရှောက်လုံ၏စကားဆုံးသည်နှင့် ရှောက်လုံအား အကဲခတ်သလို ကြည့်လိုက်၏။

"နေပါဦး ... မောင်ရင်က ကျုပ်ကို ဘာကိစ္စနဲ့ ဒီလောက်တောင် တွေ့ချင်နေရတာလဲ"

"ဟား ... ဟား ... ဟား ..."

ရှောက်လုံက သဘောကျစွာ ရယ်မောလိုက်သည်။

ရှောက်လုံ၏ရယ်သံကြောင့် ကုန်းမအပါအဝင် လူအားလုံး ထိတ်လန့်သွားမိကြသည်။

ရှောက်လုံက ...

"ဘာကိစ္စလဲ ဟုတ်လား ... ဟား ... ဟား ... ဟား ... ကျုပ်လာတဲ့ကိစ္စကို ခင်ဗျား မသိသေးဘူးဆိုရင် အခု ကျုပ်မေးတဲ့မေးခွန်းကို ကုန်းမ ခင်ဗျားမှန်မှန်ဖြေပါ"

ကုန်းမ ဒေါပွသွားသည်။

ဂိုဏ်းချုပ်တစ်ယောက်ကို နာမည်တပ်အခေါ်ခံလိုက်ရပါက မည်မျှအထိ သိက္ခာကျသွားနိုင်သည်ကို လူတိုင်းသိ၏။

နောက်ဘက်တွင်ရပ်နေသော အဘိုးအိုသုံးယောက်မှာ မျက်စိမျက်နှာပျက်ဖြစ်၍ သွားကြလေသည်။



သို့သော် ...

ကုန်းမမှာ အဆင့်မြင့်သိုင်းသမားတစ်ဦးပီပီ စိတ်ကိုထိန်းချုပ်ထားလိုက်၏။

ရှောက်လုံအားကြည့်ကာ ...

"မောင်ရင်က ဘာများမေးချင်လို့ပါလဲ"

ပြောလိုက်သည်။

ရှောက်လုံက အံကိုတင်းတင်းကြိတ်လိုက်သည်။

သူ၏မျက်နှာတွင် နာကြည်းရိပ်တစ်ချက် ပေါ်လာပြီး ...

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အသတ်ခံရတဲ့ ဟသ်ာမောင်နံ့ကို မှတ်မိသေးတယ် မဟုတ်လား"

ဟသ်ာမောင်နံ့ဆိုသည့် စကားကိုကြားလိုက်ရသည်နှင့် ကုန်းမမှာ မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားလေသည်။

တုန်ယင်သော အသံဖြင့် ...

"ဟသ်ာမောင်နံ့ ဟုတ်လား"

ရှောက်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဟသ်ာမောင်နံ့ပါ"

ကုန်းမမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



“ဒါ … ဒါဆို မင်း … မင်းဟာ …”

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ရှောက်လုံက …

“ဟုတ်ပါတယ်၊ အဲဒီတုန်းက လူမမယ်အရွယ် ကျန်ခဲ့တဲ့ ကလေးဟာ ကျုပ်ပါပဲ”

ကုန်းမှမှာ ခြေလှမ်းသုံးလှမ်းခန့် ချက်ချင်းဆုတ်သွားမိ၏။

သူ၏မျက်လုံးအစုံမှာ ပြူးကျယ်လာလေတော့သည်။

ဂိုဏ်းသားအားလုံး၏ မျက်လုံးအစုံများက ကုန်းမှ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာသည်။

ရှောက်လုံက အံကိုတင်းတင်းကြိတ်ကာ ဆက်၍ပြောလိုက်၏။

“ဟင်္သာမောင်နှံကို သတ်တဲ့အကြောင်းရင်းကိုကော ခင်ဗျား ပြောပြနိုင်မလား”

ကုန်းမှက ရှောက်လုံအား နားမလည်သလို ငေးကြောင်၍ ကြည့်နေသည်။

“ကုန်းမှ … ခင်ဗျား ပြောမပြနိုင်ဘူးလား၊ ကဲ … ခင်ဗျား ပြောမပြနိုင်ရင် ကျုပ်က ပြောပြပါ့မယ်”

ရှောက်လုံက စကားကို ခေတ္တရပ်နားထားလိုက်၏။



ပြီးမှ သူကဆက်၍ …

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဟင်္သာမောင်နှံဟာ ဝါးဘစ်ရာတောင်က မိတ်ဆွေဖြစ်တဲ့ ဖုန်းကျိဆီကို အလည်သွားခဲ့ကြတယ်၊ အဲသည်လိုသွားရင်းနဲ့ လမ်းခရီးမှာ လူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်၊ အဲသည်လုပ်ကြံသတ်ဖြတ်တဲ့ လူတစ်စုရဲ့ ခေါင်းဆောင်နာမည်ကို ကျုပ်အဖေရှောက်ဝမ်းဟာ သေလုဆဲဆဲအချိန်မှာ ပြောပြသွားနိုင်ခဲ့တယ်၊ အဲသည်လူရဲ့နာမည်ဟာ ကုန်းမှတဲ့”

ရှောက်လုံ၏စကားဆုံးသောအခါ ကုန်းမှမှာ မျက်နှာအကြီးအကျယ် ပျက်သွားလေတော့သည်။

ဂိုဏ်းသားများမှာလည်း ကုန်းမှအား မယုံကြည်နိုင်သောအကြည့်ဖြင့် ကြည့်ကြကုန်၏။

ဂိုဏ်းချုပ်ကြီးတစ်ယောက်အနေဖြင့် ဤကဲ့သို့ ကိုယ်ချင်းစာနာမှုမရှိဘဲ ရက်စက်မှုမျိုး ပြုလုပ်လိမ့်မည်ဟု သူတို့ မထင်မိပေ။

ရှောက်လုံက ဆက်၍ ပြောလိုက်ပြန်သည်။

“သည်လိုမတရားတဲ့အပြင် ရက်စက်တတ်သူတစ်ယောက်ဟာ ဂိုဏ်းချုပ်ဆိုတဲ့နေရာနဲ့ လုံးဝ မထိုက်တန်ပါဘူး ကုန်းမှ”

“ဟော့ကောင် … မင်း ပါးစပ်ပိတ်ထားလိုက်စမ်း”

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှမှာ ဒေါသဖြင့် အော်ဟစ်တားမြစ်လိုက်၏။

ရှောက်လုံက ရိသဲ့သဲ့ဖြင့် ...

"ဘယ်လိုလဲ၊ မကြားဝံ့တော့လို့လား"

ဟု ပြန်မေးလိုက်၏။

နောက်ဘက်တွင်ရပ်နေသော အဘိုးကြီးသုံးယောက်က အံ့သြသောလေသံဖြင့် ...

"အစ်ကိုကြီး ... သူပြောတဲ့ အဖြစ်မျိုး တကယ် ဖြစ်ခဲ့မိလို့လား"

ကုန်းမှ ပျက်သွားသောမျက်နှာကို ချက်ချင်း ပြင်လိုက်ပြီး ...

"အလကားပါဗျာ၊ သည်ကောင် တွေ့ကရာတွေ လျှောက်ပြောနေတာ၊ သူ့ကို ဘယ်သူက ချောက်တွန်းလိုက်သလဲမှ မသိတာ၊ သူပြောတာတွေဟာ တစ်ခုမှ မဟုတ်ဘူးဗျ"

ရှောက်လုံ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း ...

"သည်မယ် ကုန်းမှ ... ယောက်ျားဆိုတာ လုပ်ရဲရင် ခံရဲရတယ်ဗျ၊ တကယ်တော့ ခင်ဗျားကြီးဟာ ကောက်ကျစ်ယုတ်မာသလို အောက်တန်းလည်း သိပ်ကျလွန်းတယ်၊ ခင်ဗျားကို ကျုပ် ရှင်းရှင်းပြတ်ပြတ်မေးမယ်၊ အဲသည်တုန်းက ဟုသာ်မောင်နှံကို ဘယ်



အကြောင်းနဲ့ သတ်ခဲ့ရတာလဲ၊ ပြီးတော့ အဲသည်ထဲမှာ ဘယ်သူတွေပါသေးသလဲ၊ ကျုပ် ဒါပဲသိချင်တယ်"

ကုန်းမှ၏အသွင်မှာ အေးစက်မာကျောသောအသွင်သို့ ချက်ချင်း ပြောင်းလဲသွားသည်။

"ရှောက်လုံ ငါတို့ဂိုဏ်းကို ဒုက္ခပေးဖို့ မင်းကို ဘယ်သူက ခိုင်းလိုက်တာလဲ"

ရှောက်လုံက မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး ဒေါသဖြင့် ...

"ဩော် ... ကုန်းမှ သည်လောက်သက်သေအထောက်အထား ခိုင်လုံနေတာတောင် ခင်ဗျားက လှည့်ပတ်ပြီး လိမ်ညာချင်သေးတယ်၊ ခင်ဗျား သတ္တိရှိရှိ ဝန်ခံလိုက်စမ်းပါ၊ ခင်ဗျားတစ်ယောက်ကြောင့် ကျောက်စိမ်းဂိုဏ်းတစ်ခုလုံးကို အမဲစက်မထင်ပါစေနဲ့ ဟုတ်လား"

ဟု ပြောလိုက်၏။

ဤစကားကြောင့် ကျောက်စိမ်းဂိုဏ်းသားအားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

ကျောက်စိမ်းဂိုဏ်းမှာ သိုင်းလောကထဲတွင် တကယ့်ခေါင်နှုတ် ထွက်ရတော့မလို ဖြစ်နေပါသည်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကို သူတို့အနေနှင့် မည်သို့ဖြေရှင်းကြရမည်နည်း။

အရိုင်မဲ့လက်ညှိုးရှောက်လိုက သက်သေအထောက်အထားများဖြင့် တိကျခိုင်လုံစွာ ပြောနေ၏။

သို့ဆိုလျှင် ဤကိစ္စ အမှန်ပင်ဖြစ်နေမည်လော။

ကျောက်စီဂိုဏ်းသားများအားလုံးမှာ သံသယစိတ်များ ဖြစ်ပွားလာမိသည်။

ကျောက်စီဓားဂိုဏ်းတွင် အဆင့်မြင့်သိုင်းသမား အဘိုးအိုလေးယောက်ရှိပေသည်။

ကုန်းမှုနှင့်အတူ သိုင်းသင်ဘက် ညီနောင်သုံးဖော်ရှိ၏။

ယင်းအဘိုးအိုလေးယောက်အား ကျောက်စီဓားဂိုဏ်းမှ အခြားအဆင့်နိမ့်ဂိုဏ်းသားများက ကြည်ညိုလေးစားကြသည်။

သူတို့သည် ဂိုဏ်း၏ ဝါအရင့်ဆုံး အဆင့်မြင့်သိုင်းသမားများဖြစ်ကြ၏။

ဂိုဏ်း၏စည်းကမ်းချက်များကို သူတို့ကပင် ထုတ်ပြန်သည်။

ယခုကိစ္စမှာ ဂိုဏ်းချုပ်ကြီးနှင့် တိုက်ရိုက်ပတ်သက်နေသည့်ကိစ္စဖြစ်နေသဖြင့် သူတို့သည်လည်း မည်သို့ဖြေရှင်းရမှန်းမသိအောင်ဖြစ်နေ၏။



ယခုကိစ္စကို ဂိုဏ်းချုပ်ကြီးကလည်း ပြန်လည်ချေပနိုင်စွမ်းမရှိသဖြင့် အဘိုးအိုသုံးယောက်မှာ ဖြေရှင်းရန် အကြံအိုက်နေကြသည်။

ယခုလို တစ်ဖက်လူက သက်သေအထောက်အထားများနှင့် တိကျခိုင်လုံစွာ ပြောနေသဖြင့် ပို၍ အခက်တွေ့နေရ၏။

တစ်ဖက်လူပြောသလို မှန်ခဲ့လျှင် မိမိတို့ဂိုဏ်း၏သိက္ခာသည် အကြီးအကျယ် ကျပေတော့မည်။

သိုင်းလောကတွင် ကျောက်စီဓားဂိုဏ်းဟူသောနာမည် ဆက်လက်တည်ရှိရန်ပင် ခဲယဉ်းသွားပေလိမ့်မည်။

အဘိုးအိုသုံးယောက်စလုံးမှာ တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် ဤပြဿနာအား မည်သို့ဖြေရှင်းရမည်ကို စဉ်းစား၍မရအောင် ဖြစ်ကာ အကြံအိုက်လျက် ရှိနေကြပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ကလိန်စေ့ငြမ်းဆင်

ရှောက်လုံက ကုန်းမှအားကြည့်ရင်း စိတ်မရှည်နိုင်အောင် ဖြစ်နေသည်။

"ကဲ ... ကုန်းမှ ပြောမယ်ဆိုရင်လည်း မြန်မြန်ပြောဗျာ၊ ကျုပ်အတွက် အချိန်သိပ်မရှိဘူး၊ ကျုပ် ခင်ဗျားကို အချိန်အတိုင်းအတာနဲ့ပဲ သည်းခံပြီး စောင့်နေနိုင်မယ်"

ကုန်းမှက အေးစက်တည်ငြိမ်သော အမူအရာဖြင့် ...

"ကျုပ်တို့ဂိုဏ်းကို တည်ထောင်လာတာ ကြာပြီ၊ အခုအချိန်အထိ မောင်ရင့်လို မတရားဝင်ရောက် ရမ်းကားသူမရှိသေးဘူး၊ သည်အတွက် မောင်ရင် ဘာကြောင့်ရမ်းကားရတယ်ဆိုတာ ဖြေရှင်းချက်ပေးပါ"



ရှောက်လုံက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်ရင်း ...

"ဟား ... ဟား ... ဟား ... တော်တော်အရှက်မရှိတဲ့ လူကြီးပါလား၊ ခင်ဗျားကို ကျုပ်ပြောနေတာ ရှင်းရှင်းလေးပဲ၊ ကျုပ် ခင်ဗျားဆီက သွေးကြွေးလာတောင်းတာပါလို့၊ အဲသည်တော့ တခြားအကြောင်းတွေ ဆွဲထည့်မနေနဲ့၊ ကျုပ်လာတောင်းတဲ့ သွေးကြွေးအတွက် ခင်ဗျား ရင်ဆိုင်ဖြေရှင်းပါ"

ဟု ပြောသည်။

မိမိကဲ့သို့သော ဂိုဏ်းချုပ်ကြီးတစ်ယောက်အား တပည့်ဂိုဏ်းသားများရှေ့မှောက်တွင် အရှက်မရှိသူဟု အပြောခံလိုက်ရသဖြင့် ကုန်းမှတစ်ယောက် မျက်နှာတစ်ခုလုံး နီရဲသွားအောင် ဒေါသထွက်သွားလေသည်။

ထို့ကြောင့် ...

ကုန်းမှက တင်းမာသော မျက်နှာထားဖြင့် ...

"ရှောက်လုံ ... မင်း အတော်ရိုင်းတဲ့ကောင်ပါလား၊ ကျုပ်ကိုတင်မကဘူး၊ ကျုပ်တို့ဂိုဏ်းတစ်ခုလုံးကိုပါ စော်ကားလွန်းနေပြီ၊ မင်းပြောတဲ့ပြဿနာဟာ အထင်မှားမှုသက်သက်ပါပဲ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက ခနဲ့သံဖြင့် ...

"ဘာ ... အထင်မှားမှု ဟုတ်လား၊ ဟင်း ... ဟင်း ... ဟင်း ... ပြောစမ်းပါဦး၊ ဘယ်လိုအထင်မှားမှုမျိုးလဲ"

ရှောက်လုံက လှောင်မြူးတစ်ချက်ပြုံးပြီး ပြောလိုက်၏။

ကုန်းမုက မရယ်မပြုံးဘဲ ပြန်ဖြေလိုက်၏။

"အင်း ... အတော်ဖြေရှင်းရခက်တဲ့ အထင်မှားမှုမျိုးပါပဲ"

ရှောက်လုံက မဲ့ပြုံးပြုံး၍ ...

"ဪ ... ဟုတ်လား၊ ပြောစမ်းပါဦး၊ ယုတ္တိရှိ မရှိ နားထောင်ကြည့်တာပေါ့"

ထိုအခါ ...

ကုန်းမုက လေးနက်စွာစဉ်းစားလိုက်ပြီး ...

"ပြဿနာဖြစ်တဲ့အချိန်မှာ တပည့်ရှစ်ယောက်နဲ့အတူ ကျုပ်ကလည်း ခရီးထွက်လာတဲ့အချိန်နဲ့ ကြုံကြိုက်နေတယ်၊ လမ်းခရီးမှာ သည်လို မညီမျှတဲ့တိုက်ပွဲကို တွေ့ရတော့ မကြည့်ရက်နိုင်တာနဲ့ ကျုပ်က ဝင်စွက်ဖက်ခဲ့တယ်၊ အဲသည်တိုက်ပွဲမှာ ကျုပ်ရဲ့တပည့် ရှစ်ယောက်စလုံး အသက်ပေးခဲ့ရတယ်၊ ကျုပ်တောင် လွတ်မြောက်အောင် မနည်းကြိုးစားပြီး ထွက်ပြေးလာခဲ့ရတယ်၊ အဲသည်တုန်းက ကျုပ်ဟာ လူသားတစ်ယောက်မှာ ရှိအပ်တဲ့ ကူညီရိုင်းပင်းချင်စိတ်နဲ့ ကူညီခဲ့တာပဲ၊ ခုလို ပြဿနာက ကိုယ့်ဆီကို ပတ်လာလိမ့်မယ်လို့ လုံးဝ မထင်မိခဲ့ဘူး"



ဟု ပြောသည်။

ရှောက်လုံက လှောင်ပြုံးပြုံးလိုက်ပြီး ...

"သည်လိုဆိုတော့လဲ ဂိုဏ်းချုပ်ကြီးဟာ အကြင်နာတရားရှိတဲ့ လူတစ်ယောက်ပေါ့နော်"

ဟု ခနဲ့လိုက်၏။

ကုန်းမုက မဲ့ပြုံးပြုံးရင်း ...

"ကျုပ်ကို သည်လိုမခနဲ့ပါနဲ့၊ ကျုပ်က အဲသည်တုန်းက သိုင်းသမားချင်း စာနာစိတ်နဲ့ ကူညီခဲ့တာပါ"

ရှောက်လုံက သူ၏ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကာ ...

"ဟာ ... သိပ်မှန်တာပေါ့၊ ခင်ဗျားရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ သည်တိုက်ပွဲကို ခင်ဗျားကိုယ်တိုင် ဝင်ပါခဲ့တာဆိုတော့ လူသတ်သမားဟာ ဘယ်သူလဲဆိုတာ ခင်ဗျားသိမှာပေါ့နော်"

ကုန်းမုတစ်ယောက် မျက်နှာကွက်ခနဲ ပျက်သွားပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ဘယ်သူလဲဆိုတာ မသိလိုက်ရပါဘူး၊ ဒါပေမယ့် သူတို့ဟာ အလွန်အဆင့်မြင့်တဲ့ သိုင်းသမားတွေဖြစ်တယ်ဆိုတာတော့ ကောင်းကောင်းမှတ်မိလိုက်တယ်"

ရှောက်လုံက သဘောကျစွာ တစ်ချက် ပြုံးရယ်လိုက်ပြီး ...

"ဒါဆို ကျုပ်အဖေက သေကာနီးဆဲဆဲမှာ လိမ်ပြောသွားတယ်လို့ ခင်ဗျားက ဆိုလိုချင်တာပေါ့"

"ဒါတော့ ကျုပ် မရှင်းပြတတ်ဘူး"

ရုတ်တရက် ...

ရှောက်လုံက မပြုံးဘဲ ဝါးလုံးကွဲအောင် ရယ်ချလိုက်သည့်အလား ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ..."

သူ၏ရယ်မောသံမှာ ဂေဟာတစ်ခုလုံးသို့ ဟိန်း၍ထွက်သွားလေသည်။

ဂိုဏ်းသားများအားလုံးက ထိတ်လန့်တကြားဖြစ်ကာ ရှောက်လုံအား ကြည့်လိုက်ကြ၏။

ကုန်းမုက ရှောက်လုံအား ခပ်တည်တည်ဖြင့် စိုက်ကြည့်ရင်း ...



"ကျုပ်ပြောတဲ့စကားဟာ သည်လောက်တောင်မှ ရယ်စရာကောင်းနေလို့လား"

ဟု မေး၏။

ရှောက်လုံက အရယ်ရပ်လိုက်သည်။

သူက ကုန်းမုအားကြည့်လျက် ...

"ကုန်းမု ခင်ဗျားရဲ့လှည့်ကွက်တွေက သိပ်ရိုးမနေဘူးလား"

ကုန်းမုပေးသည့်အဖြေမှာ လွန်စွာမှပင် ယုတ္တိမရှိလှသဖြင့် ရှောက်လုံက ယင်းကဲ့သို့ ပျက်ရယ်ပြုလိုက်ခြင်းသာလျှင် ဖြစ်ပေသည်။

မိန်စန်းက အေးစက်သောအမူအရာဖြင့် ...

"ရှောက်လုံ ... ခင်ဗျား မဟုတ်မဟုတ်စကားတွေနဲ့ လူတစ်ယောက်ကို မမှန်မကန် မစွပ်စွဲစေချင်ဘူး၊ တကယ်တန်း မှန်မှန်ကန်ကန်ဆိုရင်တော့ ကျုပ်တို့အနေနဲ့ ကြားဝင်ဖျန်ဖြေပေးဖို့ တာဝန်ရှိပါတယ်၊ မဟုတ်ရင် ကျုပ်တို့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်တဲ့အတွက် ကျုပ်တို့က ခင်ဗျားကို တိုက်ခိုက်ရလိမ့်မယ်"

ရှောက်လုံက မျက်မှောင်ကြုတ်လိုက်ပြီး အေးစက်သောလေသံဖြင့် ...

"ကုန်းမု ... ကျုပ်အနေနဲ့ ဂေဟာတစ်ခုလုံးကို သွေးနဲ့မဆေးချင်ဘူး၊ ဒါကြောင့် ခင်ဗျား ဘယ်လိုဆုံးဖြတ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို … ကျုပ်တို့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကိုတော့ အထိနိုက်မခံနိုင်ဘူး၊ အဲသည်တော့ ဟော့ကောင်တွေ … သည်ကောင့်ကို တစ်စစီဖြစ်အောင် ရှင်းပစ်လိုက်ကြစမ်း"

ကုန်းမှ၏ အမိန့်ပေးသံဆုံးသည်နှင့် ဂိုဏ်းသားများအားလုံးမှာ ရှောက်လုံအား ဝိုင်းရံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

မကြာမီ …

ကျောက်စီစားဂေဟာအတွင်း၌ သွေးချောင်းစီးပွဲ ဖြစ်ပွားလာပေတော့မည်။

✻ ✻ ✻

အဘိုးအိုလေးယောက်နှင့် ညာလက်ရုံးဖြစ်သူ လုဖိန်တို့သည်လည်း ရှောက်လုံအားတိုက်ခိုက်ရန် အသီးသီး နေရာယူလိုက်ကြသည်။

သူတို့၏နေရာယူပုံမှာ စက်ဝိုင်းကြီးတွင် စက်ဝိုင်းငယ်တစ်ခုကို ထပ်ဝိုင်းလိုက်သကဲ့သို့ ရှိနေသည်။

ရှောက်လုံ၏မျက်လုံးအစုံက ဝင်းဝင်းတောက်နေ၏။



သူသည် ဓားကို ဖြတ်ခနဲဆွဲထုတ်လိုက်သည်။

ထိုစဉ် …

အဘိုးအိုလေးယောက်အနက်မှ တစ်ယောက်က ကျယ်လောင်စွာဖြင့် …

"အဲသည်အချိန်တုန်းက ဂိုဏ်းချုပ်ကြီးနဲ့ အတူလိုက်သွားတဲ့ ဂိုဏ်းသားရှစ်ယောက် ပျောက်ဆုံးခဲ့တယ်ဆိုတာကို ကျုပ်က သက်သေပြနိုင်တယ်"

ကုန်းမှ သူ့ဘက်မှ ဝင်ရောက်ထောက်ခံသော အဘိုးအို၏ စကားကြောင့် လွန်စွာအားတက်လာပြီး ပြုံး၍ …

"ရှောက်လုံ … မင်း ဇာကယ့်အဖြစ်မှန်ကို သိချင်တယ်ဆိုရင်တော့ ကျုပ် အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်"

ရှောက်လုံက ခိုင်မာပြတ်သားသော လေသံဖြင့် …

"ကုန်းမှ … ခင်ဗျားက ခုမှကြောက်လို့ ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့၊ လူတစ်ယောက်ရဲ့သွေးကို မြေကျစေခဲ့တယ်ဆိုရင် အဲသည်ပြစ်ဒဏ်အတွက် သွေးနဲ့ပဲ ပေးဆပ်ရမယ်ဆိုတာ သိုင်းလောကရဲ့ အစဉ်အလာတစ်ခုပဲ"

"ဟား …"

www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့် သိုင်းသမားငါးယောက်က နေရာအသီးသီးမှ ရှောက်လုံထံသို့ ထိုးနက်ဝင်ရောက်လာသည်။

ရှောက်လုံက အစွမ်းကုန် ခုခံတိုက်ခိုက်လျက်ရှိလေသည်။

"ချွမ်း ... ချွမ်း ..."

သံသံချင်းထိမိသံသည် ကြောက်မက်ဖွယ်ရာအသံကြီးတစ်ခု အလား ထွက်ပေါ်လာပြီးနောက် ကျောက်စီဓားဂိုဏ်း၏ အဆင့်မြင့် သိုင်းသမားငါးယောက်စလုံးမှာ နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်သွား ကြရသည်။

ဓားကျိုးအပိုင်းနှစ်ခုက မြေပြင်ထက်၌ လွင့်စဉ်၍ကျနေသည်။

ဤသို့သောတိုက်ကွက်အား တွေ့မြင်လိုက်ရသော ကျောက်စီ ဓားဂိုဏ်းသားအချို့မှာ မျက်စိမျက်နှာပျက်လျက် နောက်သို့ ရှဲသွား ကြသည်။

ရှောက်လုံက မည်သည့်တိုက်ကွက်ကို အသုံးပြု၍ တိုက်ခိုက် လိုက်မှန်း မသိကြရပေ။

အလွန်ကြောက်စရာကောင်းသည့် အဖြစ်ကိုသာ မြင်တွေ့လိုက် ကြရသည်။

ရုတ်တရက် ...



ထိုအချိန်တွင် မမျှော်လင့်သော အသံသြကြီးတစ်ခုက ထွက် ပေါ်လာသည်။

"ကုန်းမှ ... မင်းဟာ တော်တော်ကောက်ကျစ်ယုတ်မာရုံတင် မကဘူး၊ အရက်ကလည်း တော်တော်နည်းတဲ့ ကောင်ပါလား"

အသံမှာ မည်သည့်အရပ်မှ ထွက်ပေါ်လာမှန်းမသိရဘဲ ဂေဟာ တစ်ခုလုံးကို ဟိန်းသွားစေသည်။

သို့သော် ...

အသံရှင်ကိုကား ရှာ၍မတွေ့ရဘဲ ဖြစ်နေလေတော့၏။

မမျှော်လင့်ဘဲ ကြားလိုက်ရသောအသံကြီးကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

ကုန်းမှ၏မျက်နှာလည်း အကြီးအကျယ် ပျက်နေလေသည်။

ယခု ...

ရှောက်လုံတစ်ယောက်တည်းကိုပင် နိုင်အောင်တိုက်ခိုက်နိုင် ခြင်း မရှိပေ။

အကယ်၍ ရှောက်လုံ၏နောက်မှ သူ့အဖွဲ့သားများ ယပ်မံ ရောက်ရှိလာခဲ့လျှင် ပို၍ ခက်ပေတော့မည်။

ဤအသံရှင်မှာ မည်သူဖြစ်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အချိန်က ရောက်နေပါသနည်း။

ရောက်လုံစိတ်ထဲ၌လည်း ကျိတ်၍တွေးကာ ထိတ်လန့်သွားမိလေသည်။

ကုန်းမုက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အသံကျယ်ကြီးဖြင့် ...

"မိတ်ဆွေကြီးက ဘယ်သူပါလဲ"

ဟု အော်မေးလိုက်၏။

ထိုအခါ ...

အသံသြသြကြီးက ချက်ချင်း ပေါ်လာသည်။

"အသံရှင်ဆိုရင် သိုင်းလောကမှာ ကျုပ်တစ်ယောက်တည်းပဲ ရှိတယ်"

ကုန်းမုက အသံလာရာဆီသို့ မှန်းဆ၍ ကျယ်လောင်စွာဖြင့် ...

"ဪ ... အသံရှင်ကိုး၊ သတ္တိရှိရင် ထွက်ခဲ့ပါလား၊ ဘာဖြစ်လို့ နှီးကြောင်ခိုးဝှက်နဲ့ ပုန်းနေတာလဲ"

ဟု မေးလိုက်၏။

အသံရှင်၏ အသံကြီးက တဟားဟားရယ်မောလျက် ...



"သိပ်လည်း အပြောမကြီးနဲ့ဦး၊ အခုတောင်းနေတဲ့ သွေးကြွေးကိုဆပ်ဖို့သာ ကြိုးစားပါ၊ သည်သွေးကြွေးကို ခင်ဗျားကြေအောင် ဆပ်ပြီးမှပဲ ကျုပ်ထွက်လာခဲ့မယ်"

ထိုအခါ ...

ကုန်းမုက ဝဲယာသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ...

"ခင်ဗျားမဆိုင်ဘဲ ကြားထဲကဘာဖြစ်လို့ ကျုပ်ရဲ့သိက္ခာကျအောင် ဝင်ပြောနေရတာလဲ"

"မင်းသိက္ခာကို ထိခိုက်တယ် ဟုတ်လား၊ သည်မှာ ကုန်းမု မင်းအနေနဲ့ ရှောင်ပုန်းလို့မရဘူးဆိုတာ သိစမ်းပါ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဟသ်ာမောင်နံ့ဟာ မမျှော်လင့်ဘဲ ကျောက်စိမ်းဓားကို ရခဲ့တယ်၊ အဲသည်ကျောက်စိမ်းဓားကို လိုချင်လို့ မင်းဟာ တပည့်ရှစ်ယောက်ကိုခေါ်ပြီး လုယူတယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ မင်းအကြံ မအောင်မြင်တာနဲ့ မင်းဟာ ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ လုပ်ကြံမှုအပေါ် စိုးရိမ်လာတယ်၊ တပည့်တွေရဲ့မျက်နှာမထောက်ဘဲ မင်းနဲ့အတူပါလာတဲ့ တပည့်ရှစ်ယောက်စလုံးကို သုတ်သင်ရှင်းလင်းပစ်လိုက်တယ်၊ မင်းငြင်းဖို့ ကြိုးစားဦးမလား"

ထိုစကားသည် တည်ငြိမ်နေသော ကန်ရေပြင်အဟွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးတစ်တုံးကိုပင် ပစ်ချလိုက်သည်နှယ် ဂိုဏ်းသားအားလုံးကို ဂယက်ရိုက်သွားစေ၏။

ဂိုဏ်းသားအားလုံး၏ မျက်လုံးအစုံက ကုန်းမုထံသို့ ရောက်လာကြသည်။

အဘိုးအိုသုံးယောက်အနက် တစ်ယောက်က အံ့ဩသောအသံဖြင့် ...

"အစ်ကိုကြီး ... ဒါဟာ အမှန်ပဲလား"

အဘိုးအို၏အမေးကြောင့် ကုန်းမုက ခေါင်းခါယမ်းရင်း ...

"သူပြောတာ တစ်ခုမှ မဟုတ်ဘူး"

ကုန်းမု စကားသံဆုံးသည်နှင့် ရယ်သံကြီးက ချက်ချင်းပင် ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား ... ကုန်းမု ခင်ဗျားအစား ကျုပ်ရှက်တယ်၊ ဘိလူးက မင်းသားခေါင်းစွပ်ပြီး ဂိုဏ်းချုပ်နေရာကို ယူထားတာပါလား၊ ခင်ဗျားဟာ ကောက်ကျစ်ရက်စက်မှုမှာ နှစ်ယောက်မရှိဘူး၊ အခု ခင်ဗျားသေမှာကို ကြောက်နေပြီလား၊ ဒီလိုဆိုရင် သိုင်းလောကမှာ ဂိုဏ်းချုပ်ဆိုတဲ့ အဆင့်နဲ့ ခင်ဗျားဟာ မတန်တော့ဘူး"



အသံရှင်၏စကားများကို နားထောင်နေရင်းမှ ရှောက်လုံ၏ မျက်နှာမှာ ညိုမည်းလာ၏။

သူ၏မိဘနှစ်ယောက်စလုံး သေဆုံးခဲ့ရသည်မှာ သိုင်းလောက၏ ထူးဆန်းသောလက်နက်တစ်မျိုးဖြစ်သည့် ကျောက်စိမ်းဓားကြောင့် ဖြစ်ကြောင်း သူအနေနှင့် ယခုမှပင် သိရတော့သည်။

ယခု ...

ဤကျောက်စိမ်းဓားသည် ထူးဆန်းသောလက်နက်တစ်မျိုးဖြစ်သည့် ဓားကြောင့် မည်သူ့လက်ထဲသို့ ရောက်ရှိနေပါသနည်း။

ထိုစဉ် ...

အသံရှင်၏အသံက ထပ်မံ၍ ရောက်ရှိလာပြန်လေသည်။

"ရှောက်လုံ ... ဒီပြဿနာအတွက် အဓိကတရားခံကိုသာ ဖြေရှင်းပါ၊ တခြား မဆိုင်တဲ့လူတွေကို မထိခိုက်ပါစေနဲ့"

ရှောက်လုံက ခြေလှမ်းကျဲကြီးဖြင့် ရှေ့သို့ တစ်လှမ်းတိုး၍ တက်လိုက်ပြီး အေးစက်မာကျောသောအသံဖြင့် ကုန်းမုအား လှမ်းပြောလိုက်သည်။

"ကဲ ... ကုန်းမု အခု ခင်ဗျားကို ကျုပ်အနေနဲ့ ခွေးတစ်ကောင် သတ်သလို သတ်ပစ်လိုက်တယ်၊ ဒါပေမယ့် သိုင်းလောကရဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



ကမ်းကို လေးစားလိုက်နာသောဖြင့် ခင်ဗျားကို တရားမျှတတဲ့အခွင့် အရေးတစ်ခုပေးမယ်၊ အခုချိန်ကစပြီး ခင်ဗျားရဲ့ မိုးကြိုးပစ်သလို မြန်ဆန်သွက်လက်တဲ့ လျှပ်တစ်ပြက် ဓားစွမ်းကို ပြနိုင်တယ်၊ ကဲ… ခင်ဗျားဓား ဆွဲထုတ်လိုက်ပါ”

ရှောက်လုံ ကုန်းမုအား အတိအလင်းစိန်ခေါ်လိုက်၏။

အဘိုးအိုသုံးယောက်၏ မျက်နှာပေါ်တွင် စိတ်မကောင်းသည့် အမူအရာများ ပေါ်ပေါက်နေ၏။

ဤပြဿနာထဲ သူတို့မဝင်လိုသည့်ပုံမျိုး ရှိနေသည်။

ဤဖြစ်ရပ်သည် တကယ့်အဖြစ်မှန်သာဖြစ်လျှင် သူတို့အနေဖြင့် သိုင်းသင်ဘက် ကုန်းမုအား တားဆီးကာကွယ်ပေးရန် အကြောင်းမရှိ တော့ပါချေ။

ဤဖြစ်ရပ်သာ မှန်နေလျှင် ကျောက်စီဓားဂိုဏ်းသည်လည်း သိုင်းလောကတွင် နာမည်တစ်လုံးနှင့် ရပ်တည်နေခွင့် ရှိတော့မည် မဟုတ်ပေ။

ကုန်းမုသည် နေရာတွင်ပင် တည်ငြိမ်စွာ ရပ်နေပြီး သူ၏ဂိုဏ်း သားများဘက်သို့ လုံးဝ လှည့်မကြည့်ရဲလောက်အောင် ရှိနေသည်။

ကုန်းမုမှာ မထူးတော့ပြီမို့ ဆုံးဖြတ်ချက်ကို အပြီးအပိုင်ချလိုက်



က ဟိုက်ခိုက်ရန်အတွက် ဓားကို ချွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက် လေသည်။

အဘိုးအိုသုံးယောက်နှင့် လုဖိန်တို့က ချက်ချင်းနောက်သို့ ဆုတ်ပေးလိုက်ကြ၏။

ဓားနှစ်လက်သည် မကြာမီ ထိပ်တိုက်တွေ့ဆုံကြပေတော့မည်။

* * *

ကုန်းမု၏ လျှပ်တစ်ပြက် သိုင်းပညာမှာ သိုင်းလောကတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် နာမည်ကြီးနေခဲ့၏။

ကုန်းမု၏ဓားကွက်အား ခုခံယှဉ်ပြိုင်နိုင်သည့် ယှဉ်ပြိုင်ဘက် မှာ မရှိသလောက်ဖြစ်သည်။

သို့သော်…

ယခု ရှောက်လုံအား ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် တွန့်ဆုတ် နေမိ၏။

သူ့အနေဖြင့် တွန့်ဆုတ်နေသည့်အကြောင်းရင်းမှာလည်း ထွေခြား မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ရှောက်လုံမှာ သိုင်းလောက၏ထိပ်သီးသိုင်းသမား အရိပ်မဲ့သိုင်းဆရာ၏တပည့် ဖြစ်နေသည့်အပြင် ပညာစွမ်းထက်မြက်လှသည့် ဝိဉာဉ်အလံနှင့် အဆက်အသွယ်ရှိနေသူဖြစ်သောကြောင့်ပင် ဖြစ်ပေ၏။

ဤသို့သာမဟုတ်လျှင် ကုန်းမုမှာ ဤမျှအထိသည်းခံပြီး စကား ပြောလိမ့်မည် မဟုတ်ချေ။

ရှောက်လုံရောက်သည့် အချိန်ကတည်းကပင် တိုက်ပွဲဖြစ်ပွားသွားနိုင်၏။

ဝန်းကျင်တစ်ခုလုံးရှိ လေထုသည် အေးစိမ့်လာသယောင် ထင်မှတ်လာရသည်။

မမြင်ရသော သေမင်းတမန်သည် ကောင်းကင်ထက်မှ ပျံဝဲကျလာသည်။

အရာအားလုံးသည် ခေတ္တမျှ တိတ်ဆိတ်သွားကာ ချောက်ချားဖွယ်ရာ ကောင်းနေသည်။

အသံရှင်မှာလည်း နောက်ထပ်လုံးဝ ပေါ်မလာတော့ချေ။

ကံကြမ္မာသည် မည်သို့ဖြစ်လာလိမ့်မည်ကို ခန့်မှန်း၍မရနိုင်သော ဂိုဏ်းသားတို့က စိုးရိမ်တကြီးဖြင့် ထိတ်လန့်နေမိကြသည်။



ရှောက်လုံမှာ မိဘနှစ်ပါးအတွက် လက်စားချေလိုသည်မှလွဲ၍ မည်သည့်အကြောင်းအရာမျှ မရှိပေ။

ရှောက်လုံ၏မျက်နှာသည် အေးစက်မာကျောနေပြီး မျက်လုံးအစုံက နီရဲနေ၏။

"ယား ..."

မာန်သွင်းလိုက်သံက တိတ်ဆိတ်နေသည့် ဂေဟာတစ်ခုလုံးကို ဟိန်းထွက်သွားစေသည်။

"ခြွမ်း ..."

သံသံချင်းထိတွေ့သံက ချက်ချင်း ထွက်ပေါ်လာသည်။

ဓားရိပ်များက ပလူအုံအား ဆွပေးလိုက်သည့်နှယ် တစ်လက်လက်နှင့် ဝဲပျံ့နေ၏။

သို့နှင့် ကျောက်စိမ်းဓားကုန်းမုက လျှပ်တစ်ပြက်သိုင်းကွက်ကို သုံးကာ ရှောက်လုံ၏ခန္ဓာကိုယ်အနံ့ တိုက်ခိုက်လာသည်။

ထိုအခါ ...

ကုန်းမု၏ဓားရိပ်သည် ရှောက်လုံ၏တစ်ကိုယ်လုံးကို လွှမ်းခြုံကာ ထွက်ပေါက်မရှိအောင် ဖြစ်သွားရလေသည်။

ရှောက်လုံမှာ ကုန်းမုအား တန်ပြန်တိုက်ခိုက်နိုင်သည့်အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးမရဘဲ ကုန်းမှ၏လျှပ်တစ်ပြက်ဓားကွက်များကိုသာ လွတ်အောင် ကြိုးစား၍ရှောင်တိမ်းနေရပေသည်။

ကုန်းမှမှာ ရှောက်လုံအား ပြန်လည်တိုက်ခိုက်ရန် အခွင့်အရေးလုံးဝမပေးဘဲ ဓားကွက်သုံးဆယ်အထိ ဆက်တိုက်ခိုက်လိုက်သည်။

ကုန်းမှ၏ ဓားကွက်သုံးဆယ်ပါ သိုင်းကွက်သည် သူ၏အားအထားရဆုံးသော သေမင်းတမန်တော် သိုင်းကွက်ပင်ဖြစ်သည်။

ဤသိုင်းကွက်အား တိုက်ကွက်သုံးဆယ်ပြည့်သည့်အထိ ခုခံနိုင်သူမှာ အလွန်ရှား၏။

ကုန်းမှမှာ ရှောက်လုံအား သေမင်းတမန်တော်သိုင်းကွက်ဖြင့် အပြတ်တိုက်ခိုက်၍ မရသောအခါ နောက်သိုင်းကွက်တစ်ခုပြောင်း၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

ရှောက်လုံ၏ခန္ဓာကိုယ်သည် ရုတ်တရက် လေထဲသို့မြောက်တက်သွားပြီး သူ၏လက်ထဲမှ ဓားရှောင်သည်လည်း ဝင်းခနဲလက်ဖြာသွားလေသည်။

ကုန်းမှကလည်း ဖြတ်ခနဲခုန်ကာ လေထဲသို့ခုန်တက်လိုက်၏။

"ခြွမ်း ..."



ဓားနှစ်လက်သည် လေထဲတွင်တွေ့ဆုံမိကြပြီး လူနှစ်ယောက်စလုံး မြေပြင်ထက်သို့ ပြုတ်ကျလာကာ မျက်နှာချင်းဆိုင်ရပ်လျက် ငြိမ်သက်သွားကြသည်။

နှစ်ယောက်စလုံးမှာ ထပ်မံတိုက်ခိုက်ရန် ချိန်ရွယ်ထားသည့်အနေအထားတွင် ရှိနေ၏။

သို့သော် ...

အတန်ကြာသည်အထိ ငြိမ်သက်လျက်ရှိနေကြသည်။

ဤပွဲတွင် မည်သူနိုင်၍ မည်သူရှုံးသွားပါသနည်း။

အားလုံးသည် အဖြေကိုသိချင်စောဖြင့် စောင့်ကြည့်နေကြ၏။

ထိုစဉ် ...

"ဟာ ... သွေးတွေ ..."

လူတစ်ယောက်၏ အော်သံက ရုတ်တရက်ဆိုသလိုပင် ထွက်ပေါ်လာလေသည်။

ကုန်းမှ၏မျက်နှာပေါ်တွင် နာကျင်မှုဝေဒနာကို ခံစားရသည့်သဏ္ဌာန် ဖြစ်ပေါ်လာပြီး သူ၏ခန္ဓာကိုယ်ပေါ်တွင် သွေးနီကွက်တစ်ခုက ရုတ်တရက် စွန်းထင်းနေသည်ကို အားလုံး တွေ့လိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ကုန်းမှ၏ဝတ်ရုံကြားမှသွေးများ စိမ့်ထွက်လာလေသည်။

ကုန်းမှမှာ သူ၏ခန္ဓာကိုယ်ကို တည့်မတ်အောင် ဟန်မထားနိုင်တော့ဘဲ ဒယီးဒယိုင်ဖြစ်လာကာ နောက်ဆုံး မြေပေါ်သို့ လဲကျသွားလေတော့သည်။

* * *

# လျှို့ဝှက်သူ

ကျောက်စီစားကိုက်းသားအားလုံး အုံးအုံးကြွက်ကြွက် ဖြစ်သွားကြသည်။

သို့သော် ...

ချက်ချင်းပင် ပြန်လည်၍ တိတ်ဆိတ်သွားလေသည်။

ရှောက်လုံမှာ ခေတ္တမျှ ငေးကြောင်လျက် ကြည့်နေ၏။

သူ၏စိတ်ထဲတွင် ဖဝေဖဝါ ဖြစ်နေသည်။

စင်စစ် သူ၏ဓားများမှာ လွန်စွာမှပင် အစွမ်းထက်မြက်လှသော်လည်း တစ်ဖက်လူအား တစ်ချက်တည်းနှင့် အသေမသတ်လိုသေးသောကြောင့် သူ၏ဓားစွမ်းကို အကုန်မထုတ်ဘဲ ထိန်းထိန်းသိမ်းသိမ်းနှင့်သာ တိုက်ခိုက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူအားဒဏ်ရာရစေပြီးနောက် သိလိုသည့် အကြောင်းအရာကို မေးမြန်းရန် ဓားစွမ်းကိုထိန်း၍ တိုက်ခိုက်ခဲ့၏။

ထို့ကြောင့် ...

ကုန်းမှသည် သူ့ဓားချက်ကြောင့် အသက်ထွက်ခြင်း မဖြစ်နိုင်။

သို့သော် ...

ယခု ကုန်းမှ သေဆုံးသွားချေပြီ။

သည်အတွက် ရှောက်လုံ အံ့သြနေမိ၏။

အဘိုးအိုသုံးယောက်မှာ မည်သို့ဆက်လိုက်ရမှန်း မသိအောင် ဖြစ်သွား၏။

မိမိတို့၏ ဂိုဏ်းချုပ်ကြီးလည်းဖြစ် သိုင်းသင်ဘက်ညီအစ်ကိုလည်းဖြစ်သော ကုန်းမှသည် သူတစ်ပါး၏လက်ချက်ဖြင့် သေဆုံးသွားချေပြီ။

သည်အတွက် သူ့တို့အားလုံး ဝမ်းနည်းမိသည်ကတော့ အမှန်ပင် ဖြစ်သည်။

သို့သော် ...

ကုန်းမှမှာ သူကျူးလွန်ခဲ့မိသည့် ပြစ်ဒဏ်အတွက် တုန့်ပြန်ခံရခြင်းဖြစ်၍ သူတို့အဖို့ မည်သို့ ဝင်ရောက်စွက်ဖက်ရမှန်းမသိအောင် ဖြစ်နေ၏။



သူတို့စိတ်ထဲတွင် မကျေနပ်နေသည်က အမှန်ပင် ဖြစ်သည်။

မကျေနပ်၍ တိုက်ခိုက်မည်ဆိုပါလျှင်လည်း အရိပ်မဲ့လက်ညှိုးရှောက်လုံကို သူတို့အနေနှင့် မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်လိမ့်မည် မဟုတ်ပေ။

ရှောက်လုံက ဓားကိုသိမ်းလိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့် ...

"ကျုပ် သူ့ကိုသတ်ဖို့ စိတ်မကူးသေးပါဘူး၊ ဒါပေမယ့် သူကံဆိုးသွားတယ်လို့ ပြောရမှာပေါ့၊ ကဲ ... ခင်ဗျားတို့ထဲက ဒီကိစ္စကို မကျေနပ်တဲ့လူရှိရင် အခုကတည်းက ထွက်ပြီး ဖြေရှင်းနိုင်တယ်၊ ကျုပ်ဘက်ကတော့ အဆင်သင့်ပဲ"

ကျောက်စီဓားဂိုဏ်းသားများအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ငေးကြောင်လျက် ရပ်နေကြသည်။

မည်သူမှ စကားမပြောရဲဘဲ ရှိနေသည်။

ထိုစဉ် ...

မြေကွက်လစ်နှင့် မျက်နှာချင်းဆိုင်ရှိ ဧည့်ခန်းဆောင်အတွင်းမှ ထိတ်လန့်တကြားနှင့် ငယ်သံပါအောင် အော်သံကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုသော ရက်စက်မှုတစ်ခု ဖြစ်ပွားသွားသည်ကို ခန့်မှန်းနိုင်သည်။

အဘိုးအိုသုံးယောက်နှင့် လုဖိန်တို့မှာ ညွှန်ခန်းမဆောင်အတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားကြလေတော့သည်။

ကျောက်စီစားဂိုဏ်းသားများကလည်း နောက်မှ ပြေးလိုက်သွားကြသည်။

ရှောက်လုံကလည်း နောက်မှ ဖြည်းလေးစွာလျှောက်ကာ လိုက်သွား၏။

✻ ✻ ✻

ညွှန်ခန်းဆောင်အတွင်းဝယ် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော စကားသံတို့က ရှုပ်ထွေးစွာ ထွက်ပေါ်လျက် ရှိလေသည်။

"သူ သေနေပြီ"

"ဘယ်သူ သတ်လိုက်တာလဲ"

"ဘာဖြစ်လို့ သူ့ကို သတ်သွားရတာလဲ"



ကျောက်စီစားဂိုဏ်းသားတို့၏ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည့် စကားသံတို့က ရှောက်လုံနားထဲသို့ ဝင်လာသည်။

စောစောက အသံရှင်၏အသံကိုသာ ကြားရပြီး လူရိပ်ကိုမူ မတွေ့ရချေ။

ယခု ...

ညွှန်ခန်းဆောင်ထဲတွင်ဖြစ်သော ပြဿနာသည် အသံရှင်၏ လက်ချက်ပင်လော ...

ရှောက်လုံမှာမူ ယခုဖြစ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်သွားကာ ညွှန်ခန်းဆောင်၏ ဝရံတာပေါ်သို့ ဖြတ်ခနဲခုန်တက်လိုက်၏။

ထို့နောက် ...

အခန်းထဲသို့ ဝေ့၍ အကဲခတ်ကြည့်လိုက်သည်။

ညွှန်ခန်းထဲတွင် ပိုးထည်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရ၏။

သူသည် လုံးဝ မလှုပ်ရှားနိုင်တော့ဘဲ ငြိမ်သက်လျက် ရှိ၏။

ဤအဘိုးအိုသည် မည်သူဖြစ်သနည်း။

အဘိုးအိုသုံးယောက်အနက် မိန်စန်းက အသံကျယ်ကျယ်ဖြင့် အော်ငေါက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အားလုံး နောက်ဆုတ်လိုက်ကြစမ်း"

မိန်စန်း၏ အော်ငေါက်သံကြောင့် ဝိုင်းအုံနေကြသည့် ကောက်စီစားဂိုဏ်းသားများမှာ ညွှန်းဆောင်၏အပြင်ဘက်သို့ ဆုတ်သွားကြသည်။

ထို့နောက် …

ရှောက်လုံအား မိန်စန်းက ဒေါသတကြီးဖြင့် …

"မောင်ရင်က ဘာဖြစ်လို့ ညွှသည်ကို ရန်ရှာရတာလဲ"

ဟု ပြစ်တင်ပြောဆိုလိုက်သည်။

ရုတ်တရက် …

ရှောက်လုံမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ …

"ဘယ်ကညွှသည်ကို ကျုပ်က ဘာလုပ်လို့လဲ"

ဟု မေးမိ၏။

မိန်စန်းက လဲကျနေသော ပိုးထည်ဝတ်ရုံနှင့် အဘိုးအိုအား လက်ညှိုးထိုးပြလိုက်ပြီး …

"အဲသည် နဂါးဂိုဏ်းရဲ့တမန်တော်ကို မင်းပဲ သတ်လိုက်တာ မဟုတ်လား"

ရှောက်လုံမှာ မိန်စန်း၏စကားကြောင့် မျက်လုံးပြူးကျယ်သွားလျက် …



"ဘယ်လို … ဘယ်လို … နဂါးဂိုဏ်းရဲ့တမန်တော်ကို ကျုပ်က သတ်လိုက်တယ် ဟုတ်လား"

မိန်စန်းက မျက်နှာထားတင်းတင်းဖြင့် …

"ဟုတ်တယ်၊ သည်လူဟာ နဂါးဂိုဏ်းကဂိုဏ်းခွဲမှူး လျှေရှမ်းပဲ"

ရှောက်လုံက ခေါင်းကို သွက်လက်စွာ ခါယမ်းပြလိုက်ရင်း …

"အို … သူ့ကို ကျုပ်သတ်တာ မဟုတ်ဘူး"

မိန်စန်းက လက်ဝါးကာပြလျက် …

"မောင်ရင်သတ်တာ မဟုတ်ပေမယ့် မောင်ရင့်နောက်ကွယ်က လူတွေ သတ်သွားတာကော မဖြစ်နိုင်ဘူးလား"

ဟု ပြော၏။

ရှောက်လုံ ချက်ချင်း သဘောပေါက်သွား၏။

စောစောက ကြားဝင်ပြောလိုက်သော အသံရှင်အား ဆိုလိုရင်းဖြစ်ကြောင်း သိလိုက်ရ၏။

"သြော် … စောစောက အသံရှင်ကို ပြောတာလား"

မိန်စန်းက အေးစက်သောအမူအရာဖြင့် …

"အေး … ဟုတ်တယ်၊ အဲသည်အသံရှင်ကိုပြောတာ၊ သည်မှာ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရင် တမန်တော်မလွှရှမ်းဟာ မောင်ရင်နဲ့ ဘာရန်ငြိုးရှိလို့လဲ၊ တကယ်လို့ ရန်ငြိုးရှိတယ်ပဲထားပါဦး၊ အခုလို ကျုပ်တို့ညှိသည် အဖြစ် ကျုပ်တို့ဂေဟာထဲမှာ ရောက်နေတဲ့လူကိုသတ်တော့ ကျုပ် အနေနဲ့ ခွင့်မလွှတ်နိုင်ဘူး"

မိန့်စန်းက ထိုသို့ပြောပြီးသည်နှင့် ညှိမန်းဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်လေသည်။

"ကဲ ... အားလုံး ဝင်တိုက်ကြ"

အဘိုးအိုသုံးယောက်၊ လုမိန်နှင့် ဂိုဏ်းသားနှစ်ယောက်တို့က ရှောက်လုံအား ဝင်ရောက်တိုက်ခိုက်ရန် ရှေ့သို့ တိုးထွက်လာကြလေတော့သည်။

ထိုစဉ် ...

အသံရှင်၏အသံက ထွက်ပေါ်လာသည်။

"ဟော ... မင်းတို့ ကုလားမနိုင်တာနဲ့ ရခိုင်မဲ့တဲ့အလုပ်မျိုး မလုပ်ကြနဲ့၊ မင်းတို့ အသက်ပေးလျှော်တာနဲ့ အတူတူဖြစ်သွားလိမ့်မယ်"

အသံက အနီးတစ်ဝိုက်မှလာခြင်း ဖြစ်သည်။

သို့သော် ...

လူကိုကား ရှာ၍မတွေ့ပေ။



ဤအသံရှင်ဆိုသူသည် မည်သည့်နေရာတွင် ပုန်းအောင်းနေသနည်း။

ဤကဲ့သို့ လင်းထင်းနေသော နေ့ခင်းကြောင်တောင်တွင်ပင် ရှာ၍မတွေ့နိုင်အောင် ပုန်းအောင်းနိုင်ခြင်းဖြစ်သဖြင့် ထိတ်လန့်စရာကောင်းနေသည်။

မိန့်စန်းက အသံရှင်အား အော်ဟစ်၍ ပြောလိုက်လေသည်။

"ဘယ်လိုလဲ ... မိတ်ဆွေကြီးက လူမြင်မခံရဲအောင်ဘဲကြောက်လို့ မထွက်လာတာလား"

အသံရှင်၏ အသံက အသံသြကြီးဖြင့် ထွက်ပေါ်၍ လာပြန်သည်။

"ဟုတ်တယ် ... အခုအချိန်မှာ ကျုပ် ဘယ်သူကိုမှ အတွေ့မခံနိုင်သေးဘူး"

မိန့်စန်းက တဟားဟား အော်ဟစ်ရယ်မောလိုက်ရင်း ...

"ဟား ... ဟား ... ဟား ... မိတ်ဆွေမှာ အပြစ်ရှိလို့ ထွက်မလာရဲကာနေမှာပေါ့၊ ဒါနဲ့ ဘာဖြစ်လို့ အပြစ်မရှိလူကို သတ်လိုက်ရတာလဲ"

အသံရှင်၏အသံက ဟိန်း၍ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … ဟား … ကျုပ်သတ်တာကို ဘယ်သူက မြင်လိုက်လို့လဲ"

မိန်စန်း မျက်မှောင်ကြုတ်၍ …

"မိတ်ဆွေ … ယောက်ျားမဟုတ်လား၊ ယောက်ျားဆိုရင် အပြင်ထွက်လာပြီး ရဲရဲရင်ဆိုင်ပါ"

ဟု ပြောသည်။

ဤတွင် …

အသံရှင်က တည်ငြိမ်အေးစက်သော အသံဖြင့် …

"ကျုပ် သည်ကိစ္စမှာ ဘာမှ ဝင်မစွက်ဖက်ချင်ဘူးလို့ ပြောပြီးပြီ မဟုတ်လား"

မိန်စန်းက ဒေါသဖြစ်လာကာ တင်းမာစွာဖြင့် …

"ဒါပေမယ့် မိတ်ဆွေက အခု လူသတ်လိုက်ပြီဆိုတာလည်း သတိထားဦးမှပေါ့"

အသံရှင်၏ အေးစက်သောအသံသြကြီးက ထွက်ပေါ်လာလေသည်။

"ကျုပ်သတ်တာ မဟုတ်ဘူး၊ သတ်တဲ့လူက အခေါင်းကြီးထဲက ထွက်ပြေးသွားပြီ"



ထိုအခါ …

ဂေဟာအတွင်းရှိ လူအားလုံး ကြောင်သွားကြ၏။

အသံရှင်၏ ပြောစကားအရဆိုလျှင် ဤဂေဟာအတွင်းသို့ တတိယမြောက် လူတစ်ယောက် ရောက်ရှိနေပြန်ပြီ ဖြစ်သည်။

ဤလူသည် မည်သည့်အချိန်ကတည်းက ဤဂေဟာထဲသို့ ရောက်ရှိနေပါသနည်း။

မိန်စန်းက အံကို တင်းတင်းကြိတ်လိုက်ပြီး …

"ဘယ်သူ သတ်သွားတာလဲ"

အသံရှင်၏အသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ဘယ်သူမှန်းလဲ ကျုပ်မသိဘူး၊ လူရိပ်တစ်ခုကိုပဲ လှစ်ခနဲ တွေ့လိုက်ရတယ်၊ သေသေချာချာ မမြင်လိုက်ရဘူး၊ ဒါပေမယ့် သည်လူဟာ သာမန်လူတစ်ယောက် မဟုတ်ဘူးဆိုတာတော့ သေချာတယ်၊ မိတ်ဆွေတို့ကသာ ကုန်းမှုတစ်ယောက် ရှောက်လုံလက်ချက်နဲ့ အသက်ထွက်သွားတယ်လို့ ထင်နေကြတာ၊ အဲဒါ လုံးဝ မဟုတ်ဘူး၊ မိတ်ဆွေတို့ အခု ကုန်းမှုရဲ့နောက်ကြောကို သေသေချာချာ စစ်ဆေးကြည့်ပါ၊ ထူးဆန်းတဲ့ဒဏ်ရာတစ်ခုကို တွေ့ရလိမ့်မယ်"

ဤစကားသည် မမျှော်လင့်သော စကား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမှုမှာ မျက်လုံးပေါင်းများစွာ၏ရှေ့တွင်ပင် ဒဏ်ရာပြင်းထန်စွာဖြင့် သေသွားခြင်းပင် ဖြစ်သည်။

မျက်လုံးပေါင်းများစွာ၏ရှေ့တွင် မည်သူက လက်နက်ပုန်းဖြင့် ပစ်သွားနိုင်မည်နည်း။

သို့သော် ...

ရောက်လုံ၏ တွေးထင်ချက်က မှန်နေ၏။

ကုန်းမှု သေဆုံးခဲ့ရခြင်းကို သူ့စိတ်ထဲ၌ သံသယအနည်းငယ်ရှိနေသည်။

သူသည်ကုန်းမှုအား တစ်ချက်တည်းနှင့် အသေမသတ်လိုသေးသဖြင့် သူ၏တိုက်ကွက်အား အကန့်အသတ်ထားကာ ထိန်းချုပ်၍ တိုက်ခိုက်ခဲ့လေသည်။

**သို့သော် ...**

**ကုန်းမှုမှာ သူနှင့်** ယှဉ်ပြိုင်တိုက်ခိုက်နေရင်း မမျှော်လင့်ဘဲ လဲကျသေဆုံး**သွားခဲ့သည်။**

ဤတွင် တစ်စုံတစ်**ယောက်သည် ကုန်းမှုအား** လက်နက်ပုန်းဖြင့် ပစ်ခတ်သွားလေသလားဟု **ရောက်လုံစိတ်ထဲ သံသယဖြစ်ခဲ့မိ**သည်က အမှန်ဖြစ်၏။

✱ ✱ ✱



ကျောက်စီဘေးဂိုဏ်းသားအားလုံးသည် ကုန်းမှုလဲကျသေဆုံးသည့်နေရာသို့ အမြန်ပြေးထွက်လာကြ၏။

ကုန်းမှုအလောင်းဘေးသို့ ရောက်သည်နှင့် မိန်စန်းက အလောင်းဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ကုန်းမှု၏ဝတ်ရုံအား ဆွဲချွတ်လိုက်သည်။

ကုန်းမှု၏နံဘေးတစ်ဖက်တွင် ကန့်လန့်ဖြတ်ရှိနေသော ဓားဒဏ်ရာတစ်ချက်ကို တွေ့ရ၏။

ဓားဒဏ်ရာမှာ အပြင်ဒဏ်ရာမျှသာ ဖြစ်သည်။

အတွင်းအား နက်ရှိုင်းသူတစ်ယောက်အဖို့ ဤဒဏ်ရာဖြင့် ချက်ချင်းမသေနိုင်ချေ။

သို့ဆိုလျှင် ...

မိန်စန်းက နောက်ကျောဘက်သို့တစ်ဖန် ဆွဲလှန်ကြည့်လိုက်၏။

မည်သည့်ဒဏ်ရာကိုမျှ မတွေ့ရပေ။

သို့သော် ...

အသံရှင်က နောက်ကျောဘက်သို့ သေသေချာချာကြည့်ရန် ပြောခဲ့သည်ကို သတိရလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

မိန်စန်းသည် အသံရှင်ပြောသည့်အတိုင်း နောက်ကျောဘက်အား စေ့စပ်သေချာစွာကြည့်လိုက်သည်။

ဤတွင် ...

ကုန်းမှ၏ နောက်စေ့အလယ်ဘည့်တည့်နေရာတွင် တစ်လက်မခန့် အရှည်ရှိသော သွေးစီးကြောင်းတစ်ခုကို ချက်ချင်းပင် တွေ့လိုက်ရလေသည်။

ဤနေရာသို့ ထိမှန်ပါက ချက်ချင်း အသက်ထွက်သွားနိုင်ကြောင်း လူတိုင်းသိကြ၏။

မည်သူက ကုန်းမှအား လုပ်ကြံသွားရပါသနည်း။

လက်နက်ပုန်းဖြင့်လား။

သို့မဟုတ် ...

ထူးဆန်းသော အတွင်းအားပညာဖြင့်လား။

အားလုံး စဉ်းစားမရနိုင်အောင် ဖြစ်သွားကြ၏။

ပို၍ နားမလည်နိုင်အောင် ဖြစ်သွားရသည့် အကြောင်းရင်းမှာ မည်သည့်အတွက်ကြောင့် ကုန်းမှအား သတ်သွားရသနည်းဆိုသည့် အချက်ပင် ဖြစ်လေသည်။



နဂါးဂိုဏ်း၏ ဂိုဏ်းခွဲမှူး လွှေရှမ်းမှာ လူသတ်သမားအား မမျှော်လင့်ဘဲ တွေ့ရှိသွားသဖြင့် တမင် နှုတ်ပိတ်သွားခြင်းဖြစ်နိုင်၏။

သို့သော် ...

ယင်းအဖြစ်ကိုလည်း မည်သူမျှ မမြင်လိုက်ရချေ။

လွှေရှမ်းအား သတ်သွားသူကို ပုန်းအောင်းနေသော အသံရှင် တစ်ယောက်သာ တွေ့လိုက်ရသည်။

ကုန်းမှ သေဆုံးခြင်းသည် ရှောက်လုံမဟုတ်သည်မှာ သေချာသွားသည်။

သို့ဆိုလျှင် ...

ကျောက်စိမ်းဂိုဏ်းသားတို့အတွက် တုန့်ပြန်လက်စားချေရမည့်သူမှာ ရှောက်လုံ မဟုတ်တော့ပေ။

မမြင်လိုက်ရသော လူသတ်သမားသာလျှင် ဖြစ်ပေသည်။

ထိုလူသတ်သမားသည်လည်း ယခု မည်သည့်နေရာသို့ ရောက်သွားမှန်းမသိတော့ချေ။

ကျောက်စိမ်းဂိုဏ်းသားတို့သည် ဝမ်းနည်းကြေကွဲသည့်အသွင်ဖြင့် ဧည့်ခန်းမဆောင်အတွင်းသို့ ပြန်လည်၍ ဝင်ရောက်သွားကြလေတော့သည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ အသံရှင်မှာ ဤအနီးတစ်ဝိုက်တွင် ရှိနေမည်မှာ သေချာ၏။

ညွှန်ခန်းမဆောင်အတွင်း ပြန်ရောက်သည်နှင့် မိန်စန်းက သူ၏ ဂိုဏ်းသားများအား အမိန့်ပေးလိုက်လေသည်။

"သည် အသံရှင်ကို ရှာကြစမ်း၊ တွေ့ရင် မလွှတ်စေနဲ့"

မိန်စန်းက အမိန့်ပေးလိုက်သည်နှင့် ဂိုဏ်းသားများမှာ လူစုခွဲ၍ ရှာကြလေသည်။

ရှောက်လုံသည် ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွင်းလိုက်ပြီး ဂေဟာတံခါးဝသို့ လျှောက်လာသည်။

ရှောက်လုံ၏စိတ်ထဲတွင် ရှုပ်ထွေးနေသည်။

မည်သူသည် အခွင့်ကောင်းကိုစောင့်၍ ကုန်းမုအား သတ်သွားရသနည်း။

အသံရှင်ပင် ဖြစ်နေမည်လော။

သို့သော် ...

သူက ဖွတ်ငြင်းနေ၏။

သတ်စရာအကြောင်းကလည်း အသံရှင်တွင် မရှိနိုင်ပါချေ။

မိမိဘက်မှ ဝင်ရောက်ကူညီခြင်းလည်း မဖြစ်နိုင်။



မိမိတွင် ကုန်းမု၏ဝိဉာဉ်အား မိမိဘာသာ နှုတ်ယူနိုင်သော စွမ်းအား ရှိ၏။

ထို့ကြောင့် ...

မိမိဘက်မှ ဝင်ရောက်ကူညီပေးရန် မလိုချေ။

သို့ဆိုလျှင် မည်သူဖြစ်မည်နည်း။

ကုန်းမုအား သတ်ရသည့်အကြောင်းရင်းမှာ မည်သို့ရှိသနည်း။

ရှောက်လုံသည်တွေးရင်းက ဂေဟာအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ဂေဟာအတွင်း၌ ဆူညံရှုပ်ထွေးလျက် နောက်တွင် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့၏။

✻ ✻ ✻

ညနေစောင်း နေရောင်ခြည်သည် နီရဲစွာ ထွန်းတောက်နေ၏။

ဂေဟာတံခါးဝမှာ ပွင့်လျက်သား ရှိနေသည်။

ဂေဟာအပြင်ဘက်သို့ ရောက်သောအခါ ရှောက်လုံက လေပြင်းတစ်ချက် ရှူသွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သွေးကြွေးပြဿနာကိုတော့ ဖြေရှင်းလိုက်ပြီ၊ နောက်ထပ် ဘယ်သူတွေပါသေးသလဲဆိုတာ မသိလိုက်ရတာဘဲ နာတယ်၊ ဒါပေမယ့် စောစောက ကြားဝင်ပြောလာတဲ့ အသံရှင် သိနေမလား မသိဘူး၊ သူ ငါ့ကိုတော့ တစ်ချိန်ချိန်မှာ လာပြီးတော့ တွေ့မှာပါ"

ရှောက်လုံကတွေးရင်း လျှောက်လာရာ မကြာမီ တောအုပ်တစ်ခုသို့ ရောက်လာ၏။

သူ တောအုပ်ထဲသို့ ဝင်လိုက်သည်နှင့် သူ့စိတ်ထဲတွင် သူ့အား တစ်စုံတစ်ယောက်က စောင့်ကြို့နေသလို ခံစားလိုက်ရ၏။

သူ့စိတ်ထဲတွင် ထင်မိသည့်အတိုင်းပင် ဝတ်ရုံနက်နှင့်အဘိုးကြီး တစ်ယောက်အား တွေ့လိုက်ရ၏။

ရှောက်လုံက ထိုဝတ်ရုံနက် ဝတ်ထားသူ အဘိုးအိုအနီးသို့ ဖြည်းဖြည်းချင်း လျှောက်လှမ်းသွား၏။

ထိုအဘိုးအိုမှာ အသံရှင် ဖြစ်၏။

အနီးသို့ရောက်လာသည်နှင့် ရှောက်လုံက ဦးစွာမေးလိုက်သည်။

"ဆရာကြီးက ဘယ်လိုကနေ သည်ကို ရောက်လာတာလဲ"

အသံရှင်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ...



"စုကျားမြို့အနီးမှာကတည်းက မင်းနောက်ကနေ ငါ လိုက်လာတာပဲ"

ရှောက်လုံမှာ အံ့အားသင့်သွားပြီး ...

"အို ... ဟုတ်လား၊ ဒါဆို ကုန်းမှုကို ဆရာကြီး သတ်လိုက်တာပေါ့ ဟုတ်လား"

ဝတ်ရုံနက်နှင့် အသံရှင်က ခေါင်းခါယမ်းပြလိုက်ပြီး ...

"ဟင့်အင်း ... ငါ မသတ်ဘူး"

"ပိုးထည်ဝတ်ရုံနဲ့ အဘိုးကြီးကိုရော ... "

"အဲဒါလည်း ငါသတ်တာ မဟုတ်ဘူး"

ရှောက်လုံက ဝတ်ရုံနက်နှင့် အဘိုးကြီးအား အကဲခတ်ကြည့်ရှုလိုက်ပြီး ...

"ဆရာကြီး တကယ်ပဲ မသတ်ဘူးလား"

အသံရှင်က တစ်ချက်ပြုံးပြီး ...

"မင်းအမေးက ငါ့ကို မယုံသလိုဘဲ၊ ငါက သည်လူကြီးကို သတ်စရာအကြောင်း ဘာရှိလို့လဲ"

အသံရှင်၏အသံက ဒေါသသံအနည်းငယ် ပါနေလေသည်။

ရှောက်လုံက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဘယ်သူ သတ်သွားတာလဲ"

အသံရှင် အဘိုးကြီးက ချက်ချင်း ပြန်ပြောသည်။

"ဝတ်ရုံညိုနဲ့ လူတစ်ယောက်ပဲ၊ သူဟာ ဘယ်လိုလူတစ်ယောက်လဲဆိုတာ သေသေချာချာ မတွေ့လိုက်ရဘူး၊ သူ့လှုပ်ရှားမှုကတော့ သိပ်လျင်မြန်တယ်"

ရှောက်လုံက ခေတ္တစဉ်းစားလိုက်ပြီး ...

"ဆရာကြီး ... ဘယ်နေရာမှာ ပုန်းနေလို့ တွေ့လိုက်ရတာလဲ"

ဟု မေးလိုက်၏။

ရုတ်တရက် ...

အသံရှင်က ရှောက်လုံ၏အမေးကို မဖြေသေးဘဲ ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်ရှုလိုက်၏။

ပြီးမှ ...

"ဧည့်ခန်းမရဲ့ ညာဘက်မှာ အခန်းတစ်ခုရှိတယ်၊ အဲသည်အခန်းရဲ့ ယက်မကြီးပေါ်မှာ ငါရှိတယ်၊ အဲသည်အခန်းရဲ့ ပြတင်းပေါက်ကနေကြည့်ရင် ဧည့်ခန်းအပြင်ဘက်တစ်ဝိုက် မြင်ကွင်းကို ကောင်းကောင်းတွေ့ရတယ်၊ စကားပြောတဲ့အခါ အတွင်းအားလျှိုင်းပို့လိုက်တာမို့ သူတို့ဟာ ငါရှိနေတဲ့နေရာကို ရှာမတွေ့နိုင်ကြခြင်း ဖြစ်တယ်"



ရှောက်လုံ၏မျက်နှာပေါ်တွင် အံ့ဩရိပ် ပေါ်လာသည်။

"အဖြစ်က တော်တော်ဆန်းနေတယ်၊ သည်ဝတ်ရုံညိုနဲ့လူဟာ ဘာကြောင့် ကုန်းမုကို နှုတ်ပိတ်သွားရတာလဲ"

အသံရှင်က ခေါင်းကိုတစ်ချက်ဆတ်လိုက်ပြီး ရှောက်လုံ၏ အမေးကို ဖြေလိုက်၏။

"ဒါကတော့ ရှင်းပါတယ်၊ ကုန်းမုဟာ ဟသာမောင်နံကိုလုပ်ကြံစဉ်က ပါဝင်ခဲ့တဲ့လူတွေရဲ့အမည်ကို ထုတ်ဖော်ပြောမှာစိုးလို့ နှုတ်ပိတ်လိုက်တာ ဖြစ်မှာပေါ့"

ရှောက်လုံ၏စိတ်ထဲတွင် လှုပ်ရှားလာရပြန်သည်။

ရှောက်လုံက အံကိုတင်းတင်းကြိတ်လိုက်ပြီး ...

"တကယ်ပဲ လူသတ်သမားဟာ ကုန်းမုကို နှုတ်ပိတ်လို့တဲ့အတွက် သတ်လိုက်တာမှန်ခဲ့ရင် အဲသည်လူသတ်သမားဟာ အဓိက ခေါင်းဆောင် မဖြစ်နိုင်ဘူးလား"

အသံရှင်က အေးဆေးသောလေသံဖြင့် ...

"အင်း ... ဖြစ်ကောင်း ဖြစ်နိုင်တယ်"

"သည်လိုဆို လူသတ်သမားဟာ နဂါးဂိုဏ်းက တမန်တော်ကို ဘာကြောင့် သတ်သွားရတာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လေ့ရှမ်းဟာ လူသတ်သမားကိုမြင်သွားလို့ ဖြစ်နိုင်တယ်၊ ဒါကြောင့် နှုတ်ပိတ်သွားတာ ဖြစ်လိမ့်မယ်"

အသံရှင်က ခေတ္တနားလိုက်ပြီး ဆက်ပြောသည်။

"ဒါပေမယ့် သည်ပြဿနာရဲ့အဖြေမှန်ကို စဉ်းစားရင် ရနိုင်ပါတယ်"

ရှောက်လုံမှာ အသံရှင်၏ ဒုတိယပြောလိုက်သည့်စကားကို စိတ်ဝင်စားသွားသည်။

ထို့ကြောင့် ...

အသံရှင်အား မေးလိုက်၏။

"ဒါဆို ပြဿနာရဲ့အဖြေကို ဘယ်လိုစဉ်းစားရင် ရမလဲ"

အသံရှင်က သူ့မှတ်ဆိတ်မွေးကို တစ်ချက်ပွတ်လျက် စဉ်းစားလိုက်ပြီး ...

"နောက်ထပ် လူတစ်ယောက်ကို ရှာရလိမ့်မယ်၊ အဲသည်တုန်းက လုပ်ကြံမှုမှာပါဝင်တဲ့ လူရှစ်ယောက်အနက် တစ်ယောက်ယောက်ကို ရှာရလိမ့်မယ်"

ရှောက်လုံက နားမလည်သလို ဖြစ်သွားပြီး ...



"ဟာ ... ဆရာကြီး စောစောကပြောတော့ အဲသည်ရှစ်ယောက်စလုံးကို ကုန်းမုက ရှင်းပစ်လိုက်ပြီဆို"

အသံရှင်က အေးဆေးစွာ ပြန်လည်ရှင်းပြသည်။

"အေး ... မင်း နားမရှင်းဖြစ်သွားတယ်ထင်တယ်၊ သည်လိုကွယ်၊ ကုန်းမု ရှင်းပစ်ခဲ့တယ်ဆိုတာ သူ့ဂိုဏ်းက သူ့တပည့်ရှစ်ယောက်ကိုသာ ရှင်းပစ်လိုက်တာ၊ အဲသည်တုန်းက သူနဲ့ကြံရာပါ သူ့မိတ်ဆွေ ရှစ်ယောက်ကို ရှင်းပစ်လိုက်တာမဟုတ်ဘူး၊ ဒါဆို မင်း နားလည်ပြီ မဟုတ်လား"

ရှောက်လုံက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် အခုမှ သဘောပေါက်သွားတယ်၊ ဆရာကြီးက အဲသည်လူတွေကိုကော သိလို့လား"

ရှောက်လုံက မျှော်လင့်တကြီးနှင့် မေးလိုက်၏။

"အင်း ... အဲသည်လူ အကုန်လုံးကိုတော့ မသိဘူး၊ ဒါပေမယ့် အဲသည်အထဲက တချို့ကိုတော့ သိတယ်"

ဟု ပြော၏။

ရှောက်လုံ၏မျက်နှာမှာ ရုတ်ခြည်း ဝင်းလက်သွား၏။

အသံရှင်အား အလောတကြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး သိတဲ့လူတချို့ဟာ ဘယ်သူတွေပါသလဲ"

အသံရှင်က ဘာမှ ပြန်မပြောချေ။

သူ၏ဝတ်ရုံအတွင်းသို့ လက်ထိုးနှိုက်လိုက်၏။

ထို့နောက် ...

လက်ဆွဲနှုတ်လိုက်သောအခါ သူ့လက်ထဲတွင် စာရွက်လိပ် တစ်ခုပါလာ၏။

အသံရှင်က လက်ထဲမှအလိပ်ကလေးအား ရှောက်လုံဆီသို့ လှမ်းပေးရင်း ပြောသည်။

"သည်ထဲမှာ ငါသိတဲ့လူတချို့ရဲ့အမည်နဲ့ နေရာကို ရေးထားတယ်၊ အဲသည်စာရွက်အတိုင်း မင်းလိုက်သွားပေတော့"

"ဆရာကြီးက ဘာကြောင့် သည်အကြောင်းတွေ သိနေရတာလဲ"

"ငါ သည်အကြောင်းကို ဘာကြောင့်သိနေသလဲဆိုရင် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ခရီးသွားရင်း ဒဏ်ရာရနေတဲ့ လူတစ်ယောက်ကိုတွေ့ပြီး ကယ်ခဲ့ဖူးတယ်၊ သူဟာ ဒုစရိုက်လုပ်ငန်းတွေကို စိတ်နာပြီး ဘုန်းကြီးဝတ်သွားတယ်၊ သူ့ရင်ထဲမှာ သိမ်းမထားချင်တဲ့ အကြောင်းတွေကို ငါ့ကို ဖွင့်ပြောပြခဲ့တယ်၊ အဲသည်မှာတင် သူ့



အပေါင်းအပါတစ်စုဟာ ကျောက်စိမ်းစားရလိုမှုနဲ့ သူတစ်ပါးကို လုပ်ကြံရင်း အခုလို ဒဏ်ရာရတဲ့အကြောင်း ပြောပြခဲ့တယ်၊ ပြီးတော့ လုပ်ကြံမှုမှာပါတဲ့လူတွေကိုပါ ထုတ်ဖော်ပြောသွားခဲ့တယ်"

အသံရှင်က စကားကို ခေတ္တနားလိုက်၏။

ထိုစဉ် ...

ရှောက်လုံက ကြားဖြတ်၍မေးလိုက်သည်။

"နောက်တော့ သည်ဘုန်းကြီးက ဘယ်ကိုရောက်သွားသလဲ"

အသံရှင်က ရှောက်လုံ၏အမေးကို ဆက်ဖြေလိုက်သည်။

"နောက်တော့ ဘုန်းကြီးဝတ်ကြီးနဲ့ ထွက်သွားတာ သည်နေ့အထိ ပြန်မတွေ့ရတော့ဘူး"

အသံရှင်၏စကားကြောင့် ရှောက်လုံက စကျားမြို့အဝင် လမ်းမကြီးတွင် တွေ့ခဲ့ရသော ဘုန်းတော်ကြီးအား ပြေး၍ သတိရ လိုက်သည်။

ထို့နောက် ...

ရှောက်လုံသည် စဉ်းစားရင်း ခေတ္တငိုင်သွား၏။

အတန်ကြာမှ အသံရှင်အား ကျေးဇူးတင်စကား ပြောလိုက်၏။

"ကျွန်တော့်ကို ခုလို ကူညီပြောပြတဲ့အတွက် ဆရာကြီးကို

www.burmeseclassic.com

www.burmeseclassic.com



အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဆရာကြီးရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူး၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြီးသည်နှင့် ရှောက်လုံမှာ လှည့်ထွက်ခဲ့လေတော့သည်။

✻ ✻ ✻

# နှစ်ကြိမ်မြောက်

လေနအေးမှာ ညနေစောင်းအချိန် တဖြည်းဖြည်း တိုက်ခတ်လာသည်။

အရာအားလုံးသည် မှေးမှိန်စပြုလာ၏။

စကုတောင်ခြေ၏ လမ်းပေါ်တွင် ဆံဖြူအဘိုးကြီးတစ်ယောက် လမ်းလျှောက်နေသည်။

ထိုအဘိုးကြီးမှာ ရုပ်ဖျက်ထားသော ရှောက်လုံပင် ဖြစ်သည်။

ရှောက်လုံမှာ မှန်မှန်လမ်းလျှောက်နေရင်းမှ နှာခေါင်းထဲတွင် သွေးညှီနံ့ ရလာ၏။

ရှောက်လုံသည် ခြေလှမ်းကို ခေတ္တရပ်တန့်လိုက်ကာ အသေအချာ ရှုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

ရုတ်တရက် ဘေးဘက်ရှိ တောအုပ်ထဲသို့ ပြေးဝင်သွားသည်။

သစ်တောအုပ်အတွင်း ရောက်ရှိသည်နှင့် ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

သစ်တောအုပ်အတွင်းတွင် လူသေအလောင်း ကိုးလောင်းခန့် ပြန့်ကျဲကာ လဲကျနေ၏။

ရှောက်လုံမှာ ရုတ်တရက် မြင်လိုက်ရသဖြင့် အမှန်ပင် တုန်လှုပ်သွားမိ၏။

ထို့နောက် ...

ထိတ်လန့်မှုကို ဖြေဖျောက်လိုက်ပြီး ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်လိုက်၏။

ဤတွင် ...

သစ်ပင်တစ်ပင်၏အခေါက်တွင် သွေးစွန်းနေသော ငွေဒင်္ဂါးပြား တစ်ပြား စိုက်ဝင်နေသည်ကို တွေ့ရသည်။

ရှောက်လုံသည် ငွေဒင်္ဂါးကို စိတ်ဝင်စားစွာကြည့်နေစဉ် လူရိပ်တစ်ခုသည် သစ်တောအုပ်အတွင်းသို့ ရိပ်ခနဲ ဖြတ်ဝင်ပြေးသွားသည်ကို တွေ့လိုက်ရ၏။



ရှောက်လုံ စဉ်းစားမနေတော့ဘဲ ထိုအရိပ်နောက်သို့ ချက်ချင်းပြေးလိုက်သွား၏။

"ဟေ့ ... ရပ်လိုက်"

ရှောက်လုံက အော်ဟစ်တားဆီးလိုက်သောကြောင့် စောစောက ဖြတ်ပြေးသွားသော လူရိပ်မှာ ရုတ်တရက် ရပ်တန့်သွားလေသည်။

ရှောက်လုံသည် ထိုလူအနီးသို့ လျင်မြန်စွာ ပြေးသွား၏။

အနီးသို့ရောက်သောအခါ ဖြတ်ပြေးသွားသော အရိပ်ရှင်အားသေသေချာချာ တွေ့လိုက်ရသည်။

ဤတွင် ရှောက်လုံမှာ လွန်စွာအံ့အားသင့်သွားရသည်။

ယခု ...

သူ မမျှော်လင့်ဘဲတွေ့လိုက်ရသူမှာ တစ်ချိန်က သူ၏ ချစ်သူဟောင်း 'ရှမ်းယွင်'ဖြစ်နေသောကြောင့် ဖြစ်သည်။

ရှောက်လုံသည် သူမနှင့် ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ချေ။

ရှောက်လုံနှင့် ရှမ်းယွင်တို့မှာ တစ်ယောက်ကိုတစ်ယောက်အထင်လွဲမှားမှုကြောင့် လမ်းခွဲခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ အဘိုးအိုတစ်ဦးကဲ့သို့ ရုပ်ဖျက်ထားသဖြင့် ရှမ်းယွင်က မမှတ်မိပေ။

ရှောက်လုံကသာ ရှမ်းယွင်အား မှတ်မိခြင်းဖြစ်သည်။

ရှမ်းယွင်းက ခါးကိုကိုင်းလျှက် အရိုအသေပေးရင်း ...

"သြော် ... ဆရာကြီးကိုး"

ရှောက်လုံက အံကိုတင်းတင်းကြိတ်လိုက်သည်။

"မင်း ဘာကြောင့် လူတွေကိုသတ်ရတာလဲ"

ရှောက်လုံ၏စကားကြောင့် ရှမ်းယွင်မှာ ထိတ်လန့်တကြီး ဖြစ်သွား၏။

"ဟင့်အင်း၊ ကျွန်မသတ်တာ မဟုတ်ပါဘူး၊ ဆရာကြီးက ကျွန်မသတ်တာပါလို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

ရှောက်လုံက ...

"အလောင်းတွေဟာ သွေးမစဲသေးတော့ အသတ်ခံရတာ သိပ်မကြာသေးဘူးဆိုတာ သေချာတယ်၊ ပြီးတော့ ဒီအနီးဝန်းကျင်မှာလည်း လူဆိုလို့ မင်းတစ်ယောက်ထဲပဲ တွေ့ရတယ်"

ရှမ်းယွင်က ချက်ချင်း ပြန်မေးလိုက်သည်။

"အဲဒီနားမှာ အမှတ်အသားတစ်ခုကို မမြင်ဘူးလား"



ရှောက်လုံက အသံမာမာဖြင့် ...

"ဘာ အမှတ်အသားလဲ"

"ငွေဒဂါး အမှတ်အသားလေ"

ရှောက်လုံက အနည်းငယ် တွေဝေသွားပြီးမှ ...

"ဒါဆို သေတဲ့လူတွေကိုရော သိလား"

"သေတဲ့လူတွေဟာ နဂါးဂိုဏ်းသားတွေပါပဲ"

"ဘယ်လို ... နဂါးဂိုဏ်းသားတွေ ဟုတ်လား"

"ဟုတ်ပါတယ်"

ရှမ်းယွင်က ဆက်ပြောသည်။

"ဒါနဲ့ နေပါဦး၊ ဆရာကြီးကရော ဒီလို လူသူအရောက်အပေါက်နည်းတဲ့နေရာကို ဘာလုပ်ဖို့ လာတာလဲ"

ရှမ်းယွင်၏အမေးက ရှောက်လုံအား ငိုင်သွားစေ၏။

"အင်း ... ဘာလုပ်ဖို့ရယ် မဟုတ်ပါဘူး၊ ခရီးသွားရင်း ကြုံတဲ့သဘောပေါ့"

ရှမ်းယွင်က ခေတ္တတွေးနေလိုက်ပြီး ...

"ကဲ ... ဆရာကြီး ကျွန်မကို သွားခွင့်ပြုပါဦး"

ရှောက်လုံက ကပျာကယာ ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး"

"ဆရာကြီးက ဘာပြောချင်သေးလို့လဲ"

ရှောက်လုံက ...

"အရိပ်မဲ့လက်ညှိုး ရှောက်လုံကို မင်း သိသလား"

ရှောက်လုံ၏ အမေးစကားကြောင့် ရှမ်းယွင်၏ကိုယ်လုံးလေးမှာ ဆတ်ခနဲ တွန့်သွားသည်။

အတန်ကြာတော့မှ အသံခပ်မာမာဖြင့် ...

"သိပါတယ်၊ ဆရာကြီးက ဘာဖြစ်လို့ မေးရပါသလဲ"

ရှောက်လုံက စိတ်ကိုတည်ငြိမ်အောင် အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်၏။

"ဘာကြောင့်ရယ် မဟုတ်ပါဘူး၊ ရှောက်လုံဟာ ဆရာကြီးရဲ့ မိတ်ဆွေတစ်ဦးမို့ပါ၊ ပြီးတော့ ဆရာကြီးသိရတာ မင်းနဲ့သူ ..."

ရှောက်လုံ၏စကားမဆုံးမီ ရှမ်းယွင်၏ကြားဖြတ်ပြောလိုက်သော စကားသံက ထွက်ပေါ်လာ၏။

"အို ... အဲဒါ မဟုတ်တော့ပါဘူး၊ ကျွန်မနဲ့သူဟာ သိပ်မုန်းတဲ့သူတွေ ဖြစ်သွားပြီ၊ ပြီးခဲ့တာတွေပြီးပြီမို့ ဒီအကြောင်းတွေကို ကျွန်မ ဘာမှ မစဉ်းစားချင်တော့ဘူး၊ အိပ်မက်ပမာ သဘောထားလိုက်ပါပြီ၊



အခု သူဟာ ကျွန်မ နှလုံးသားထဲမှာ မရှိတော့ပါဘူး၊ အခု ကျွန်မ နှလုံးသားထဲမှာ သူ့အစား အခြားတစ်ယောက်ကို နေရာပေးလိုက်ပါပြီ"

ရှောက်လုံ၏ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

"မင်းဆိုလိုတဲ့ အဓိပ္ပာယ်က မင်းမှာ နောက်ထပ်ချစ်ရမယ့်သူ တွေ့နေပြီပေါ့"

ရှောက်လုံက ပိုပြီး ရှင်းလင်းသေချာအောင် မေးလိုက်၏။

ရှမ်းယွင်က ...

"ဟုတ်ပါတယ် ဆရာကြီး၊ ကဲ ... ကျွန်မကို သွားခွင့်ပြုပါဦး"

ပြောပြီး အရိုအသေပေးကာ ထွက်သွားတော့သည်။

ရှောက်လုံမှာ အတန်ကြာသည်အထိ ကျောက်ရုပ်ကြီးပမာ ငိုင်လျက် ကျန်ရစ်လေတော့သည်။

✻ ✻ ✻

"ဟား ... ဟား ... ဟား ..."

ရှမ်းယွင်မှာ အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင် အဝေးသို့ရောက်ရှိသွားတော့မှ ရောက်လုံမှာ တစ်ယောက်တည်း အားပါးတရ ရယ်ချလိုက်လေသည်။

ထိုအခါမှ တင်းကျပ်နေသော သူ့စိတ်သည် ပြေလျော့သွားတော့၏။

"အင်း ... ရှမ်းယွင် ... ရှမ်းယွင်၊ မင်းဘဝရဲ့ နိဂုံးကို မင်းဘာသာမင်း ဖန်တီးသွားပြီပေါ့၊ ကောင်းပါတယ်လေ"

စိတ်ထဲ ရေရွတ်လိုက်သည်။

သူ၏စိတ်ထဲတွင် မ,တင်ထားရသည့် ကျောက်တုံးကြီးမှာ ယခုမှ လွတ်ကျသွားသကဲ့သို့ ရောက်လုံ၏စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးသွား၏။

ယခု ...

သူမဆန္ဒအလျောက် သူမသည် သူ့အား စွန့်ခွာသွားသည်ဆိုသည်မှာ ရှင်းသွားပေပြီ။

ပေါ့ပါးလန်းဆန်းသော စိတ်ဖြင့် ရောက်လုံသည် တောအုပ်အတွင်းမှ ပြေးထွက်ခဲ့တော့၏။

ညနေခင်းနေရောင်ခြည်သည် သူ၏နောက်ကျောပေါ်သို့ ထိုးလိုက်လာ၏။



အတန်ကြာ ပြေးသွားလိုက်လေရာ မကြာပါချေ။

တောင်ကြားဝတစ်ခုသို့ ရောက်ရှိလာလေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## သတ္တိခဲ

ရှောက်လုံ ယခုသွားနေသည့် ခရီးမှာ အသံရှင်ပေးသွားသည့် စာရင်းအရ ပထမဆုံး သွားရောက်ရမည့် ရန်သူထံသို့ ဖြစ်၏။

တောင်ကြားမှာ အလွန်နက်လှသည်။

ဤနေရာသို့ သာမန်လူများ မရောက်နိုင်ချေ။

ထို့နောက် ...

တစ်တိုင်ခန့် လျှောက်လာမိသောအခါ မှောင်ရိပ်ဖြိုးဖျအမှောင်တွင် ခပ်မှိန်မှိန်လင်းနေသော အလင်းရောင်တစ်ခုကို တွေ့လိုက်ရသည်။

ဟင်းရွက်စိုက်ခင်းတစ်ခုက တဲအိမ်တစ်လုံးကို ဝိုင်းရံလျက်ရှိနေသည်။



ထိုတဲအိမ်ရှင်သည် ဤခေါင်သောအရပ်တွင် လာရောက်တိမ်းရှောင် ပုန်းအောင်းနေကြောင်း သိသည်။

ရှောက်လုံက တဲအိမ်၏ သစ်သားတံခါးကို ခေါက်လိုက်ပြီး အေးစက်မာကျောသော အသံဖြင့် ...

"ဘယ်သူ ရှိပါသလဲ"

ရုတ်တရက် ထိတ်လန့်သောအသံဖြင့် အခန်းတွင်းမှ ပြန်ဖြေလိုက်သည်။

"ဘယ်သူလဲ"

"မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်ပါ"

အခန်းတွင်းမှ ထပ်မံ၍ မေးမြန်းလိုက်ပြန်သည်။

"မိတ်ဆွေနာမည် ဘယ်သူလဲ"

"ထွက်ကြည့်ရင် သိပါလိမ့်မယ်"

ရှောက်လုံ၏စကားသံဆုံးသည်နှင့် 'ကျွီ'ခနဲသစ်သားတံခါး ပွင့်သွားပြီး ဝတ်ရုံဝါနှင့်အဘိုးကြီးတစ်ဦး ထွက်လာသည်။

အသက်အရွယ်မှာ ခြောက်ဆယ်ခန့် ရှိ၏။

ထိုဝတ်ရုံဝါနှင့် အဘိုးကြီးက ရှောက်လုံအား သေချာစွာ အကဲခတ် ကြည့်ရှုလိုက်ပြီး အံ့ဩသောအသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က ဘယ်သူပါလဲ၊ ဒီလို လူသူကင်းမဲ့တဲ့အရပ်ကို ဘယ်လိုကြောင့် လာခဲ့ရပါသလဲ"

ရှောက်လုံက အေးစက်သောအမူအရာဖြင့် ...

"ဆရာကြီးဟာ 'မိုးဓားစန့်ကျူး' ဟုတ်ပါသလား"

မေးလိုက်သည်။

ဝတ်ရုံဝါအဘိုးကြီး၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး နောက်သို့ ဆုတ်လိုက်သည်။

ပြီးနောက် နားမလည်နိုင်သောအကြည့်ဖြင့် ကြည့်လိုက်ရင်း ...

"မောင်ရင်က ဘယ်သူပါလဲ"

ရှောက်လုံက မျက်နှာထားတင်းတင်းဖြင့် ...

"အရိပ်မဲ့လက်ညှိုး ရှောက်လုံဆိုတာ ကျုပ်ပဲ"

ဝတ်ရုံဝါနှင့် အဘိုးကြီးက မမြင်ဘူးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး ...

"အရိပ်မဲ့လက်ညှိုး ရှောက်လုံ ဟုတ်လား၊ ကျုပ်တစ်ခါမှ မကြားဘူးပါလား၊ ကျုပ်ဟာ သိုင်းလောကနဲ့ အဆက်အသွယ်ပြတ်နေခဲ့တာ ကြာပြီ၊ နေပါဦး၊ မင်းက ကျုပ်ကို ဘာကိစ္စနဲ့ လာတွေ့ရပါသလဲ"



ရှောက်လုံက မာကျောပြတ်သားသောအသံဖြင့် ပြောလိုက်၏။

"သွေးကြွေးတောင်းဖို့ပါ"

"ဘာ ... ဘာပြောတယ်"

ဝတ်စုံဝါအဘိုးကြီးမှာ မျက်လုံးအစုံ ပြူးကျယ်သွား၏။

ရှောက်လုံက အံတင်းတင်းကြိတ်ကာ ...

"လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က ဟသာမောင်နံနဲ့ ကျောက်စိမ်းဓားတစ်လက်ကိုတော့ မှတ်မိမှာပါနော်"

အဘိုးကြီးမှာ တုန်ယင်သော အသံဖြင့် ...

"ဒါဆို ... မင်း ... မင်း ..."

"ဘယ်လိုလဲ ... ကိုယ့်အလှည့်ရောက်လာတော့ သိပ်ကြောက်နေပြီလား"

အဘိုးကြီးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ် မကြောက်ပါဘူး၊ လုပ်ရဲရင် ခံရဲရမှာပေါ့၊ ခုချိန်က စပြီး မင်းကြိုက်သလို လုပ်နိုင်တယ်၊ ကျုပ်က ဘာမှ မငြင်းလိုဘူး"

ရှောက်လုံက ...

"ခင်ဗျားနဲ့အတူ လုပ်ကြံတဲ့လူတွေဟာ ဘယ်သူလဲ"

အဘိုးကြီးက ခေါင်းကိုခါယမ်းကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဘာမှမေးမနေနဲ့"

ရှောက်လုံက မျက်နှာကို တည်လိုက်၏။

"ဒီလိုဆိုလည်း ကောင်းပြီ၊ ကျောက်စိမ်းခဲဟာ အခု ဘယ်သူ့ လက်ထဲမှာ ရှိနေသလဲဆိုတာပဲ ပြောပါ"

"မသိဘူး"

ရှောက်လုံ ဒေါပွသွား၏။

အဘိုးကြီးကို အေးစက်စွာကြည့်ကာ ...

"နောက်ထပ်မသိဘူးလို့ပြောရင် ချက်ချင်း အသက်ထွက်သွားအောင် လုပ်ပစ်လိုက်မယ်"

ပြောရင်း သူ၏ဓားကို ဆွဲထုတ်လိုက်ပြီး အဘိုးကြီး၏ နှလုံးသားတည့်တည့်သို့ ထောက်လိုက်၏။

"ကဲ ... ပြောစမ်း ကျောက်စိမ်းခဲ ဘယ်မှာလဲ"

အဘိုးကြီးက ရေငုံနှုတ်ပိတ်နေလိုက်၏။

ရှောက်လုံက ဒေါသထွက်ကာ ...

"ကျောက်စိမ်းခဲ ဘယ်သူ့ဆီမှာလဲ၊ ခင်ဗျား တကယ်မပြောဘူးလား"

အဘိုးကြီးစန့်ကျူးထံမှ အသံလုံးဝ ထွက်မလာပေ။



"ကောင်းပြီ ... ခင်ဗျား မပြောလည်း အခြားတစ်ယောက်ကတော့ ပြောမှာပဲ၊ အခု ခင်ဗျားကို မသတ်တော့ဘူး၊ တစ်သက်လုံး လူစဉ်မမီအောင် ခြေထောက်တွေ လက်တွေ ဖြတ်ထားခဲ့မယ်"

ရှောက်လုံ စကားပြောနေစဉ် စန့်ကျူး၏မျက်လုံးအစုံမှာ ချက်ချင်း ပြူးကျယ်သွားပြီး သူ၏ခန္ဓာကိုယ်ကြီးသည်လည်း တစ်ချက်ထိုးတိုးဝင်လိုက်၏။

"အား ... "

နာကျင်စွာအော်လိုက်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

ရှောက်လုံ၏ဓားရှည်မှာ စန့်ကျူး၏ရင်ဘတ်မှ နောက်ကျောသို့ ထုတ်ချင်းဖောက်သွားလေသည်။

စန့်ကျူးမှာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ခြင်း ဖြစ်သည်။

ရှောက်လုံမှာ စန့်ကျူး၏ ရုတ်တရက် အပြုအမူကြောင့် ခေတ္တ ငေးကြောင်သွား၏။

အတန်ကြာမှ လက်ထဲမှဓားကို ဆတ်ခနဲ ဆွဲထုတ်လိုက်၏။

သွေးများ ချက်ချင်းထွက်လာပြီး စန့်ကျူး၏ခန္ဓာကိုယ်ကြီးမှာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံမှာ မကျေမနပ်ဖြင့် အံကိုတင်းတင်းကြိတ်လိုက်သည်။

စန့်ကျူးသည် အဘယ်ကြောင့် ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားပါသနည်း။

ရှောက်လုံမှာ နားမလည်နိုင်အောင် ဖြစ်နေသည်။

ဓားပေါ်မှ သွေးစများအား လဲကျနေသော စန့်ကျူး၏ကိုယ်ပေါ်မှ အဝတ်ဖြင့် သုတ်လိုက်၏။

ထို့နောက် ဓားကို ဓားအိမ်ထဲသို့ ထည့်လိုက်ကာ တဲအိမ်တံခါးအပြင်ဘက်သို့ ထွက်လာခဲ့သည်။

အပြင်ဘက်သို့ ရောက်သောအခါ ဝန်းကျင်တစ်ဝိုက်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုစဉ် ...

လူရိပ်တစ်ရိပ်သည် တဲအိမ်ဆီသို့ ခပ်သွက်သွက် ရွေ့လျားလာနေသည်ကို တွေ့လိုက်ရ၏။

ရုတ်တရက် ရှောက်လုံ၏စိတ်ထဲတွင် တုန်လှုပ်သွားသည်။

ရှောက်လုံသည် သူ၏မျက်နှာဖုံးစွပ်အား ကပျာကယာ စွပ်လိုက်သည်။



ထို ရောက်ရှိလာသူအား ရှောက်လုံ သေချာစွာကြည့်လိုက်သောအခါ ရှမ်းယွင်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရှမ်းယွင်၏လက်နှစ်ဖက်တွင် ကြိမ်ခြင်းနှစ်ခုကို ဆွဲထားပြီး နောက်ကျောတွင် အိတ်တစ်လုံး ပိုးထား၏။

ရှမ်းယွင်သည် တံခါးဝအနီးသို့ ရောက်သည်နှင့် ...

"ဆရာဦးဦး ... မိုးချုပ်နေပြီ၊ ဘာဖြစ်လို့ မပြန် ..."

ရှမ်းယွင်သည် မမျှော်လင့်ဘဲ ရှောက်လုံအား တွေ့လိုက်ရလျှင် စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား၏။

ထို့နောက် ရှောက်လုံအား ထိတ်လန့်တကြားဖြင့် ကြည့်လိုက်ပြီး ...

"ဆရာကြီး ... ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေပြန်တာလဲ"

ပြောရင်း အထဲသို့ ကြည့်လိုက်ရာ စန့်ကျူး လဲကျနေသည်ကို မြင်လျှင် အမြန်ပြေးဝင်သွားပြီး ပွေ့ထူလိုက်သည်။

ထို့နောက် ဓားကို ချက်ချင်းဆွဲထုတ်လိုက်ပြီး ရှောက်လုံဘက်လှည့်ကာ အသံကျယ်ကျယ်ဖြင့် ...

"ဆရာကြီးက ကျွန်မရဲ့ဦးဦးကို သတ်လိုက်တယ်ပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံက အေးဆေးတည်ငြိမ်စွာဖြင့် ...

"ဟုတ်တယ် ... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က သွေးကြွေးကို ယူလိုက်တာပဲ"

ရှမ်းယွင်က နားမလည်နိုင်စွာဖြင့် ...

"ဘာပြောတယ်"

"ကျုပ်ပြောတာ မင်း နားလည်မှာပါ"

ရှမ်းယွင် ဒေါသထွက်သွား၏။

"ကျွန်မရဲ့ဦးဦးကို သတ်တဲ့အတွက် ရှင့်ကို ကျွန်မ လက်တုံ့ပြန်ရလိမ့်မယ်"

ပြောပြောဆိုဆို ရှောက်လုံထံသို့ ပြေးဝင်တိုက်ခိုက်လိုက်တော့သည်။

သူမက တရကြမ်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

သို့သော် ...

ရှောက်လုံမှာ အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်သောကြောင့် ဤတိုက်ကွက်မှလွတ်အောင် ခုန်ထွက်သွားနိုင်လေသည်။

ရှောက်လုံ၏ကိုယ်မှာ တဲအိမ်တံခါးအတွင်းဘက်သို့ ရှောက်သွားသည်။



ရှမ်းယွင်ကလည်း တံခါးအတွင်းဘက်သို့ ထပ်ဆင့် ခုန်ကာလိုက်လာပြီး ရက်စက်သောဓားကွက်များဖြင့် တိုက်ခိုက်လေသည်။

ရှောက်လုံမှာ ထပ်ဆင့် ရှောက်တိမ်းလိုက်ရပြန်သည်။

ဤတစ်ကြိမ်တွင် ရှမ်းယွင်က ထပ်ဆင့်၍ မတိုက်ခိုက်တော့ဘဲ အသံကျယ်ကျယ်ဖြင့် ...

"ဆရာကြီးနာမည် ဘယ်လိုခေါ်သလဲ"

ရှောက်လုံက ခေတ္တစဉ်းစားလိုက်ပြီး ...

"မှတ်ထား ... ငါ့နာမည် 'အမည်မဲ့အဘိုးအို'လို့ ခေါ်တယ်"

"ဘယ်လို အမည်မဲ့အဘိုးအို ဟုတ်လား"

ရှောက်လုံက ခေါင်းကိုညိတ်လိုက်ပြီး ...

"အေး ... ဟုတ်တယ်"

ရှန်းယွင်က အတန်ကြာစဉ်းစားနေပြီးမှ ...

"သိုင်းလောကမှာ ဒီနာမည်ကို တစ်ခါမှ မကြားဖူးဘူး"

ရှောက်လုံက အေးဆေးစွာဖြင့် ...

"အခု ကြားရပြီ မဟုတ်လား"

ရှမ်းယွင်၏မျက်လုံးအစုံတွင် ဒေါသရိပ်တို့က မပျောက်သေးဘဲ ရှောက်လုံအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သိုင်းပညာ လုံးဝမသုံးနိုင်တဲ့လူကို သတ်လိုက်ရတာလဲ"

ရှောက်လုံမှာ ထိုအမေးစကားကြောင့် အံ့သြ တုန်လှုပ်သွားမိသည်။

"ဘာ ... သူဟာ သိုင်းပညာ လုံးဝမသုံးနိုင်တော့ဘူး ဟုတ်လား"

ရှမ်းယွင်က ဒေါသသံဖြင့် ...

"ရှင် မမြင်ဘူးလား"

ရှမ်းယွင်က ရှောက်လုံအား ရန်သူအဖြစ် သဘောထားလိုက်ပြီမို့ ဆရာကြီးဟု မခေါ်တော့ပေ။

"စန့်ကျူးဟာ ဘယ်လိုကြောင့် သိုင်းပညာကို ထုတ်မသုံးတော့တာလဲ"

ရှောက်လုံက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

"ဒါကို ရှင်သိဖို့ မလိုပါဘူး"

ရှမ်းယွင်က ဘုပြောလိုက်သဖြင့် ရှောက်လုံ ဒေါကန်သွား၏။

"ဒါဆို မင်းက ဘာလုပ်ချင်သလဲ"

"ရှင့်ကို လက်စားချေချင်တယ်"



ရှောက်လုံက တစ်ချက်ပြုံးလိုက်၏။

"ဒါပေမယ့် မင်းဟာ ငါနဲ့ယှဉ်လောက်တဲ့အဆင့် မရှိသေးဘူး"

ရှမ်းယွင်က ...

"ကျွန်မသေလည်း မဆန်းဘူး၊ ရှင့်ကို လက်စားချေမယ့်သူ ထပ်ရောက်လာလိမ့်မယ်"

ရှောက်လုံက ...

"မင်းရဲ့ဆရာ ဂူယဲ့ကိုသာ တစ်ခါတည်း ထွက်လာခိုင်းလိုက်ပါ၊ မင်းနဲ့တော့ ကျုပ် မယှဉ်ချင်ဘူး"

"အို ... ကြာပါတယ်"

ရှမ်းယွင်သည် လက်ထဲမှဓားကို ဇွေ့ယမ်းကာ ဝင်ရောက်တိုက်ခိုက်လာပြန်သည်။

ရှောက်လုံက နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်ပြီး အေးဆေးသောအမူအရာဖြင့် လှမ်းအော်ပြောလိုက်သည်။

"မင်းဟာ ကျုပ်ရဲ့မိတ်ဆွေ ရှောက်လုံနဲ့ ပတ်သက်နေလို့ မင်းကို ကျုပ်က မသတ်ချင်ဘူး၊ သွေးကြွေးကို သွေးနဲ့ပဲ ပြန်ဆက်ကြ စတမ်းဆိုရင် အခု ကျုပ်ဟာ စန့်ကျူးဆီကသွေးကြွေးကို သွေးနဲ့ တောင်းယူလိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင်က မာန်တစ်ချက် သွင်းလိုက်ပြီး ပြန်ပြောလိုက်သည်။

"ရှောက်လုံအကြောင်း လုံးဝ ထည့်မပြောနဲ့တော့၊ သူနဲ့ကျွန်မ ဘာမှ မပတ်သက်တော့ဘူး"

သူမသည် ပြောရင်း တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် မေးလိုက်သည်။

"ဒါနဲ့ ရှင်နဲ့အတူလာတဲ့သူက ဘယ်သူလဲ"

ရှောက်လုံမှာ ရုတ်တရက် မျက်လုံးပြူးသွားပြီး ထိတ်လန့်သွားသော လေသံဖြင့် ...

"ဘယ်လို ... ကျုပ်နဲ့အတူလာတဲ့သူ ဟုတ်လား"

ရှမ်းယွင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျွန်မ တောင်ကြားအပြင်ဘက်ကနေ အဲဒီလူထွက်သွားတာ မြင်လိုက်တယ်၊ ဝတ်ရုံညိုနဲ့လူတစ်ယောက်ပဲ၊ ပထမကျွန်မ သတိမထားလိုက်မိပေမယ့် အခုမှ သတိရတယ်၊ ဒီလူဟာ ရှင်နဲ့တစ်ဖွဲ့တည်းဖြစ်မယ် ထင်တယ်"

ရှောက်လုံမှာ မည်သို့မျှ ပြန်မပြောနိုင်ဘဲ ငိုင်သွားသည်။

ထို့နောက် တစ်ဆက်တည်း ပြေး၍ သတိရလိုက်သည်မှာ



ကျောက်စီဓားဂိုဏ်းချုပ် ကုန်းမုနှင့် နဂါးဂိုဏ်းခွဲမှူး လွေ့ရှမ်းတို့ အသတ်ခံရခြင်း ဖြစ်သည်။

ထိုစဉ် လူသတ်သမားသည် အသံရှင်၏ပြောပြချက်အရ ဝတ်ရုံညိုနှင့်လူပင် ဖြစ်၏။

ယခုလည်း ဝတ်ရုံညိုနှင့်လူသည် မိမိနောက်တွင် လိုက်ပါလာသည်ဟု ရှမ်းယွင်က ဆိုပြန်၏။

အလွန်ပင် တိုက်ဆိုင်နေသည်။

ဤသို့ဆိုလျှင် ဝတ်ရုံညိုနှင့်လူသည် မိမိနောက်သို့ တမင်ပင် လိုက်၍နေခြင်းပင်လော။

ထိုလူသည် အဘယ်ကြောင့် မိမိနောက်သို့ လိုက်နေရသနည်း။

ရှောက်လုံမှာ တစ်ခဏအတွင်း စိတ်ထဲ၌ မေးခွန်းပေါင်းများစွာကို အမေးအဖြေလုပ်ပြီးနောက် ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ်နဲ့ ဘယ်သူမှ ပါမလာဘူး၊ ကျုပ်တစ်ယောက်တည်း လာခဲ့တာ"

"ဒါ အမှန်ပဲလား"

ရှောက်လုံက မျက်နှာကိုတည်လိုက်ပြီး ...

"ကျုပ် လိမ်ပြောစရာအကြောင်း လုံးဝ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယွင်မှာ အံ့ဩသောအသွင်ဖြင့် ...

"ဒါဆိုရင်တော့ အတော့်ကို ထူးဆန်းနေပြီ၊ ဒီနေရာတစ်ဝိုက်ကိုလည်း သိုင်းလောက,က ပုဂ္ဂိုလ်တွေ အသွားအလာ သိပ်ရှိတာ မဟုတ်ဘူး၊ အင်း ... ကေ့ွ သည်လူဟာ နဂါးဂိုဏ်းသားတွေကို သတ်ခဲ့တဲ့လူပဲ ဖြစ်ရမယ်"

ရှမ်းယွင်၏ စကားဆုံးသွားသောအခါ ရှောက်လုံမှာ လွန်စွာ တုန်လှုပ်သွား၏။

ထို့နောက် ...

သူ့ပါးစပ်မှ ရုတ်တရက် 'ငွေဒဂါး'ဟု အော်ဟစ်ကာ နေရာမှ ပြေးထွက်သွားတော့၏။

ရှမ်းယွင် ရုတ်တရက်မို့ မည်သို့မျှ မတုံ့ပြန်နိုင်ဘဲ ငေးကြောင်လျက် ကျန်ရစ်ခဲ့လေသည်။

✻ ✻ ✻

## ငွေဒဂါး

ညအမှောင်ထုက တောတောင်တစ်ခုလုံးကို လွှမ်းအုပ်ထား၏။

မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသည့် ကြယ်ရောင်ကလေးများက အမှောင်ထုကို ဖြိုခွင်းရန် ကြိုးစားနေသည်။

ရှောက်လုံသည် ခရီးတစ်ထောက်ပြေးလာပြီး ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ချကာ အနားယူလိုက်သည်။

ယခုအချိန် သူတွေ့ချင်သည်က ဝတ်ရုံညိုနှင့်လူပင် ဖြစ်သည်။

ရှောက်လုံထိုင်၍ အနားယူနေစဉ် သူ၏အတွေးအိမ်ထဲသို့ ရှမ်း ယွင် ရောက်ရှိလာ၏။

သို့သော် ...

ထိုအတွေးကို သူက ချက်ချင်းကြိုးစား၍ ဖျောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိအား မခင်တွယ်ဘဲ ရင်ခွင်အသစ်သို့ ပြောင်းသွားသူအား မတွေးတာအကောင်းဆုံး ဖြစ်လိမ့်မည်ဟု သူက စဉ်းစားဆုံးဖြတ်လိုက်၏။

ယခုအချိန်သည် အားလုံးကို ကျော်ဖြတ်ခဲ့ပြီ ဖြစ်သည်။

အတိတ်မှ အရိပ်တို့သည် အိပ်မက်သဖွယ် ကျန်ရစ်ခဲ့၏။

ရှောက်လုံမှာ စဉ်းစားရင်း စိတ်ရှုပ်ထွေးနေစဉ် ...

"အား ..."

တိတ်ဆိတ်မှောင်မိုက်နေသော ညကာလတွင် အသံနက်ကြီးက ဟိန်းထွက်သွား၏။

ရှောက်လုံမှာ အသံကြီးကြောင့် အတွေးအာရုံမှ လန့်နိုးသွားကာ အသံလာရာဆီသို့မှန်း၍တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

✻ ✻ ✻

လူရိပ်တစ်ခု ...

မှောင်မိုက်နေသော ညဉ့်လွှာရုံအောက်တွင် လျင်မြန်စွာ ရွေ့လျားနေ၏။



ရှောက်လုံ၏ခြေလှမ်းတို့က ထိုလူရိပ် ရွေ့လျားသည့်နေရာသို့ ဦးတည်နေသည်။

ရှောက်လုံရောက်သွားချိန်တွင် လူရိပ်သုံးခု မြက်ခင်းပြင်ပေါ်ဝယ် လုံ့လျောင်းနေသည်ကို တွေ့လိုက်ရသည်။

ရှောက်လုံက အနီးသို့တိုးကပ်ကြည့်လိုက်သည်။

လူသန်ကြီးနှစ်ဦးနှင့် အဘိုးကြီးတစ်ဦးတို့မှာ လဲကျနေသည်ကို ပြတ်ပြတ်သားသား တွေ့ရ၏။

အဘိုးကြီးမှာ အသက်မသေသေးပါချေ။

ရှောက်လုံက အဘိုးကြီးအား ပွေ့ထူကာ ...

"ဘယ်သူ့ လက်ချက်လဲ"

အဘိုးကြီး၏မျက်လုံးအစုံဟ ပွင့်မလာ။

သို့သော် အသံမှာ အလွန်တိုးညှင်းလျက် ...

"ငွေဒဂါး ..."

ဤစကားသုံးလုံးမျှ ပြောပြီးသည်နှင့် အဘိုးကြီးမှာ တစ်ချက်တွန့်သွားပြီး အသက်ထွက်သွားလေသည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ငွေဒင်္ဂါး ...

ဤအမည်ကို ကြားလိုက်ရသည်နှင့် ရှောက်လုံ၏စိတ် လှုပ်ရှားသွားရသည်။

စောစောက ရိပ်ခနဲပြေးသွားသူသည် ငွေဒင်္ဂါးပင် ဖြစ်လိမ့်မည်။

ထိုစဉ် ...

လူရိပ်တစ်ခုသည် ရှောက်လုံ၏ရှေ့သို့ ရိပ်ခနဲ ရောက်ရှိလာ၏။

ရှောက်လုံ၏စိတ်ထဲတွင် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး လက်ဝါးနှစ်ဖက်ကို မြှောက်လိုက်ပြီး တိုက်ခိုက်ရန် ကြိုတင်ပြင်ဆင်လိုက်၏။

ထို့ပြင် ...

နှုတ်မှလည်း ကျယ်လောင်စွာအော်လိုက်သည်။

"ငွေဒင်္ဂါး ..."

"ဘယ်မှာလဲ ငွေဒင်္ဂါး"

ဒုတိယအသံမှာ ရောက်ရှိလာသော လူရိပ်ထံမှ ထွက်ပေါ်လာခြင်း ဖြစ်၏။

ထိုအသံကို သူကြားဖူးသလိုလို ရှိသည်။

ထို့ကြောင့် ရှောက်လုံက လူရိပ်အား သေချာစွာကြည့်လိုက်၏။



"သြော် ... ဆရာကြီးကိုး"

မိမိရပ်ဖျက်ထားသည်ကို မေ့လျော့ကာ ရှောက်လုံ လွှတ်ခနဲ ပြောလိုက်မိသည်။

စင်စစ် ရုတ်တရက် ရောက်ရှိလာသူမှာ အသံရှင်ပင် ဖြစ်သည်။

အသံရှင်က တဟားဟား ရယ်မောလိုက်ပြီး ...

"သြော် ... မောင်ရှင်ကိုး၊ သိပ်တော်ပါပေတယ်၊ မင်းရဲ့မျက်နှာဖုံးစွပ်ပညာဟာ တော်တော်လည်း အသက်ဝင်လှပါတယ်၊ ငါတောင် မျက်စိလည်သွားတယ်"

ရှောက်လုံမှာ မိမိ၏သတိမဲ့မှုကြောင့် ဟန်ဆောင်မှု ပေါ်သွားတော့၏။

အသံရှင်က ရှောက်လုံအား မေးလိုက်သည်။

"မင်း ခုနပြောတဲ့ ငွေဒင်္ဂါးဆိုတာ ဘယ်သူလဲ"

ရှောက်လုံက ...

"ငွေဒင်္ဂါးဆိုတာ ဒီတစ်နေ့တည်းမှာပဲ လူသတ်မှုနှစ်ကြိမ်ကျူး လွန်ခဲ့တဲ့သူပဲ၊ အခု ဒီလူသုံးယောက်ကိုလည်း ငွေဒင်္ဂါးကပဲ သတ်သွားတာပါ"

အသံရှင်က ရှောက်လုံအား ရုတ်တရက် ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူ့ကို တွေ့လိုက်လို့လား"

ရောက်လုံက ခေါင်းခါယမ်းပြရင်း ...

"သေသေချာချာတော့ မတွေ့လိုက်ရပါဘူး၊ ဒါပေမယ့် နောက်ကျောအရိပ်ကိုတော့ မြင်လိုက်ရတယ်"

အသံရှင်သည် ရောက်လုံကို တစ်ချက်ကြည့်လိုက်သည်။

"ဒါနဲ့မင်းက ဘာကြောင့် ငွေဒင်္ဂါးလို့ အတတ်ပြောနိုင်တာလဲ"

"အသတ်ခံရတဲ့လူတွေ မသေခင်ပြောသွားတဲ့ စကားအရပါ"

အသံရှင်သည် သေနေသူများဘက်သို့ လှည့်ကြည့်ပြီးကာ ပြောလိုက်သည်။

"ဟာ ... ဒီဗြိုဟ်သုံးကောင် သိုင်းလောကထဲမရောက်တာ ကြာပြီပဲကိုး"

ပြောပြီးသည်နှင့် အသံရှင်မှာ ရှေ့သို့တိုး၍ ခါးကိုကိုင်းကာ သေနေသူများအား အတန်ကြာအောင် ကြည့်နေသည်။

ထို့နောက် ...

နောက်ဆုံးလူ၏ မျက်ခုံးမွေးနှစ်ခုကြား နေရာကို ကိုင်ကြည့်လိုက်သည်။

ထိုအခါ ...



ထိတ်လန့်တကြီးဖြင့် ...

"အင်း ... သိပ်ဟုတ်တာပေါ့၊ သူပဲ"

ရောက်လုံက အနီးသို့တိုးကပ်ကာ ကြည့်မိ၏။

သေသူများ၏ မျက်ခုံးမွေးနှစ်ခုကြားတွင် သွေးကြောင်းငယ်များကို ဝိုးတဝါး တွေ့လိုက်ရ၏။

သွေးကြောင်းများမှာ အလွန်သေးငယ်လှသဖြင့် ညအခါ အလွယ်တကူ မမြင်နိုင်ချေ။

ရောက်လုံမှာ ရုတ်တရက်မို့ ကျောက်စီဓားကိုဇာချုပ် ကုန်းမှ ၏နောက်စေ့မှ ဒဏ်ရာများအား သတိရလိုက်၏။

ရောက်လုံ၏စိတ်မှာ ထိတ်လန့်တုန်လှုပ်မှု ချက်ချင်းဖြစ်ပေါ်လာသည်။

ဤငွေဒင်္ဂါးသည် မိမိသွားရရာနောက်သို့ တောက်လျှောက်လိုက်နေခြင်းမှာ မည်သို့သောအကြောင်းကြောင့် ဖြစ်သနည်း။

နေ့လယ်က သစ်တောအတွင်း လူတွေသတ်ခဲ့စဉ်က အမှတ်အသား ထားခဲ့၏။

ယခု ဤလူသုံးယောက် သတ်ရာတွင်တော့ အမှတ်အသား လုံးဝ မထားရှိခဲ့ပြန်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ဤငွေဒဂ်ါး၏ လှုပ်ရှားမှုအား အမှန်းရခက်နေ၏။

ရှောက်လုံက မတ့်တတ်ရပ်လိုက်ပြီး အသံရှင်အား အကဲခတ်ကြည့်လိုက်သည်။

အသံရှင်က အကင်းပါးသည်။

ရှောက်လုံ၏စိတ်အား ဖောက်ထွင်းကာ မြင်နေသကဲ့သို့ရှိ၏။

"မောင်ရင်က ကျုပ်ကို ငွေဒဂ်ါးလို့ ထင်နေသလား"

မိမိစိတ်ထဲတွင် ရှိနေသည့်အချက်ကို တည့်တည့်ကြီး အမေးခံလိုက်ရသဖြင့် ရှောက်လုံမှာ မည်သို့ပြန်ဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော် ...

ရှောက်လုံက စိတ်ထဲတွင်ရှိသည်ကို မကွယ်ဝှက်ဘဲ အမှန်အတိုင်း ပြောလိုက်၏။

"ကျွန်တော် စိတ်ထဲမှာတော့ သည်လိုပဲထင်နေတယ်၊ ဘာကြောင့်လဲဆိုတော့ တိုက်ဆိုင်မှုတွေ သိပ်များနေလို့ပါ"

အသံရှင်က တစ်ချက်ပြုံးလိုက်၏။

"ဒါပေမယ့် ကျုပ်မဟုတ်တာကတော့ ခက်နေတယ်"



ရှောက်လုံက အဘိုးကြီးအား တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဆရာကြီး မဟုတ်ဘူးပေါ့"

အသံရှင်က ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်၏။

"လုံး၀ မဟုတ်ဘူး၊ ကျုပ် သည်နေကိုရောက်လာတာဟာ နဂါးကိုဏ်းက အဆင့်မြင့် သိုင်းသမားတွေနောက်လိုက်ရင်း ရောက်လာတာပဲ၊ သူတို့ဟာလည်း အထက်အမိန့်အရ ပျောက်ဆုံးနေတဲ့ မိုးဓား စန့်ကျူးကို လိုက်ရှာနေတယ်ဆိုတာ သိရလို့ပဲ"

"ဟင် ..."

ရှောက်လုံစိတ်ထဲတွင် အာမေဋိတ်သံတစ်ချက် ထွက်သွား၏။

သို့သော် ...

အသံရှင်အား အမှန်ကိုပြောပြရန် ဝန်လေးနေ၏။

ရှောက်လုံ မျက်လုံးတစ်ချက်ပင့်ပြီး မေးလိုက်၏။

"ဘာကြောင့် လိုက်ရှာနေရတာလဲ"

အသံရှင် ပြန်ဖြေသည်။

"သူတို့ ဘာကြောင့် မိုးဓားစန့်ကျူးကို လိုက်ရှာနေရသလဲဆိုတဲ့ အချက်ကို သိချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်၏အဖြေမှာ ပဟေဠိဆန်နေသည်။

"ဒါဆို ငွေဒင်္ဂါးက ဘာကြောင့် နဂါးဂိုဏ်းသားတွေကို သတ်နေရတာလဲ"

ရှောက်လုံ၏အမေးကို အသံရှင်က အေးဆေးစွာ ပြန်ဖြေသည်။

"ဒါတော့ ကျုပ်လည်းမသိဘူး၊ အဲသည်ဂြိုဟ်ဆိုးကောင်တွေဟာ လူသတ်တဲ့နေရာမှာ အင်မတန် ဝါသနာကြီးတယ်၊ ဘယ်လူပဲဖြစ်ဖြစ် သူတို့နဲ့တိုးရင်တော့ အကြောင်းမရှိဘဲ သတ်သွားချင်သတ်သွားတယ်"

ရှောက်လုံက သူသိချင်နေသောအချက်ကို ထပ်ဆင့်၍မေးလိုက်လေသည်။

"သူက လူသတ်တိုင်း သည်လိုပဲ အမှတ်အသားကို ထားသွားတတ်သလား"

"တစ်ခါမှ မကြားမိသေးဘူး၊ ဒါပေမယ့် သူလူသတ်သွားတဲ့အခါ ထူးဆန်းတဲ့ လက်နက်ပုန်းသုံးတယ်ဆိုတာတော့ သိနိုင်တယ်"

ရှောက်လုံက စိတ်ဝင်စားသွားဟန်ဖြင့် ...

"ဘယ်လို လက်နက်ပုန်းဖြစ်မလဲ"

အသံရှင်က တစ်ချက်စဉ်းစားလိုက်ပြီး ...



"အလွန်ပါးလွှာတဲ့ ငွေဒင်္ဂါးလေးပဲ ဖြစ်နိုင်တယ်"

"သူက ဓားကိုရော သုံးတတ်သလား"

အသံရှင် ခေါင်းခါယမ်းလိုက်သည်။

"ဓားကိုတော့ သူ မသုံးတတ်ဘူး"

ရှောက်လုံ၏မျက်နှာပေါ်တွင် နားမလည်နိုင်အောင် ဖြစ်သွားပြီး ...

"ဒါဆို နေ့လယ်ကတွေ့ရတဲ့ အလောင်းရှစ်လောင်းဟာ ဓားဒဏ်ရာတွေနဲ့ သေဆုံးနေတာ တွေ့ရတယ်၊ အဲသည်လူတွေရဲ့ အနီးသစ်ပင်တစ်ပင်မှာ ငွေဒင်္ဂါးအမှတ်အသား ထားခဲ့တယ်"

အသံရှင်က တအံ့တဩဖြင့် ...

"အင်း ... ဒါဆို ဒီကိစ္စရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနိုင်တယ်၊ ဒါနဲ့ မောင်ရင် ဒီကို ဘယ်လိုရောက်နေတာလဲ"

ဤတွင် ရှောက်လုံက မိုးဓားစန့်ကျူးအား ရှာဖွေသုတ်သင်ပုံကို ရှင်းပြလိုက်၏။

ရှမ်းယွင်အကြောင်းကိုမူ ထိန်ချန်ထားလေသည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လုံ၏စကား နားထောင်နေပြီးနောက် အသံရှင် သက်ပြင်းတစ်ချက် ချလိုက်၏။

"မိုးဓားစန့်ကျူး သေသွားခဲ့တာမှန်ရင် မိုက်ရူးရဲ့ဂူယဲ့က မင်းကို အလွတ်ပေးလိမ့်မယ် မထင်ဘူး"

ရှောက်လုံ သက်ပြင်းချကာ ...

"ကျွန်တော့် မိဘနစ်ပါးအတွက် သွေးကြွေးဆပ်ဖို့ကလွဲရင် ဘာမှ အရေးမစိုက်တော့ပါဘူး"

ထိုစဉ် ...

စကားသံတစ်ခုက သူတို့ထံ ပျံ့လွင့်လာ၏။

* * *

စကားသံနှင့်အတူ လူရိပ်တစ်ခုသည်လည်း သူတို့ရှေ့သို့ ရောက်ရှိလာသည်။

ပိုင်ကွမ်းပင် ဖြစ်သည်။

ပိုင်ကွမ်းက ပြုံးရင်း ...

"ဂူယဲ့က လက်စားချေဖို့အကြောင်း မရှိပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ သူက သိုင်းလောကထဲကို ဘယ်တော့မှ ဝင်လာတော့မှာ မဟုတ်ဘူး"



ရှောက်လုံ အံ့အားသင့်သွားကာ ...

"ဘာကြောင့်လဲ"

"ဒါဟာ မပြောအပ်တဲ့ လျှို့ဝှက်တစ်ခုမို့ ကျုပ် မပြောပြနိုင်တာ ခွင့်လွှတ်ပါ"

ရှောက်လုံက ...

"ကောင်းပြီလေ ... ဒီလိုဆို ကျုပ်သိချင်တာ တစ်ခုပဲမေးမယ် စန့်ကျူးဟာ ဘာကြောင့် သိုင်းပညာ မဲ့သွားရတာလဲ"

ပိုင်ကွမ်းမှာ ယခုထက်တိုင် ရှောက်လုံအား မသိသေးဘဲ စုကျားမြို့လမ်းမပေါ်၌ တွေ့ခဲ့စဉ်ကလို မြင်းလှည်းသမားအဘိုးအိုဟု ပင် ထင်မှတ်နေသေးသည်။

သူက အေးဆေးစွာ ပြောလိုက်၏။

"တကယ်တော့ စန့်ကျူးရဲ့သိုင်းပညာကို ဖျက်ဆီးပစ်လိုက်တဲ့သူက ဂူယဲ့ကိုယ်တိုင်ပါပဲ"

"သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ရှောက်လုံက မယုံကြည်နိုင်စွာဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွမ်းက ...

"သူတို့မှာ မပြေမလည် ဖြစ်နေတဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ ရှိနေတယ်လေ၊ ဘာကြောင့်လဲဆိုတာတော့ ကျုပ်လည်း သိပ်မသိဘူး"

ဂူယဲ့ကိုယ်တိုင် သူ့ညီတော်၏သိုင်းပညာအား ဖျက်ဆီးပစ်လိုက်ခြင်းမှာ အရေးကြီးသော အကြောင်းတစ်ရပ်ရှိရမည်ဟု ခန့်မှန်းနိုင်ပေသည်။

ရှောက်လုံက ပိုင်ကွမ်းအား အကဲခတ်ကြည့်ကာ ...

"ဒါထက် ခင်ဗျားက ဘယ်လိုကြောင့် ဒီကိုရောက်လာတာလဲ"

"ကျုပ်တို့ဂိုဏ်းက ထွက်ခွာသွားတာ ကြာပြီဖြစ်တဲ့ တုကူးယင်းကို လိုက်ရှာနေတာပါ"

ပိုင်ကွမ်းက ထိုမျှသာပြောပြီးနောက် ရှောက်လုံအားနှုတ်ဆက်ကာ ထွက်ခွာသွားတော့၏။

အသံရှင်က ...

"ပြဿနာကတော့ တဖြည်းဖြည်းနဲ့ ပိုရှုပ်လာပြီ၊ မင်းရဲ့ပင်ကိုရုပ်မပေါ်အောင် သတိထားပါ၊ ဒီကိစ္စမှာ ငွေဒဂါးလည်း ပတ်သက်နိုင်တယ်"



ရုတ်တရက် သူက စကားဖြတ်ကာ ရှောက်လုံ၏လက်ကိုဆွဲရင်း သစ်ပင်တစ်ပင်နောက်ကွယ်သို့ ပြေးဝင်သွားသည်။

သူတို့ ပုန်းအောင်းပြီးမကြာမီ လူရိပ်နှစ်ခုပြေးလွှားလာလေတော့သည်။

✻ ✻ ✻

လူရိပ်နှစ်ခုသည် တောအုပ်အတွင်းရှိ လူသေအလောင်းသုံးခုဆီသို့ တရွေ့ရွေ့ ရောက်ရှိလာသည်။

တစ်ယောက်မှာ အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်မှာ ငွေရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်ပေသည်။

အသံရှင်က လေသံတိုးတိုးဖြင့် ...

"အဲဒီမိန်းကလေးက ငါ့ရဲ့ရန်သူ တုကူယင်ပဲ၊ ဟိုအဘိုးကြီးကတော့ ငွေဒဂါးဟန်စန်းပဲ"

ထိုစဉ် ငွေရောင်ဝတ်ဆင်ထားသော ငွေဒဂါးဟန်စန်းထံမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"တုကုယင် ... မင်း ဘာကြောင့်လူတွေသတ်ပြီး သစ်ပင်ပေါ်မှာ ငွေဒင်္ဂါးအမှတ်အသား လုပ်ထားခဲ့ရတာလဲ"

တုကုယင် ခေါင်းခါယမ်းကာ ...

"ကျွန်မက ဘာကြောင့် ဒီလိုလုပ်ရမှာလဲ"

သူတို့ပြောနေကြသည့် စကားများအရ လူရှစ်ဦးကိုသတ်ခဲ့ရသူမှာ တုကုယင်ဖြစ်ပြီး သစ်ပင်ပေါ်၌ စိုက်လျက်ထားခဲ့သော အမှတ်အသားမှာ တုကုယင်ထားခဲ့သည့် အမှတ်အသားမဟုတ်ချေ။

ဤသို့ဆိုလျှင် အမှတ်အသားအား မည်သူက ထားရှိခဲ့သနည်း။

ရှောက်လုံ တွေးတောနေစဉ် အသံရှင်က ...

"ရှောက်လုံ ... ကျုပ်က တုကုယင်နဲ့တွေ့တုန်း စာရင်းရှင်းပစ်ချင်တယ်၊ ဒီတော့ မင်းက ငွေဒင်္ဂါးဟန်စန်းကို မျှားခေါ်သွားပါ"

ရှောက်လုံ ခေါင်းညိတ်ပြလိုက်ပြီး ...

"ကောင်းပါပြီ ဆရာကြီး"

ထို့နောက် ...

သူက ရုတ်ခြည်း ခုန်ထွက်လိုက်ပြီး ...

"ဟန်စန်း ... ခင်ဗျား မသေသေးဘဲကိုး၊ ကျုပ်က တွေ့ချင်နေတာနဲ့ အတော်ပဲ"



တုကုယင်က သူ့အားမြင်လျှင် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"အမည်မဲ့အဘိုးအိုဆိုတာ သူပေါ့"

ဟု တီးတိုးပြောလိုက်၏။

ဟန်စန်းက ...

"နောင်ကြီးက ဝိညာဉ်အလံရဲ့ညီဆိုတာ ဟုတ်လား"

ရှောက်လုံက ငြိမ်သက်စွာရပ်နေရင်း ပြန်ပြောသည်။

"သူများရဲ့စကားကို မယုံကြည်ပါနဲ့"

ဟန်စန်းမှာ ရှောက်လုံအား မည်သို့မျှပြန်မပြောဘဲ လေထဲသို့ ခုန်တက်လိုက်၏။

ဤတွင် ရှောက်လုံကလည်း နေရာရွှေ့၍ ရှောင်တိမ်းလိုက်၏။ ရှောက်လုံ ရှောင်တိမ်းလိုက်သည်မှာ နောက်ဘက်သို့ ဖြစ်၏။

ထို့ကြောင့် ...

သူတို့နှစ်ဦး၏ အကွာအဝေးမှာ ပို၍ ဝေးသွားလေသည်။

"ကျုပ်ကိုမီအောင် လိုက်နိုင်မလား"

ရှောက်လုံကပြောပြီး တစ်ဟုန်ထိုး ပြေးထွက်သွား၏။

ဟန်စန်းကလည်း အားကျမခံ ပြေးလိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် ပြေးသွားကြရာ တကူယင်တို့နှင့် ဝေးကွာသောအရပ်ဆီသို့ ရောက်ရှိသွားကြသည်။

ရှောက်လှံသည် မြေကွက်လပ်တစ်ခုရှေ့သို့ရောက်လျှင် ခြေလှမ်းတုန့်ခနဲရပ်သွားကာ ဟန်စန်းနှင့် မျက်နှာချင်းဆိုင်ကာ ရပ်နေလိုက်တော့သည်။

ပထမပိုင်း ပြီး၏

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com